
www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

ယောက်ျားတိုင်းရဲ့ရင်ထဲမှာ မျှော်မှန်းထားတဲ့ နတ်သမီး တစ်ယောက်တော့ ရှိမှာအမှန်ပဲ။

ကိုယ်မျှော်မှန်းထားခဲ့တဲ့ နတ်သမီးတစ်ယောက်ဟာ ကိုယ့်ချစ်သူတလေး ဖြစ်လာမှာပဲလို့။

ဒါပေမဲ့ ...

မနေသစ်အတွက်တော့ အလှပဆုံး နတ်သမီးကလေး ဖြစ်လာ မလာ မသိနိုင်ပါဘူး။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ညီဘဝပျက်စီးသွားပြီ မြင့်မေ။

မင်းကြောင့် ညီဘဝတစ်ခုလုံး အလင်းပေါက်မရှိအောင် ပျက်စီးသွားခဲ့ပြီ။

ငါ့ညီဘဝကို ဖျက်ဆီးခဲ့တဲ့ မင်းကို

ငါ နောင်ဘဝ ကူးသွားတောင် ဘယ်တော့မှ မကျေနပ်ဘူး။

ဝေနသစ်

"ကိုကို — အချစ်ဆိုတာ ပူလောင်သလားဟင်၊ ကျွန်တော်တော့ မကကိုချစ်မိတဲ့ နှလုံးသား ခံစားချက်တွေနဲ့ ကြေကွဲနေပြီဗျာ၊ မကက ကျွန်တော့်ကို အထင်မကြီးဘူးဗျ၊ မိန်းကလေးတစ်ယောက်က သူအထင်ကြီးတဲ့ လူတစ်ယောက်ကိုသာ ချစ်ခင်စွဲလမ်းတယ် ကိုကို၊

သူ အထင်ကြီးတဲ့သူကို ကျွန်တော်သိနေတယ် ကိုကို"

ဟန်းသာ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

"ဟန်းသာရယ် ငါ နှင့်ကို ဘယ်လိုမှ ခံစားလို့မရတာ ငါ့ကို ခွင့်လွှတ်ပါဟာ။

ငါ နှင့်ကို မချစ်ခဲ့ဘူး၊ ငါ့ဘက်က နှင့်နှလုံးသားလေးကို ရှုံးရှုံးမူးမူး ဖြစ်သွားအောင် နှင့် အစ်ကိုကို မခံချင်စိတ်နဲ့ အရွဲ့တိုက်မိတာ ငါ့ကို ခွင့်လွှတ်ပါ ဟန်းသာရယ်၊

တကယ်တော့ ငါချစ်ခဲ့တဲ့ လူတစ်ယောက် က ငါ့ကို လိမ်ညာဟန်ဆောင်ပြီး အပျော်တမ်း စာပေးခဲ့လို့ ငါ့နှလုံးသားက ရှုံးမိုက်ပြီး ချစ်ခဲ့မိ တာ ငါမှားသွားခဲ့ပြီ၊

နှင့်အစ်ကိုလည်း ငါ့ကို ညာခဲ့တာပဲ ဟန်းသာ၊ အဲဒီအတွက် ငါ မမှားခဲ့ပါဘူး။

မြင့်မခ

# အခန်း (၁)

ဒီနေ့လောက် မခ စိတ်လှုပ်ရှား ရင်ခုန်ခဲ့တာမရှိ။ သူမရဲ့ ဘဝအမောတွေကြားမှာ ထပ်မံပြီး မောပန်းနွမ်းနယ်စေခဲ့သည့် စိတ်ခံစားချက်တွေနဲ့ ကုမ္ပဏီပိုင်ရှင် အကြီးအကဲအရှေ့သို့ တွေ့ဆုံခွင့်ရဖို့ ရုံးအကူဝန်ထမ်းကလေးကို တောင်းဆိုပြီးခဲ့ပါပြီ။

ကုမ္ပဏီပိုင်ရှင်ကို လုပ်ငန်းကိစ္စနဲ့ တွေ့ဆုံပါရစေလို့ တောင်းဆိုထားတဲ့ သူမကို ရုံးဝန်ထမ်းကောင်လေးက အရူးမလေးလို့တောင် အထင်သေး ရှုတ်ချတဲ့ မျက်လုံးတွေနဲ့ကြည့်ကာ သူတို့ကုမ္ပဏီပိုင်ရှင်ကို သွားတောင်းဆိုပေးခဲ့သဖြင့် သူမကို ကုမ္ပဏီပိုင်ရှင်က ရုံးခန်းထဲသို့ ဝင်တွေ့ခွင့်ပြုလိုက်ပါသည်။

ခုနှစ်စဉ်ကြယ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အို ... သူမ ကုမ္ပဏီပိုင်ရှင်နဲ့ တွေ့ရင် ဘယ်စကားကို ဘယ်က စပြီးပြောရမှာပါလိမ့်။ ပြီးတော့ ဒီကုမ္ပဏီပိုင်ရှင် သူဌေးဟာ သူမနဲ့ရင်းနှီးကျွမ်းဝင်ခဲ့တဲ့ သူဌေးတစ်ယောက်လည်း မဟုတ်။

တော်ပါသေးရဲ့၊ လုံးဝသိမထားတဲ့ ညှိသည်တစ်ယောက်ကို ကုမ္ပဏီပိုင်ရှင်သူဌေးက လက်ခံတွေ့ဆုံခွင့်ပြုလိုက်လို့။

အင်း ... ကုမ္ပဏီပိုင်ရှင်သူဌေးရဲ့ စိတ်ဓာတ်ဟာ မည်သူ့အပေါ်မှ ခွဲခြားတတ်တဲ့ စိတ်မရှိတူးဆိုတာ သူမ ခန့်မှန်းသိရှိသွားခဲ့ရပြီမို့ စိတ်ထဲမှာ လွတ်လပ်ပေါ့ပါးသွားသလို ခံစားလိုက်ရသည်။

သူမဘဝကို ပြန်တွေးကြည့်မိသောအခါ ဝမ်းနည်းကြေကွဲသွားပါသည်။

တစ်ခါတစ်ခါကျ သူမ စိတ်လွတ်ကိုယ်လွတ် စွတ်ရွတ်ပြီး ထွက်ပြေးချင်သည့်ဆန္ဒတွေ ရင်ထဲမှာ ဖုံးလွှမ်းသွားရလေသည်။

"ဟင်"

ခေါင်းကလေး ငိုက်စိုက်ချကာ လျှောက်လာခဲ့သည့် သူမ မြင်ကွင်းတည့်တည့်အရှေ့မှာ 'ရုံးခန်း' ဟု ခေါင်းစဉ်တပ်ထားသည့် ဆီးရောင်မှန်တံခါးချပ်တွေနဲ့ ကာရံထားသည့် အခန်းကျယ်တစ်ခုကို တွေ့လိုက်ရသဖြင့် သူမ ခေါင်းကလေး ထောင်မတ်သွားရပါသည်။





ဝမ်းနည်းအားငယ်စိတ်တွေနဲ့ စိုးရွံ့ထိတ်လန့်စွာ ငုံ့ကိုင်းနေတဲ့ ခေါင်းကလေးကို ထောင့်မတ်လိုက်ကာ ရုံးခန်းဟု တပ်ထားသည့် အခန်းတံခါးကလေးကို အတန်ကြာအောင် မော့ကြည့်နေလိုက်မိသည်။

စိတ်တွေ အရမ်းလှုပ်ရှားနေလို့လားမသိ။ တစ်ကိုယ်လုံး အသားတွေ တုန်ချင်လာတာ ရပ်ထားတဲ့ ခြေထောက်ကလေးတွေ တောင် ယိုင်နဲ့ချင်လာရသည်။

မြတ်စွာဘုရား ... ငါ ငါ ဘာဖြစ်လို့ ဒီလောက် စိတ်လှုပ်ရှားနေရတာလဲ။ ကုမ္ပဏီပိုင်ရှင်သူဌေးတစ်ယောက်ကို ကိုယ်နဲ့ရင်းနှီးကျွမ်းဝင်မှုမရှိဘဲ အလုပ်ရဖို့ အကူအညီတောင်းရမှာ။

အို ... တကယ်ရှုံးပါ့။ ငါ ရှုံးများနေပြီ လား။

ဟင့်အင်း မရှုံးပါဘူး၊ ငါမွန်းကျပ်နေတာ၊ ငါ့ဘဝဟာ ဆင်းရဲနိမ့်ကျလွန်းလို့ ကူရာကယ်ရာမဲ့ ဖြစ်နေတာ။ ဒီကုမ္ပဏီဟာ သတင်းစာထဲမှာ ကွန်ပျူတာဝန်ထမ်းအလိုရှိတယ်လို့ ကြော်ငြာထည့်ထားလို့ သူမ ဒီအလုပ်ကို ရအောင် သူဌေးကို မေတ္တာရပ်ခံရမယ်။

သူမဘဝမှာ သူမတစ်ယောက်တည်း ရပ်တည်နေခဲ့ရတာ မဟုတ်။ နှလုံးရောဂါနဲ့ လောကကြီးကို မှန်းတီးနာကြည်းနေသည့် မေမေတစ်ယောက် ရှိသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမ မေမေ့အတွက် ဒီကုမ္ပဏီပိုင်ရှင်သူဌေးကို အလုပ်မရ ရအောင် တောင်းဆိုရမည်။

အားတင်းထားစမ်းပါ မြင့်မခရယ်၊ ကုမ္ပဏီပိုင်ရှင်သူဌေးကို အလုပ်ကလေးပေးဖို့ မေတ္တာရပ်ခံ အကူအညီတောင်းရတာ ရှက်စရာ မဟုတ်ပါဘူး မြင့်မခရယ်။

မြင့်မခ အားတင်းကာ ရုံးခန်းမှန်တံခါးကို မော့ကြည့်လိုက်သောအခါ ...

"ရုံးခန်းထဲ ဝင်လိုပါက ရုံးခန်းတံခါးကို ခေါက်ပြီး ဝင်ခွင့် တောင်းပါ"

ဟု စာတမ်းထိုးထားတာ တွေ့လိုက်ရသဖြင့် သူမ တုန် တုန်ယင်ယင်နှင့် တံခါးလေးကို ခေါက်လိုက်မိပါသည်။

'ဒေါက် ဒေါက် ဒေါက်'

လက်ကလေးတွေ တဆတ်ဆတ် တုန်ယင်နေတာလေးကို သူမ ဝမ်းနည်းစွာ စိုက်ကြည့်လိုက်မိသည်။

မြင့်မခဘဝဟာ အရင်တုန်းက မြင့်မခမဟုတ်တော့၊ ချမ်းသာ ကြွယ်ဝစွာ နေလာခဲ့ရတဲ့ မြင့်မခ မဟုတ်တော့။

'ချောက်' ခနဲ မြည်သံကလေးကြားလိုက်ရပြီး ဆီးရောင်





မှန်တံခါးချပ်ကလေး တရွေ့ရွေ့ ပွင့်ဟသွားချိန်မှာ ရုံးခန်းဆုံလည် ဆိုဖာကြီးမှာ အခန်းတံခါးဝကို ကျောခိုင်းထိုင်နေတဲ့ ကုမ္ပဏီပိုင်ရှင် သူဌေးကို သူမ ဝင်ခွင့်တောင်းဖို့ သတိလစ်သွားကာ သတိလက်လွတ် ငေးကြည့်လိုက်မိသည်။

မြတ်စွာဘုရား။ ဒီဆုံလည်ဆိုဖာကြီးမှာ ကျောခိုင်းထိုင်နေတဲ့ ကုမ္ပဏီပိုင်ရှင်သူဌေးကို သူမက အသက်ငါးဆယ်ကျော်အရွယ်လောက် ရှိမယ်လို့ ထင်မှတ်ခဲ့မိတာ လွဲချော်သွားလေပြီ။

ကုမ္ပဏီပိုင်ရှင်သူဌေးရဲ့ ကိုယ်ခန္ဓာအချိုးအစားကို သူမ အနောက်က ခန့်မှန်းကြည့်လိုက်မိသည်က ...

အင်း ... အလွန်ဆုံးရှိ အသက်သုံးဆယ်အရွယ်သာသာ လောက်ပါပဲ။

ဘုရား ဘုရား ... ဒီလိုအရွယ်ငယ်ငယ် ကုမ္ပဏီပိုင်ရှင်သူဌေး တစ်ယောက်ကို အလုပ်ခန့်ဖို့ တောင်းဆိုရမှာ ရှက်စရာပါလား။

ပြီးတော့ သူမတောင်းဆိုချက်တွေ အရာထင်ရင် ဟုတ်တယ်၊ အရာမထင်ခဲ့ရင် အို ရှက်စရာပါလား။

ငါ ... ငါ ဘာလုပ်ရမလဲ။

ဟင့်အင်း ... ငါ ရအောင်တောင်းဆိုရမှာပဲ။ ဒီကုမ္ပဏီရဲ့



www.burmeseclassic.com

www.burmeseclassic.com



လိုအပ်တဲ့ တစ်နေ့ရာရာမှာ အလုပ်ပေးဖို့ ငါမေတ္တာရပ်ခံရမှာပဲ။

သူမ အားတင်းကာ မျက်နှာကလေးကို မော့တင်းပစ်လိုက်ကာ ဆုံလည်ဆိုဖာမှာ ကျောခိုင်းထိုင်ပြီး တံခါးဝဆီသို့ နည်းနည်းမှ လှည့်မကြည့်လာတဲ့ အထည်ကြီးကြီး ကုမ္ပဏီပိုင်ရှင်သူဌေးကို ဝင်ခွင့်တောင်းလိုက်ရပါသည်။

''သူဌေး ကျွန်မကို ဝင်ခွင့်ပြုပါရှင်''

အောင်မယ်လေး ... လဲသာသေလိုက်ချင်ပါတယ်။ ငါ့နှယ် အောက်ကျနောက်ကျ တောင်းဆိုရတာ။ ငါ ဘာဖြစ်လို့ ဒီလို တောင်းဆိုရမယ့်နေရာမျိုးကို မိုက်မိုက်မဲမဲ ရောက်ရှိလာခဲ့ရတာလဲ။

''ဝင်ခဲ့ပါ''

အသံသြဇာပြည့်ပြည့်နဲ့ လှမ်းပြောလိုက်တဲ့ အသံတစ်ခုက အစ လူငယ်သံ။ အင်း သူမ ဘယ်က ဘယ်လိုစပြီး တောင်းဆိုရပါမလဲ။

သူမ ရင်တထိတ်ထိတ်နဲ့ ခေါင်းကလေးငုံ့ချကာ သူဌေးနဲ့ မျက်နှာချင်းဆိုင်စားပွဲဆီသို့ လျှောက်ဝင်လာခဲ့သည်။ ကုမ္ပဏီပိုင်ရှင် သူဌေးမျက်နှာကို မော့ကြည့်လိုက်သည့်အချိန်တွင် ...

''ဟင်''





နှလုံးသားထဲက လည်ပတ်နေတဲ့သွေးတွေ ရပ်တန့်ငြိမ်သက်သွားပါတော့သည်။

မြင်တွေ့လိုက်ရသည့် ကုမ္ပဏီပိုင်ရှင်သူဌေးရဲ့မျက်နှာကြီးက သူမနှလုံးသားကို ဆုပ်ညှစ်ချေချပစ်လိုက်သလို သူမတစ်ကိုယ်လုံး ရှုံးခန်းကြီးထဲက လွတ်ထွက်သွားသလို မူးနောက်ပြာဝေသွားကာ အံ့သြတကြီး ဖြစ်သွားရလေသည်။

ရင်တစ်ခုလုံး နိမ့်ခနဲ မြင့်ခနဲ ခါကျင်လှုပ်းမော ကြေကွဲမှာ ကုမ္ပဏီပိုင်ရှင်သူဌေးကို ငေးကြည့်ရင်း ရက်ရှုံ့စွာဖြင့် မျက်ရည်ကြည် ကလေးတွေ ရစ်ဝဲတက်လာသည့် မျက်လုံးအိမ်ကို မျက်တောင်ရှည်များနဲ့ ပုတ်ခတ်ထုတ်ပစ်လိုက်ရင်း ရင်ထဲက ရှန်းကြွတက်လာသည့် မာနစိတ်ကလေးနဲ့ ခေါင်းကလေးကို မော့ပစ်လိုက်ကာ ဒီရုံးခန်းထဲက အမြန်ဆုံး ထွက်သွားဖို့ ဆုံးဖြတ်လိုက်သည်။

မထင်မှတ်ပါ။ တကယ့်ကို မယုံနိုင်စရာ၊ အံ့သြစရာပါပဲ။

လွန်ခဲ့တဲ့ ခုနစ်နှစ်လောက်က သူမတို့လို ပြည့်စုံကြွယ်ဝသည့် အရည်အချင်းတူ သူဌေးလေးတစ်ယောက်က အခုချိန်မှာ အံ့သြစရာကောင်းလောက်အောင် သိန်းပေါင်းမြောက်မြားစွာ ချမ်းသာခဲ့တဲ့ သူဌေးကြီးတစ်ယောက် ဖြစ်နေခဲ့တာ မယုံနိုင်စရာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ဒီလိုလူတစ်ယောက်ရဲ့ ကုမ္ပဏီကိုမှ တိုက်တိုက်ဆိုင်ဆိုင် သူမ ရောက်လာခဲ့တာ အများကြီးမှားသွားခဲ့ပြီဖြစ်သည်။

သူမရင်ထဲ ဝမ်းနည်းအားငယ်စိတ်တွေ ဖုံးလွှမ်းလာကာ ဒီရုံးခန်းထဲကနေ ချက်ချင်း လှည့်ထွက်ဖို့ ပြင်ဆင်လိုက်ပါသည်။

''ကျွန်မကို ခွင့်ပြုပါဦး''

ခွင့်တောင်းချင်စိတ်မရှိပေမယ့် သူ့ကုမ္ပဏီအရိပ်ကို ရောက်ခဲ့ရပြီမို့ သူမ ခွင့်တောင်းကာ ရုံးခန်းထဲက ချာခနဲ လှည့်ထွက်လာခဲ့သည်။

သူမရင်ထဲက ဝမ်းနည်းအားငယ်စွာ စီးကျလာတဲ့ မျက်ရည်ကလေးတွေကို လက်ဖဝါးကလေးနဲ့ တို့သုတ်ပစ်လိုက်ပြီး အံကလေးကို တင်းတင်းဖိကြိတ်ကာ ရုံးခန်းတံခါးဆီသို့ သွက်သွက်ကလေး လျှောက်လာခဲ့ပါတော့သည်။

တစ်ချိန်တုန်းက သူမကို အမုန်းကြီးမုန်းခဲ့သည့် လူသားဘဝင်ခပ်မြင့်မြင့် လူသားတစ်ယောက်ဆီမှာတော့ အလုပ်မရလို့ ဝေ်သေရင်သေသွားပါစေ။

ဘယ်တော့မှ အောက်ကျ အရှုံးမပေးနိုင်။

ဒီလောကကြီးမှာ အခုလို တိုက်ဆိုင်မှုမျိုးတွေ ရှိနေခဲ့သေး





တယ်ဆိုရင် မြင့်မခက အခုချိန်ကစပြီး အတိတ်မေ့သူတစ်ယောက်လို အားလုံးကို မေ့ပစ်လိုက်တော့မယ် ဦးနေသစ်။

ရှင်က ကျွန်မကို အမုန်းဆုံးရန်သူအဖြစ် မုန်းတီးနေခဲ့သလို ကျွန်မကလည်း နှစ်တွေကြာခဲ့တာတောင် ရှင့်ကို မုန်းတီးနေခဲ့တယ်ဆိုတာကို ရှင် မေ့မထားပါနဲ့ ဦးနေသစ်ရယ်။

❁ ❁ ❁



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

မယုံနိုင်စရာ ခံစားမှုတွေနဲ့ သူ့အရှေ့သို့ ရိုကျိုးစွာ ရောက်လာခဲ့တဲ့ တစ်ချိန်တုန်းက သူချစ်ခင်မြတ်နိုးခဲ့ရတဲ့ ကောင်မလေးကို မြင်တွေ့လိုက်ရသည့်ခဏအတွင်း သူ့နှလုံးသားတွေ သွေးဆုတ်လှုပ်ရှားကာ ငြိမ်သက်ငေးမော အံ့သြမှင်တက်မိစွာ ငေးကြည့်နေမိပြီးမှ . . .

ချာခနဲ လှည့်ထွက်သွားတဲ့ သူမနောက်ကျောပြင်ကလေးကို ငေးကြည့်ရင်း သူ့ခပ်မှင့်မှင့်ကြီးပြီး လက်ထဲကရိုမုတ်ကွန်ထရိုးကလေးကို အလျှင်အမြန် နှိပ်ချပစ်လိုက်ပါသည်။

"ချောက်"

တံခါးချက်ကလေး ချောက်ခနဲပိတ်သွားပြီး လော့ခ်ကျသွား





ပြီးမှ နေသစ် မြင့်မခရဲ့ကျောပြင်ကလေးကို ရီဝေလွမ်းမောစွာ ငေးမောကြည့်လိုက်မိသည်။

ကြာခဲ့ပါပြီ မခရယ်။ ဒါပေမဲ့ ငါ အခုအချိန်ထိ မင်းကို ရူးသွပ်နေဆဲပါပဲ။

ငါ မင်းကို ဘယ်လောက်ရူးသွပ်ပြီး စွဲလမ်းခဲ့ စွဲလမ်းခဲ့ မင်းရဲ့ ရက်စက်တဲ့နှလုံးသားကို ငါ ရွံမုန်းတယ် မခ။ မင်းဟာ ငါ့နှလုံးသားကိုရော ငါ့ညီနှလုံးသားကိုပါ အညာကကိုင်လှုပ်ခဲ့တဲ့ မိန်းမ။ မင်းဟာ ငါတို့ညီအစ်ကိုနှစ်ယောက်ဘဝကို ရက်ရက်စက်စက် နင်းသတ်ခဲ့တဲ့မိန်းမ။

အခု မင်း ငါ့ဆီကို ဘာလို့ရောက်လာတာလဲ။ ငါ မင်းကို မုန်းတီးခဲ့ နာကြည်းခဲ့ပေမယ့် မေ့လို့မရခဲ့ဘူး မခ။

မထင်မှတ်တဲ့ ရုတ်တရက် တွေ့ဆုံလိုက်ရသည့် သူမေ့ထားတာကြာပြီ ဖြစ်သည့် သူ့နှလုံးသားကို မသေဆုံးရုံတမယ် ရိုက်သတ်ခဲ့သည့် မြင့်မခဆိုသည့် မိန်းမလှလေးတစ်ယောက် သူ့ဘဝထဲသို့ ဒုတိယအကြိမ် ပြန်လည်ဝင်ရောက်လာသောအခါ ရပ်တန့်သေဆုံးနေတဲ့ သူ့နှလုံးသားလေး နိုးကြားရှင်သန်လာခဲ့တော့သည်။

ခုနစ်နှစ်တာကြီး မမြင်မတွေ့ခဲ့ရသည့် မခရဲ့ ရင့်ကျက်



www.burmeseclassic.com

www.burmeseclassic.com



တည်ငြိမ်သွားတဲ့ မျက်နှာလှလှလေးကို ဆွတ်ကျင်ကျင်ကြီး ငေးကြည့်လိုက်မိသည်။

မင်းဘဝ ဘယ်အထိ ပြောင်းလဲသွားခဲ့ပြီဆိုတာ ငါသိချင်တယ် မခ။ ငါ့ညီနဲ့ငါ့ကို ရက်ရက်စက်စက် ကျောခိုင်းခဲ့တဲ့ မင်းကို ငါ လက်လွှတ်မပေးတော့ဘူး။

အခုချိန်ကစပြီး မင်း ငါ့ကို ပေးဆပ်ရတော့မယ်။

မင်း ကုမ္ပဏီကို တိုက်တိုက်ဆိုင်ဆိုင် ရောက်လာခဲ့တာ ငါ အံ့ဩတယ် မြင့်မခ။

ခုနစ်နှစ်တာကာလမှာ အများကြီး ရင့်ကျက်တည်ငြိမ်စွာ ပြောင်းလဲသွားသည့် ဆံပင်အရှည်နဲ့ မိန်းမလှကလေးကို သူ မြတ်နိုးစွာ သတိလက်လွှတ် ငေးကြည့်နေမိချိန်မှာပဲ။

သူမက သူ့အရှေ့က ချာခနဲ လှည့်ထွက်သွားခဲ့လေသည်။

အဟွန်း၊ မင်း ငါ့ကုမ္ပဏီကို မျက်စိလည် လမ်းမှားပြီး ရောက်လာခဲ့တယ်ဆိုတာ ငါသိလိုက်ပြီ မခ။ မင်းရဲ့ အဲဒီမာနတွေက ငါတို့ညီအစ်ကိုနှစ်ယောက်ရဲ့ နှလုံးသားကို ထိခိုက်ကြေကွဲစေတာပါ။ မင်း တစ်ချိန်တုန်းက ထားခဲ့တဲ့မာနတွေက ငါ့ညီဘဝကို မင်းသတ်ပစ်လိုက်တာနဲ့ အတူတူပါပဲ။





ငါ့ညီအတွက်၊ ငါ့ညီဘဝအတွက်၊ ငါ့နှလုံးသားတစ်ခုအတွက် မင်း ငါတို့ကို ကောင်းကောင်းပေးဆပ်ရမယ် မခ။

"ရှင် ဒါ ဘာလုပ်တာလဲ ဦးနေသစ်၊ ရှင် ကျွန်မကို တံခါးဖွင့်ပေးပါ"

"မင်းဖွင့်ခိုင်းတိုင်း ငါက ဖွင့်ပေးရမှာလား မြင့်မခ။ မင်းကို မေးစရာစကားတွေ အများကြီးရှိသေးတယ်"

မြင့်မခ မျက်နှာကလေး ဖြူဖွေးပျော့ကျသွားကာ မျက်နှာကလေး ညှိုးနွမ်းသွားတာလေးကို သူ ရီဝေစူးရှစွာ စိုက်ကြည့်လိုက်မိသည်။

ဒီလို ညှိုးနွမ်းသွားတဲ့ မခရဲ့မျက်နှာကလေးကို ဒီတစ်ခါပဲ သူ မြင်တွေ့ခဲ့ဖူးခဲ့တာ ဖြစ်သည်။

"ရှင်နဲ့ စကားမပြောချင်ဘူး၊ ကျွန်မကို တံခါးဖွင့်ပေးပါ"

"မဖွင့်ပေးနိုင်ဘူး မခ၊ အဲဒီအတွက် မင်း ဘာလုပ်ချင်သလဲ"

"ရှင် ကျွန်မကို ဘာဖြစ်လို့ အငြိုးမပြေတဲ့စကားတွေ ပြောနေရတာလဲ"

တည်ငြိမ်သွားခဲ့သည့် မျက်နှာချောချောကလေးကို နေသစ် အတန်ကြာ ငေးကြည့်နေမိပြီးမှ ညီကို သတိရသွားကာ မျက်နှာကြီး



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုလုံး တင်းမာခက်ထန်သွားပါသည်။ ရင်ထဲက ရင်ခုန်သံနွေးနွေးကလေးတွေကိုလည်း မနှစ်မြို့စွာ အတင်းမောင်းထုတ်ပစ်လိုက်မိသည်။

ခုနစ်နှစ်တာကာလမှာ မင်း အရမ်းပြောင်းလဲသွားခဲ့ပြီ မခရယ်၊ အဲဒီ အပြောင်းအလဲကလေးတွေက မင်းနဲ့ငါ ကံပါလို့ ရေစက်ဆုံရတဲ့ အခွင့်အရေးတစ်ခုကို ငါ လက်လွှတ်ဆုံးရှုံးမခံတော့ဘူး။

ငါ မင်းကို အရမ်းတွေ့ချင်စိတ်တွေနဲ့ ငါ မင်းတို့နဲ့နေခဲ့တဲ့ ငါတို့ရဲ့အရင်ခြံကြီးထိ ရောက်ခဲ့သေးတယ်။

ဒါပေမဲ့ အဲဒီအချိန်မှာ မင်းတို့မိသားစုတွေ တခြားနေရာကို ပြောင်းသွားတာကို သိလိုက်ရတယ်။ အဲဒီအချိန်တုန်းက ငါ မင်းကို အရမ်းသတိရတမ်းတခဲ့တယ်ဆိုရင် ငါဟာ ညီအတွက် အစ်ကိုကောင်းမပီသခဲ့ဘူးပေါ့။

မင်းကြောင့် ငါ့ညီ ဘဝပျက်ပြီး အခုချိန်မှာ သေလုမျောပါး ခံစားနေရတဲ့အဖြစ်တွေ ဖြစ်ခဲ့တာ ငါ ဘယ်တော့မှ မမေ့တော့ဘူး။ ငါ့ညီရဲ့ နှလုံးသားကို ရက်ရက်စက်စက် ရိုက်သတ်ခဲ့တဲ့မင်းကို ငါ မကျေနပ်ဘူး။

အဲဒီအတွက် မင်းနှလုံးသားကို ငါပြန်ရယူရမယ်။ မင်းကို ငါ လက်လွှတ်မပေးတော့ဘူး မခ။





"အဟွန်း ဟွန်း ဘာလဲ အရင်တုန်းက မြင့်မခမဟုတ်တော့ဘူးလား၊ မင်းကြည့်ရတာ အရာအားလုံး ပြောင်းလဲသွားသလိုပဲ"

သူမ အံကလေးကို တင်းတင်းကြိတ်လိုက်ကာ ဝမ်းနည်းရက်ရှိစွာ ရစ်ဝဲလာသည့် မျက်ရည်ကလေးတွေကို ကြိုးစားထိန်းချုပ်ပြီး မျက်နှာကလေးကို မော့ပစ်လိုက်ပါသည်။

ရှင် ကျေကျေနပ်နပ်ကြီး ကျွန်မကို လှောင်ပြောင်ရယ်မောလိုက်စမ်းပါ ဦးနေသစ်ရယ်။

"အဟတ် ဟား ဟား ... ဘယ်နဲ့ စွာတေးလန်မာနခဲလေးက အခုတော့ ရေငုံနှုတ်ပိတ် ဖြစ်နေရတာလဲ၊ မင်း ငါ့ကုမ္ပဏီကို ထောင်မှတ်ဘဲ ရောက်လာတာ ငါ့အတွက် မွှန်းကျပ်တယ်၊ ကြေကွဲတယ်၊ ဒါပေမဲ့ မင်း ဘာကြောင့် ရောက်လာတာလဲဆိုတာကိုလည်း ငါသိချင်သေးတယ်လေ၊ မင်း ငါ့ဆီ ဘာကြောင့် ရောက်လာတာလဲဆိုတာ ငါသိချင်တယ်၊ ထိုင်ပါဦး မြင့်မခ"

ဦးနေသစ် ညွှန်ပြတဲ့ ဆိုဖာရှည်တစ်ခုမှာ ဝင်ထိုင်ဖို့ သူမ စဉ်းစားမိ။

ရင်ထဲက အခံရခက်မှုတွေ၊ အရှက်ရကြေကွဲမှုတွေနဲ့ ကျဆင်းလာသည့် မျက်ရည်စကလေးတွေကို ကြိုးစားထိန်းချုပ်ကာ



www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်နှာကြီးကို မုန်းတီးစွာ စိုက်ကြည့်လိုက်မိပါသည်။

ပြုံးတုံ့တုံ့ကြီး သူမမျက်နှာကို စိုက်ငေးကြည့်နေတဲ့ သူ့မျက်နှာကြီးကို သူမ မုန်းတီးစွာ စိုက်ကြည့်ရင်း ရင်ထဲက ကြွတက်လာသည့် မာနလေးကို မျိုချလိုက်ကာ မျက်နှာကလေးကို ချာခနဲ လွှဲပစ်လိုက်ပါသည်။

"ကျွန်မ ရှင့်ကုမ္ပဏီဆိုတာ မသိခဲ့လို့ ရှင့်အရှေ့ကို ရောက်လာခဲ့တယ်ဆိုတာ ရှင် နားလည်လိုက်ပါ ဦးနေသစ်"

"အို့ကေ . . . အရင်မြင့်မခ အတိုင်းပါပဲ၊ ဒါပေမဲ့ အရင်တုန်းက ဆံပင်အတိုနဲ့ ကလေးဆန်ပြီး ချောတယ်၊ အခုတော့ ရင့်ကျက်တည်ငြိမ်မှုနဲ့ ပိုပြီး ချောလာတယ်၊ မင်း ပြောင်းလဲလာခဲ့တာကတော့ ဆံပင်အရှည်တစ်ခုတည်းပါပဲ။ မင်း အိမ်ထောင်ကျသွားပြီလား"

"ဘာ"

"အဟား ဟား"

"ရှင် ရှင် ကျွန်မကို တမင်ရိနေတာလား"

"မင်း လူတစ်ယောက်နဲ့ လက်ထပ်မယ်ဆိုရင် အဲဒီလူတစ်ယောက်ဟာ ငါ့ညီ ဘယ်တော့မှ ဖြစ်လာမယ် မထင်တော့ဘူး ဟုတ်လား မြင့်မခ"





"ရှင် ရှင် ကျွန်မကို မစော်ကားနဲ့နော် ဦးနေသစ်"

သူမရင်ထဲမှာ ဦးနေသစ်ရဲ့စကားတွေကို ဒဏ်မခံနိုင်အောင် ကြေကွဲဝမ်းနည်းမှုတွေ လှိုက်တက်သွားပါတော့သည်။

ဝမ်းနည်းကြေကွဲစွာ စီးကျလာသည့် မျက်ရည်ကလေးတွေကို သူက စိုက်ကြည့်ရင်း ခေါင်းတညိတ်ညိတ်လုပ်လျက် ဆုံလည်ဆိုဖာကိုလှည့်ကာ ဖိမ်ယူနေလေသည်။

ဒါဟာ ကုမ္ပဏီပိုင်ရှင်သူဌေးတစ်ယောက်က အလုပ်သမားတစ်ယောက်ကို ဆက်ဆံတဲ့ အပြုအမူတွေတဲ့လား။

ရှင် ဘယ်လောက်ချမ်းသာ ချမ်းသာ ကျွန်မ ရှင့်ကို လုံးဝအထင်မကြီးဘူး ဦးနေသစ်။

ဟိုအရင်တုန်းက ရှင့်ကို ချစ်ခဲ့မိတဲ့ နှလုံးသားကလေးကိုလည်း ကျွန်မ နာကြည်းမှုတွေနဲ့ အရောင်ဆိုးပစ်လိုက်ပြီ။

ရှင့်ရဲ့အတ္တ ရှင့်ရဲ့မာနတွေထက် ကျွန်မက ပိုသာတယ်ဆိုတာ ရှင်သိစေရမယ် ဦးနေသစ်။

ရှင့်ညီ ဟန်းသာဟာ နဂိုကတည်းက လူပေ လူရှုပ်တစ်ယောက် ဖြစ်ခဲ့လို့ သူ့ဘဝ အခုလို ဖြစ်ခဲ့ရတာ။

ရှင် ကျွန်မကို အတ္တကြီးကြီး စွပ်စွဲခဲ့တဲ့ စကားတွေကို



www.burmeseclassic.com

www.burmeseclassic.com



ဘယ်တော့မှ မမေ့တော့ဘူး။

"ရှင် ကျွန်မကို တံခါးဖွင့်ပေးပါ ဦးနေသစ်၊ ကျွန်မပြန်မယ်"

ဆုံလည်ဆိုဖာမှာ မှီယှနေတဲ့ ဦးနေသစ်ကို အောင့်သက်သက်ကြီးကြည့်ကာ သူမ ပြောလိုက်သည်။

သူမရဲ့စကားတွေကို ဦးနေသစ်က လုံးဝဂရုမစိုက်။ ဆုံလည်ဆိုဖာကို မှီပြီး မျက်လုံးတွေကိုမှေးကျဉ်းကာ ဆုံလည်ကို ဘယ်ညာယမ်းခါ လှုပ်ယမ်းလျက်။

ဪ . . . သူမဘဝနဲ့ သူတို့ဘဝဟာ အကွာခြားကြီး ကွာခြားသွားပါပြီလား။ သူမက သူ့ကုမ္ပဏီမှာ လခစားဘဝကို မျှော်လင့်ပြီး ဝင်ရောက်လာချိန်မှာ သူကတော့ သိန်းပေါင်း ထောင်သောင်းချီ ချမ်းသာကြွယ်ဝကာ သူဌေးဆိုတဲ့ရာထူးကြီးကြီးကို ဂုဏ်ယူဝံ့ကြွားကာ ဆုံလည်ဆိုဖာကြီးမှာ မိန့်မိန့်ကြီး ထိုင်နိုင်ပြီပေါ့။

"မင်း ပြန်ခွင့်တောင်းရင်တောင် ငါက မင်းအကြောင်းတွေ မသိရဘဲနဲ့ ပြန်ခွင့်မပေးနိုင်ဘူး မြင့်မခ။ ခုနစ်နှစ်ကာလအတွင်းမှာ ငါ့ရဲ့ပြောင်းလဲမှုကတော့ ကုမ္ပဏီပိုင်ရှင်ဖြစ်သွားတာတစ်ခုပဲ ရှိတယ်။ အခုထိ ငါ့ရင်ထဲမှာ အချစ်မရှိသေးဘူးကွ။ မိန်းကလေးတစ်ယောက်က ငါ့နှလုံးသားကို သတ်ဖြတ်ပြီးပြီလေကွာ၊ အဟား ဟား . . . အခု





ချိန်မှာတော့ အချစ်ရူး ရူးနေတဲ့ လူမျိုးကြီးပေါ့ကွာ"

ဦးနေသစ်က သူမမျက်နှာကို တစိမ့်စိမ့်ကြည့်ကာ ရယ်ချလိုက်ပြန်သည်။

ရှင်ဟာ ရှင့်ညီလို ရိုးသားတဲ့ စိတ်ဓာတ် မရှိခဲ့ဘူး ဦးနေသစ် ဟန်းသာဟာ ရှင်နဲ့ယှဉ်ရင် အများကြီးသာတဲ့ လူတစ်ယောက် ဖြစ်တယ်။ ဒါပေမဲ့ သူ့စိတ်ဓာတ်ဟာ ဖြူစင်တယ်၊ သူ့အချစ်တွေက ကျွန်မအပေါ် ဘာအငြိုးအမျက်မှ မပါဘူး။

ရှင်လို အငြိုးမကြီးဘူး။ အခု ဟန်းသာ ဘယ်လိုနေတယ်ဆိုတာ ကျွန်မ ရှင့်ကို မမေးချင်ဘူး။

မေးလည်း ရှင်က ဖြေမှာမဟုတ်ဘူးဆိုတာ ကျွန်မ နားလည်ထားပါတယ်။

ဒါပေမဲ့ ရင်ထဲက ငယ်သံယောဇဉ်တွေနဲ့ ခင်တွယ်ခဲ့တဲ့ ဟန်းသာကို သတိရစိတ်ကလေးတွေနဲ့ သူမ အမုန်းဆုံးလူကြီးကို မေးလိုက်မိပါတော့သည်။

"ဦးနေသစ်၊ ဟန်းသာ ဟန်းသာ ဘာတွေလုပ်နေလဲဟင်"

"အဟား ဟား၊ ငါ့ညီကတော့ မိန်းမလှတစ်ယောက်ရဲ့ ပရိယာယ်စက်ကွင်းမိပြီး ရူးနေပြီကွ၊ လအပိုင်းအခြားလောက်မှာပဲ



www.burmeseclassic.com

www.burmeseclassic.com



သေမယ်ထင်ပါတယ်ကွာ''

ပြောပြောဆိုဆို သူမ ပခုံးနှစ်ဖက်ကို ခပ်ကြမ်းကြမ်းဆုပ်ကိုင်ခါယမ်းလိုက်သဖြင့် သူမရင်တွေ တဒိန်းဒိန်း ခုန်မြည်သွားကာ သူ့ကိုကြောက်လန့်တကြား မော့ကြည့်လိုက်မိပါတော့သည်။

အို၊ ဦးနေသစ်ရယ် . . . ရှင့်ရဲ့မျက်လုံးညိုညိုကြီးတွေနဲ့ ပြောခဲ့တဲ့ စကားတွေက ကျွန်မနှလုံးသားကို ရိုက်သတ်လိုက်သလို ခံစားလိုက်ရပါတယ်။

ဟန်းသာ . . . ဒါဆို အို ဟန်းသာရယ်၊ နင့်အတွက် ငါ စိတ်မကောင်းပါဘူး။ နင် ဘာဖြစ်လို့ ကိုယ့်ဘဝကိုယ် ဒဏ်ခတ်ခဲ့ရတာလဲဟင်။

''မင်း ဝမ်းသာလိုက်စမ်းပါ၊ မင်း မချစ်နိုင်ခဲ့တဲ့ ငါ့ညီမင်းကြောင့် . . . မင်းကြောင့် ဘယ်လောက်အထိ သူ ဘဝနာခဲ့ရတယ်ဆိုတာ မင်း တော်တော် ရက်စက်တဲ့ မိန်းကလေး''

''အို''

''မင်း . . . မင်းကို ငါ''

''ဦးနေသစ် ရှင် အတ္တမကြီးစမ်းပါနဲ့ရှင်၊ ဟန်းသာက ကျွန်မသူငယ်ချင်းပါ၊ ကျွန်မသူငယ်ချင်းကို ကျွန်မက ဘာလို့ ဘဝ





ပျက်အောင် ဖန်တီးရမှာလဲ၊ ရှင်စွပ်စွဲနေတာက''

''တော်စမ်းပါကွာ၊ ငါနားခါးတယ်၊ မင်းသွားလို့ရပြီ၊ လိုအပ်တဲ့ အကူအညီကို ဇါကူညီမယ်၊ မင်းသွားတော့''

''ရှင် ကူညီစရာမလိုပါဘူးရှင်''

သူမ သူ့ရုံးခန်းထဲကနေ ချာခနဲလှည့်ထွက်လာခဲ့ပြီး ရင်ထဲမှာ နာကျင်ကာ ဝမ်းနည်းကြေကွဲစွာ ခံစားလိုက်ရပါသည်။

မယုံနိုင်စရာပါပဲ။ တစ်ချိန်တုန်းက ချစ်ခင်လေးစားခဲ့ရသည့် လူတစ်ယောက်ရဲ့ ပြောခဲ့တဲ့ စကားတွေ၊ စွပ်စွဲခဲ့တဲ့စကားတွေက သူမ နှလုံးသားလေးကို ထိအက်ကြေကွဲသွားပါတော့သည်။

တကယ်တော့ ရှင် ကျွန်မကို ရှင့်ညီနဲ့ အထင်လွဲနေခဲ့တာ ကျွန်မ အခုချိန်မှာလည်း ပြန်ပြီး မဖြေရှင်းဘူး။

ကျွန်မချစ်ခဲ့တဲ့ ချစ်သူတစ်ယောက်ဟာ ဟန်းသာမဖြစ်ခဲ့ဘူးဆိုတာ ဟန်းသာနဲ့ ကျွန်မသာ အသိဆုံးပါရှင်။

ကျွန်မနဲ့ဟန်းသာနဲ့က သိပ်ခင်ကြတဲ့ သူငယ်ချင်းတွေလို့ဆိုရင် ရှင် ယုံမလား။

ကျွန်မရင်ထဲက မြတ်မြတ်နိုးနိုး ချစ်ခင်ခဲ့ရတဲ့ ချစ်သူ တစ်ယောက်ဟာ ရှင်ပါပဲ ဦးနေသစ်ရယ်။ အဲဒါကို ရှင် အယုံအကြည်



www.burmeseclassic.com

www.burmeseclassic.com



ကျင်းမဲ့နေတယ် မဟုတ်လား။ ကျွန်မကို ရှင့်ညီနဲ့ ချစ်နေတဲ့ ချစ်သူလို့ ရှင် သံသယဖြစ်နေတယ် မဟုတ်လား။

ဘာပဲပြောပြော ရှင်နဲ့ကျွန်မဟာ ဒုတိယအကြိမ် ပြန်ဆုံခွင့် ရခဲ့ပေမယ့် ကျွန်မတို့ ဘယ်တော့မှ ပြန်ဆုံခွင့် မရှိတော့ပါဘူး ဦးနေသစ်၊ ဝမ်းနည်းပါတယ် ဦးနေသစ်ရယ်။

ရုံးခန်းထဲက လှည့်ထွက်လာသည့် အချိန်မှာတော့ သူမ ရင်ထဲ ဟာကျင် လွမ်းမောကြေကွဲသွားရပါသည်။

❋ ❋ ❋



## အခန်း (၃)

ရုံးခန်းထဲက ချာခနဲ လှည့်ထွက်သွားသည့် သူ ခုနစ်နှစ်လုံးလုံး မေ့ထားခဲ့သည့် တစ်ချိန်တုန်းက သူ အရှူးအမူး စွဲလမ်းခဲ့ရသည့် မိန်းကလေးတစ်ယောက် သူ့မြင်ကွင်းအရှေ့မှ ပျောက်ကွယ်သွားချိန်မှာ သူ့နှလုံးသားတစ်ခုလုံး ဆွတ်ကျင်ကျင်ကြီး ကြေကွဲသွားပါသည်။

အချိန်တိုင်း တမ်းတခဲ့သည့် မြင့်မခကို သူ လက်လွှတ်ပေးလိုက်ရင်။ မြတ်စွာဘုရား။ ငါ သူ့ကို တွေ့ချင်လို့ လိုက်ရှာခဲ့သေးတာပဲ။

ဝေခွဲမရဖြစ်နေတဲ့ သူ့နှလုံးသားက ခံစားမှုတွေကို သံယော



www.burmeseclassic.com

www.burmeseclassic.com



ဖွဲ့ဆိုတဲ့ အသံကလေးနဲ့ သူ ခေါင်းခါယမ်းလိုက်ကာ အမြန်ဆုံး လှုပ်ရှားလိုက်ပါသည်။

စားပွဲပေါ်က ဟန်းဖုန်းကလေးကို ကောက်ကိုင်လိုက်ပြီး ညီသစ်ကို ဖုန်းဆက်လိုက်သည်။

"ညီသစ်၊ စောစောက ငါ့ရုံးခန်းကိုလာတွေ့တဲ့ကောင်မလေး အခုပြန်သွားပြီ၊ မင်း သူ့နောက်ကနေ နောက်ယောင်ခံပြီး လိုက်သွားလိုက်ပါ၊ အဲဒီကောင်မလေးရဲ့ အိမ်လိပ်စာကို ငါသိချင်တယ်၊ အသေအချာ လိုက်သွားလိုက်၊ ဟုတ်ပြီလား။ မင်း သူ့အနောက်က လိုက်တာကို သူ မရိပ်မိစေနဲ့ ဟုတ်လား"

"ဟုတ်ကဲ့ သူဌေး၊ သူဌေး ဘာခိုင်းစရာရှိသေးလဲ"

"ငါပြောတဲ့အတိုင်းသာ အသေအချာလိုက်၊ အဲဒီကောင်မလေး အခုလောက်ဆိုရင် ကုမ္ပဏီအရှေ့ရောက်လောက်ပြီ၊ မင်း အမြန်ဆုံးလိုက်တော့ ညီလတ်"

သူ ဟန်းဖုန်းကို ပိတ်လိုက်ပြီး ရင်ထဲမှာ အမျိုးအမည် ဖော်လို့မရအောင် ဂနာမငြိမ်ကြီး ဖြစ်သွားရပါသည်။

အင်း၊ ငါ ဘာဖြစ်လို့ ဒီကောင်မလေးအပေါ် ငြိတွယ်ချင်တဲ့ ခံစားချက်တွေ ရှိနေခဲ့ပါလိမ့်။





ညီရယ် ငါ မင်းအစ်ကို ပီသပါ့မယ်ကွာ။ မင်းဘဝကို အခုလို စုတ်ပြတ်သွားအောင် ဖျက်ဆီးခဲ့တဲ့ တရားခံဟာ ငါကတော့ မြင့်မခလို့ပဲ တစ်ထစ်ချ ယုံကြည်တယ်။

မင်းကလည်း မလိမ္မာပါဘူးကွာ။ မင်းရဲ့ မလိမ္မာမှုတွေက ငါ့နှလုံးသားကို စူးရှနာကျင်စေခဲ့တယ်။

မင်း ဘာဖြစ်လို့ ဒီလောက်အထိ မိုက်မဲရတာလဲ ညီ။ မင်း တစ်ချိန်တုန်းက ငါ့ကို ရင်ဖွင့်ခဲ့တဲ့ စကားသံလေးတွေကို ငါ ကြားယောင်နေခဲ့တယ်။

အဲဒီစကားလုံးလေးတွေက ငါ့နှလုံးသားကို အမြဲ နာကျင်စေခဲ့တယ်ဆိုတာကို ကိုကို ဝန်ခံပါရစေကွာ။

"ကိုကို အချစ်ဆိုတာ ပူလောင်သလားဟင်၊ ကျွန်တော်တော့ မခကို ချစ်မိတဲ့ နှလုံးသားခံစားချက်တွေနဲ့ ကြေကွဲနေပြီဗျာ၊ မခက ကျွန်တော့်ကို အထင်မကြီးဘူးဗျ။ မိန်းကလေးတစ်ယောက်က သူ အထင်ကြီးတဲ့ လူတစ်ယောက်ကိုသာ ချစ်ခင်စွဲလမ်းတယ် ကိုကို၊ သူ အထင်ကြီးတဲ့သူကို ကျွန်တော်သိနေတယ် ကိုကို"

ငယ်ငယ်ကတည်းက အလိုလိုက်ထားတဲ့ ညီကလေးကို သူ ဘယ်လိုမှ ချုပ်ကိုင်လို့မရအောင် ညီက ဆိုးသွမ်းခဲ့တာ ဖြစ်သည်။



www.burmeseclassic.com

လူပျို့ပေါက်ဖြစ်စအရွယ်ကတည်းက အပေါင်းအသင်းများနဲ့ အပျော်များကာ ပညာကို ဆုံးခန်းတိုင်အောင်မသင်ဘဲ လမ်းထဲမှာ အရှုပ်ဆုံးလူတွေနဲ့ ရွှေပေါင်းကာ အရက်နိုးနိုးသောက်ခဲ့သည့် ညီကို မိဘတွေမရှိတော့ သူက အစ်ကိုကြီး အဖအရာအဖြစ် ဆုံးမခဲ့ပါသည်။

ဒါပေမဲ့ အချည်းအနှီးပါပဲ။ ညီဟာ လူဆိုးတစ်ယောက်ပါပဲ။ အဲဒီလို ဆိုးသွမ်းတဲ့ လူဆိုးတစ်ယောက်ကို ဘယ်လိုမိန်းကလေးမျိုးက နှလုံးသားနဲ့ရင်းပြီး ချစ်မှာတဲ့လဲ။

ငါ မင်းကို ကိုယ်ချင်းစာပေးနိုင်ခဲ့ပါပြီ မခရယ်။ ဒါပေမဲ့ မင်းကြောင့် ငါ့ညီ ပိုပြီးဘဝပျက်ခဲ့တာ ငါယုံတယ်။ မင်းက ငါ့ညီ နှလုံးသားကို ချစ်ဟန်ဆောင်ခဲ့တာ။

အဲဒီအတွက် ငါ မင်းကို ဘယ်တော့မှ မကျေဘူး မခ။ ငါ့ညီ အခုလိုဖြစ်ခဲ့ရတာ မင်းကြောင့်လို့ ငါယုံတယ်။

မင်းကို ချစ်ခဲ့မိတဲ့ ငါ့နှလုံးသားတစ်ခုကိုလည်း ငါ့ညီအတွက် ငါပြန်ပေးဆပ်ရမယ် မခ။

ဟိုးလွန်ခဲ့တဲ့ ခုနစ်နှစ် အတိတ်ကခံစားမှုတွေက သူ့ကို ချောက်လှန့်နေခဲ့သည်။

"မခရယ် မင်းကို ညီမြင်ရင် ညီ ဘယ်လိုခံစားရမလဲ၊ ညီ





မင်းကို သိပ်တမ်းတခဲ့တယ်ဆိုတာ ငါသိတယ်၊ ငါ့ညီခံစားချက် တွေကို ဖြည့်ဆည်းပေးချင်တယ်၊ ဒါပေမဲ့ ညီက မင်းကိုမြင်ရင် မှတ်မိမှာ မဟုတ်တော့ဘူး"

နေသစ် ခေါင်းကြီးကို ခါယမ်းကာ ကုမ္ပဏီစာရင်းတွေကို စိတ်မဝင်စားတဲ့ မျက်လုံးသေကြီးတွေနဲ့ ငေးကြည့်ရင်း ညီဘုန်း ပြန်လာမယ့်အချိန်တစ်ခုကို ရင်တထိတ်ထိတ်နဲ့ မျှော်လင့်နေခဲ့မိသည်။

ဘာဖြစ်လို့များ လောကကြီးဟာ တရားမမျှတတာပါလိမ့်။ မိန်းကလေးတစ်ယောက်တည်းကို ညီအစ်ကိုနှစ်ယောက်ရဲ့ နှလုံးသား က တစ်ပြိုင်နက်တည်း ချစ်ခင်စွဲလမ်းသွားခဲ့တာဟာ သူတို့ညီအစ်ကို နှစ်ယောက် ဘဝတစ်ခုလုံးကို အပြောင်းလဲကြီး ပြောင်းလဲသွားခဲ့ပါ တော့သည်။

တစ်ချိန်တုန်းက ဆံပင်အတိုကလေးနဲ့ ခပ်စွာစွာ မာနခဲလေး ကို သူမြင်ယောင်ရင်း သူ့ရင်ထဲ နွေးထွေးအသက်ဝင်လှုပ်ရှားသွားပါ တော့သည်။

အဲဒီတုန်းက သူ အချစ်ကို စတင်ရှာဖွေတွေ့ရှိခဲ့တာ။ ဒါပေမဲ့ ရှာဖွေတွေ့ရှိခဲ့တဲ့ အချစ်ကို သူ့နှလုံးသားက ပေးဆပ်ခွင့်မရခဲ့ပါဘူး။

❃ ❃ ❃

www.burmeseclassic.com

## အခန်း (၄)

နေ့သစ်ဘဝမှာ ညီမရှိရင် မဖြစ်ခဲ့သလို ညီ့ဘဝမှာလည်း နေ့သစ်မရှိရင် မဖြစ်ခဲ့ကြတဲ့ နှစ်ယောက်တစ်ဘဝ နေလာခဲ့တဲ့ သူတို့ ညီအစ်ကိုနှစ်ယောက်ဘဝထဲကို ထူးထွေဆန်းပြားတဲ့ ခံစားမှု တွေနဲ့ ဝင်ရောက်လာတဲ့မိန်းကလေးတစ်ယောက် ဝင်ရောက်လာတဲ့ အချိန်ကစပြီး ပြောင်းလဲမှုတွေက သူတို့နှလုံးသားနုနုကလေးဆီသို့ ထွင်းဖောက်ဝင်ရောက်လာခဲ့တော့သည်။

ညီ့ဘဝတစ်ခုလုံးကို အရမ်းကြီးမြင့်မားအောင် မြေတောင်မြှောက်ချင်တဲ့ဆန္ဒတွေနဲ့ ညီကို အရိပ်တကြည့်ကြည့်ချစ်ခဲ့တဲ့ သူ့နှလုံးသားထဲမှာ ညီသာ နေရာယူထားခဲ့သည်။





ညီလုပ်ချင်တဲ့အလုပ်မှန်သမျှ သူက ဖြစ်အောင်ဖြည့်ဆည်းပေးခဲ့သည်။ ညီကို သူက ကိုယ့်ကိုယ်ကိုယ်ထက်တောင် ချစ်ခင်သူဖြစ်သလို ညီကလည်း သူ့ကို လေးစားချစ်ခင်ခဲ့လေသည်။

တစ်ခုတော့ ညီမှာ အကျင့်ဆိုးကလေး ရှိထားခဲ့သည်။ ညီဟာ အပေါင်းအသင်းမင်သည့် လူငယ်ကလေးတစ်ယောက် ဖြစ်နေတာက ညီနဲ့သူနဲ့ မတူညီနိုင်တဲ့ ကွဲလွဲချက်ပင် ဖြစ်သည်။

ဒါပေမဲ့ ငယ်ငယ်ရွယ်ရွယ် ပုံစံချလို့ ရတဲ့အရွယ်ကလေးမှာ ညီကို နေသစ်က နူးညံ့တဲ့ ဆွဲဆောင်မှုတွေနဲ့ သူလိုရာကို စည်းရုံးခဲ့လေသည်။

အခုလည်းပဲ ဘဝမှာ အရေးအကြီးဆုံး ရည်မှန်းချက်ပန်းတိုင်ဖြစ်တဲ့ ဆယ်တန်းကျောင်းသားဘဝကို မေ့လျော့စွာ ကျောင်းပိတ်ရက်ကလေးမှာ ညီသည် သူငယ်ချင်းတစ်သိုက်နဲ့ ဆိုင်ကယ် တဝီးဝီးစီးပြီး မနက်ကတည်းက ထွက်သွားခဲ့တာ ညနေ အတော်စောင်းနေတာတောင် အခုချိန်ထိ ပြန်မရောက်သေး။

ညီအတွက် သူ စိတ်ပူလာရလေပြီ။ အခုတစ်လော ညီတစ်ယောက် လမ်းသိပ်များကာ သူ့ကို လိမ်လုံးပတ်လုံးတွေနဲ့ ငွေတောင်းတောင်းသုံးတာ များလှပြီ။



www.burmeseclassic.com

www.burmeseclassic.com



အင်း၊ ဒီအချိန်ကြီးအထိ ပြန်မလာသေးတဲ့ ညီအနောက်သို့ သူလိုက်ရဦးမည်။ ညီသွားတတ်သည့် သူငယ်ချင်းအိမ်ကို သူ ဆိုင်ကယ်နဲ့ မောင်းထွက်လိုက်လာခဲ့တော့သည်။

ဆိုင်ကယ်ကို ခြံထဲမှ မောင်းထွက်လာခဲ့ပြီး လမ်းထိပ်ရောက်တာနဲ့ ဆိုင်ကယ်ကို အရှိန်မြှင့်တင်မောင်းချလာခဲ့သည်။

ညီကို စိတ်ဆိုးဒေါသထွက်လှပြီ။ ဒေါသစိတ်တွေနဲ့ ဆိုင်ကယ်ကို တဝိုးဝိုးဖိမောင်းလာသည့် ခဏအတွင်းမှာပဲ ရုတ်တရက် အရှေ့လမ်းကွေ့မှ ပြိုင်ဘီးကလေးစီးလာသည့်မိန်းကလေး တစ်ယောက်နဲ့ သူ့ဆိုင်ကယ်ကြီး ထိပ်တိုက်မျက်နှာချင်းဆိုင် တိုးဝင်သွားမိချိန်မှာတော့ . . .

နေသစ် မျက်လုံးတွေ ပြာဝေသွားကာ အရှေ့က စက်ဘီးစီးလာသည့် ကောင်မလေးကို အလန့်တကြား လှမ်းအော်တားမြစ်လိုက်ပြီး ဆိုင်ကယ်ကိုလည်း ဘရိတ်အုပ်ချလိုက်ပါတော့သည်။

"ဟာ"

"အောင်မယ်လေး . . . ကယ်ပါဦး"

'ဝုန်း' ခနဲ မြည်သံတစ်ခုက နားထဲ မိုးကြိုးပစ်ချလိုက်သလို ဆူညံသွားကာ သူ အလန့်တကြား မော့ကြည့်လိုက်သည့်အချိန်





မှာတော့ စောစောက ပြိုင်ဘီးကလေးစီးလာတဲ့ ညီတို့အရွယ် ကောင်မလေးမှာ စက်ဘီးတခြား လူတခြားဖြစ်သွားကာ လမ်းမပေါ်မှာ ခွေခွေကလေး လဲကျသွားပါတော့သည်။

မြတ်စွာဘုရား၊ သူမလေး ဘာမှမထိခိုက်ပါစေနဲ့။

ဟာ . . . ပြဿနာပဲ။ အရေးကြီးပါတယ်ဆိုခါမှ လမ်းမှာ ပြဿနာတစ်ခုက ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာလေသည်။

နေသစ်ရင်ထဲ ပူခနဲဖြစ်သွားကာ ခွေခွေကလေး လဲကျသွားတဲ့ ကောင်မလေးဆီသို့ အပြေးတစ်ပိုင်း ရောက်ရှိသွားပါသည်။

မြတ်စွာဘုရား . . . ဒီကောင်မလေး တစ်ခုခုဖြစ်သွားရင် မတွေးရဲစရာပါလား။

နေသစ် တုန်လှုပ်ချောက်ချားစွာ သူမကိုယ်လုံးလေးကို ဆွဲထူလိုက်ပါသည်။

"ဟိတ် . . . မင်း မင်း သတိရပါတယ်နော်"

"အား . . . အောင်မယ်လေး၊ ကျွန်မ ကျွန်မ မသေပါဘူးနော်၊ ရှင် ရှင် မျက်လုံးတွေကန်းနေသလား၊ ဒီမှာ အရှေ့က လူတစ်ယောက်လုံး စက်ဘီးစီးလာတာ၊ ဒါ ကျွန်မကုသိုလ်ကောင်းလို့၊ အသေပွဲစဉ်ပဲ ရှင်တိုက်ချလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ဒါကတော့ တမင်တိုက်ချတာမှ မဟုတ်တာ"

"တမင်မတိုက်လည်း တိုက်တာက တိုက်တာပဲ၊ ရှင့်ကို ရဲတိုင်မယ်၊ ရဲစခန်းကို ရောက်အောင်ကိုပို့မယ်"

မခ စောစောက ဖြစ်ရပ်ကြီးကို အသည်းတယားယား မြင်ယောင်ရင်း မျက်ရည်လေးတွေ စီးကျလာခဲ့တော့သည်။

သူမသာ ဒီဆိုင်ကယ်နဲ့ တိုက်လိုက်မိပြီး၊

အိုး . . . မတွေးရဲစရာပါလား။

ရင်ထဲက လှိုက်ဆူတက်လာတဲ့ ဒေါသစိတ်ကလေးတွေနဲ့ သူမ ကုန်းထလိုက်ပြီး သူမကို ခပ်တွေတွေကြီးကြည့်နေတဲ့ လူကြီး အရှေ့သို့ ဆောင့်ဆောင့်အောင့်အောင့် ရောက်သွားကာ ထိုလူကြီး လက်မောင်းကို ဆွဲကိုင်ခါယမ်းပြီး ရန်တွေ့လိုက်မိသည်။

"ဘာ . . . အခုမှ ရူးချင်ယောင်ဆောင်ပြီး ငုံ့ခုံပစ်ငြိမ်နေရတာလဲ၊ အား အောင်မယ်လေး . . . နာလိုက်တာ၊ လက်ကိုက်လိုက်တာ၊ အား . . . လက်ကျိုးသွားပြီထင်တယ်၊ ရှင် ရှင် ဘာရပ်ကြည့်နေတာလဲ ရှင့်"

မြင့်မခ ထိုလူကြီးရဲ့လက်မောင်းကို ဒေါသဖြစ်ဖြစ်နဲ့ ဆွဲကိုင်ခါယမ်းလိုက်သောအခါ သူမလက်ကလေး တစစ်စစ် နာကျင်ကိုက်ခဲ





သွားပါသည်။

"အား . . . ကျွတ် ကျွတ်၊ နာလိုက်တာ"

သူမ နာကျင်လွန်းစွာ မျက်ရည်ကလေးတွေ စီးကျလာခဲ့တော့သည်။

သူမ လက်ကျိုးသွားရင် ကျောင်းစာတွေ အို . . . ဒီလူကြီးကို သူမ ဆွဲကိုင်ဆုပ်ချေပစ်ချင်လောက်အောင် ဒေါသတကြီး စိုက်ကြည့်လိုက်မိတော့သည်။

"ဟာင် . . . ရှင် ရှင်၊ ရူးသွားပြီလားဟင်၊ ဘာကြောင့်အနေတာလဲ၊ ကျွန်မ လက်ကျိုးသွားပြီ၊ အဲဒါရှင့်ကြောင့်၊ ရှင် ဆိုင်ကယ်ကို လမ်းသရဲစီးသလို စီးတာ၊ ကျွန်မ ရှင့်ကို သေတောင်မကျေဘူး။ ရှင် ကျွန်မကို တောင်းပန်ပါ၊ အခုပဲ တောင်းပန်၊ ရှင်မတောင်းပန်ရင် ကျွန်မ ရဲတိုင်မယ်"

"ဟာ . . . မင်း မင်း လက်ကျိုးသွားတာနေမယ်၊ ဆေးခန်းသွားရအောင်၊ တောင်းပန်ပါတယ်ကွာ၊ နောက်မှ မင်း ဘယ်လိုအပြစ်ပေး ပေး ကိုယ်ခံပါ့မယ်"

နေသစ်တစ်ယောက် ကောင်မလေးမျက်ရည်ကလေးတွေနဲ့ သူ့ကို စွာတေးလန်အောင် ရန်တွေ့နေတာလေးကို ကရုဏာသက်ရွာ



www.burmeseclassic.com

www.burmeseclassic.com



ငေးကြည့်ရင်း ရင်ထဲမှာ အမျိုးအမည်မသိတဲ့ ခံစားမှုကြီးကို သက်ဝင်ရောက်လာကာ သူ ယောင်ယောင်ကန်းကန်းနဲ့ ဘာလုပ်လို့ လုပ်ရမှန်းမသိ ကြောင်ငေးနေသေးသည်။

"အို ... ရှင် ဘာကြည့်နေတာလဲ၊ ဒီမှာ လက်ကိုက်လို့ သေတော့မယ်၊ ရှင် ရှင် လူမဟုတ်ဘူးလား၊ ကိုယ်ချင်းစာစိတ် မရှိဘူးလား"

"ဟာ ... ကိုယ်ချင်းစာပါတယ်၊ ကိုယ် စဉ်းစားနေတာပါ၊ မင်းစက်ဘီးကို ဘယ်မှာထားခဲ့မလဲ၊ လမ်းမှာဆိုတော့ သူများယူသွားရင်"

"အို ... ဆိုင်တစ်ဆိုင်မှာ အပ်ခဲ့၊ မြန်မြန်လုပ် ကျွန်မ လက် သိပ်ကိုက်တယ်၊ ကျွန်မသာ လက်ကျိုးသွားရင် ရှင့်ကို တစ်သက်မကျေဘူး၊ ရှင် ရှင်က ခေါင်းရင်းခြံက လူကြီးမဟုတ်လား"

"ဗျာ ... ဟင်"

"ဒါဆို မင်း မင်းက ခြေရင်းခြံက ကောင်မလေးလား၊ ဒါကြောင့် ငါ မင်းကို မြင်ဖူးသလိုလိုပဲလို့"

နေသစ်တစ်ယောက် ကောင်မလေးကို စိတ်မချနိုင်စွာ လှည့်ကြည့် လှည့်ကြည့်နဲ့ ကောင်မလေးရဲ့ပြိုင်စက်ဘီးကလေးကို ဈေး





ဆိုင်ကလေးမှာ အပ်လိုက်သည်။ အဲဒီနောက် ဆိုင်ကယ်ပေါ် ကောင်မလေးကို ပွေ့တင်ကာ နာမည်ကြီးအထူးကုဆေးခန်းဆီသို့ မောင်းလာခဲ့တော့သည်။

ဟား ... သူ့အဖြစ်က မထင်မှတ်ဘဲ ညီအတွက် နိုးရိမ်ကာ ဒေါကြီးမောကြီး ဆိုင်ကယ်မောင်းလာခဲ့မိခါမှ ...

အင်း ... ခြေရင်းခြံက ညီနဲ့တစ်တန်းတည်း ဆယ်တန်းကျောင်းသူ ကောင်မလေးကို ဆိုင်ကယ်နဲ့ ဝင်တိုက်မိတာ၊ ဟား ... ကံကောင်းလို့ ကောင်မလေး လက်ကလေးပဲ ထိခိုက်သွားတာ။

ခေါင်းကိုများ ထိခိုက်သွားရင်ဖြင့် အင်း ... ကောင်မလေးကလည်း အာဂ အစွာမိန်းကလေး။ သူမသာ လက်ကျိုးသွားရင် သူ့ကို လုံးဝ ကျေနပ်မှာမဟုတ်။

ဆေးခန်းမရောက်ခင် လမ်းတစ်လျှောက်မှာ သူ့ကို ဆောင့်ကြီးအောင့်ကြီး တောင်းဆိုလာခဲ့သေးသည်။

"ရှင် ကျွန်မလက်သာ တကယ်ကျိုးသွားရင် ကျွန်မ ကျောင်းစာတွေအတွက် တာဝန်ယူ ရေးပေးရမယ် ... ကြားလား"

အင်း ... မလွယ်ပါလား။ ဒီကောင်မလေးဟာ တော်တော်စွာမယ့်ရုပ်ပဲ၊ ဒီပတ်ဝန်းကျင် ဒီဒေသကို လာအပိုင်းအခြားလောက်ကမှ



www.burmeseclassic.com

www.burmeseclassic.com



ရောက်ဖူးခဲ့တာမို့ ပတ်ဝန်းကျင်မိသားစုရဲ့ စိတ်နေစိတ်ထားတွေကို သူတို့ညီအစ်ကို နှစ်ယောက် နားမလည်ခဲ့။

မိဘတွေဆုံးပါးသွားခဲ့ပြီးမှ အရင်တုန်းက အဘိုးအဘွားတွေ နေခဲ့တဲ့ ခြံကြီးကို သူတို့ညီအစ်ကိုနှစ်ယောက် ဘကြီးဝမ်းကွဲတော်တဲ့ ဘကြီးကိုခေါ်ပြီး ဒီခြံကြီးကို လွှန်ခဲ့တဲ့သုံးလလောက်ကမှ ရောက်လာခဲ့တာ။

အင်း ... ရောက်ရောက်ချင်း ခြိမ်းချင်းနဲ့ ပြဿနာတစ်ခုနဲ့ ရင်းနှီးရဦးမည်ပေါ့။

ကောင်မလေးကလည်း လွယ်လွယ်နဲ့ ဒီပြဿနာကို ကျေအေးမည်မထင်။

ရဲတွေ ဘာတွေတောင် တိုင်မယ်လို့ ပြောနေသေးသည်။

မလွယ်ပါလား။ ဆေးခန်းထဲ ဝင်သွားတဲ့ကောင်မလေးကို ငေးကြည့်ရင်း ရင်ထဲမှာ ဟာတာတာကြီး ခံစားလိုက်ရသည်။

အခုချိန်လောက်ဆို ညီ အိမ်ပြန်ရောက်နေပြီလား။

အင်း၊ သူ့ဒုက္ခကလည်း မသေးလှ။ စီးပွားရေးကို ဦးဆောင်လုပ်ကိုင်ခဲ့ရတဲ့အပြင် သူငယ်ချင်းတွေနဲ့ အပြင်ထွက်ပြီး သီချင်းဆို၊ ဂစ်တာတီးဖို့ အားသန်နေတဲ့ ညီအတွက်လည်း စိတ်ပူပန်ခဲ့ရနှင့်။





အင်း ... မောပါတယ် ညီရယ်။ မင်းကို စိတ်ပူခဲ့ရတဲ့ ဒေါသတွေနဲ့ အခုတော့ ငါ အလုပ်မအားတဲ့ကြားက ဒီဆယ်တန်းကျောင်းသူမလေးရဲ့ လျော်ကြေးခန်းစာတွေကို ရေးပေးရဦးမယ်ကွာ။

အင်း ... တိုက်တိုက်ဆိုင်ဆိုင် အိမ်နီးချင်းကောင်မလေးနဲ့ တွေ့ဆုံခဲ့ပုံကြီးက သူ့အတွက် ရင်မောစရာပါတကား။

❋ ❋ ❋

www.burmeseclassic.com

## အခန်း (၅)

နေသစ်တစ်ယောက် စိတ်လှုပ်ရှားစွာဖြင့် ပေါ်တီကိုရှေ့မှာ ဆိုင်ကယ်ကြီးကို ထိုးရပ်လိုက်တာနဲ့ ညီက တံခါးအဝကနေ အဆင်သင့် ထွက်စောင့်နေတာကို တွေ့လိုက်ရသည်။

ညီကိုမြင်တွေ့လိုက်တာနဲ့ သူ့ ရင်ထဲက ဒေါသတွေက အလိပ်လိုက် အလိပ်လိုက် တက်လာခဲ့တော့သည်။

ညီမကောင်းလို့ သူ့ ဒေါသတကြီး ဆိုင်ကယ်ကိုမောင်းလာခဲ့မိတာ။ အခုတော့ ဟိုဘက်ခြံက ကောင်မလေး လက်ဆစ်လွဲသွားခဲ့ရလေပြီ။

အင်း၊ . . . လက်မကျိုးလို့ တော်သေးတယ်။ လက်သာကျိုး





သွားရင် ဒီကောင်မလေးရဲ့ စွာဇ်တေးလန်ပုံနဲ့တော့ သူစားသာမှာမဟုတ်။

ညီနဲ့တစ်တန်းထဲသာဆိုတယ်၊ ညီ ဒီကောင်မလေးအကြောင်း တစ်ခါမှလည်း မပြောဘူးခဲ့။

ကောင်မလေးက စွာပေမယ့် အတော်ကလေးချောတာပဲ။ မိန်းမချောကလေးတစ်ယောက်ပင်။ မျက်လုံးကလေးတွေ စိမ်းဖန့်ကာ ဝိုင်းဝိုင်းကလေးလည်နေတာလေးက သူ့ရင်ထဲ ရှိန်းပူမြသွားသည် အထိ စိတ်လှုပ်ရှားသွားခဲ့ရသေးသည်။

ဆယ်တန်းကျောင်းသူမလေးကလည်း အတော်လည်တဲ့ မိန်းကလေး၊ အင်း . . . သူမရဲ့စာတွေကို ကူးပေးရမယ်ဆိုပါလား၊ မလွယ်ဘူး ထင်သည်။

တကယ်တော့ မိန်းကလေးတွေနှင့်ပတ်သက်ပြီး ဘယ်လိုခံစားမှုမျိုးမှ သက်ဝင်မှုမရှိခဲ့။ ရင်မခုန်ခဲ့တဲ့ နေသစ်တစ်ယောက် အခုမှ သူ့ထက် အသက်အများကြီးငယ်တဲ့ ဆယ်တန်းကျောင်းသူမလေးကို ဘာကြောင့်များ နွေးထွေးတဲ့ခံစားမှုတွေနဲ့ သက်ဝင်ခံစားလိုက်ရတာလဲ။

"ကိုကို ဘာဖြစ်နေတာလဲဗျ၊ ကျွန်တော့်ကိုကြည့်ပြီး ဘာငြိမ်နေတာလဲ၊ ကျွန်တော် ကိုကို့ကို ထမင်းစားဖို့ စောင့်နေတာ

www.burmeseclassic.com



မိုးတောင်ချုပ်နေပြီ ကိုကိုရာ၊ ကိုကို ဘယ်တွေလျှောက်သွားနေတာလဲ''

အောင်မယ် . . . သူကပဲ တစ်ပြန်ကြီး။

သူ့ကြောင့် အခုလို ကောင်မလေးနဲ့ ပြဿနာဖြစ်ခဲ့ရတာ။ ကောင်မလေးကို ပြန်ပို့တော့ ကောင်မလေး မိဘတွေက သဘော ကောင်း နားလည်စွာ သူ့ကို အပြစ်မတင်ဘဲ ကြည်ကြည်ဖြူဖြူလေး ဆက်ဆံခဲ့လို့ နေသစ် မျက်နှာမပူခဲ့ရတာ။ ကျေးဇူးတင်ရသေးသည်။

''မင်းကပဲ ငါ့ကို တစ်ပြန်ကြီး၊ နေစမ်းပါဦး . . . မင်းက ကျောင်းပိတ်တယ်ဆိုပြီး ဘယ်လျှောက်သဝေထိုးနေတာလဲ၊ ငါ့မှာ ဒီမှာ မင်းကို လာခေါ်ရင်းနဲ့ ပြဿနာနဲ့ တည့်တည့်တိုးခဲ့ရတာ၊ ကံကောင်းလို့ လူသတ်မှုမဖြစ်တယ်''

''ဗျာ''

မျက်လုံးကလေး ဝိုင်းဝိုင်းလည်သွားတဲ့ညီကို ကြည့်ပြီး သက်ပြင်းမောကြီး မှုတ်ထုတ်လိုက်မိသည်။

အင်း . . . ဟိုဘက်ခြံက ကောင်မလေးမျက်လုံးတွေက လည်း ညီလိုပဲ ဝိုင်းဝိုင်းကလေး၊ ကလေးမျက်လုံးလေးတွေ။

အင်း . . . ကလေးအရွယ် မိန်းကလေးတစ်ယောက်ကို နှလုံး





သားထဲမှာ နေရာပေးဖို့ဆိုတာ မဖြစ်နိုင်ပါဘူး မိန်းကလေးရယ်။

ဟာ . . . ငါ ဘာတွေ စိတ်ကူးယဉ်နေတာပါလိမ့်။

''ဟာ . . . ကိုကို ဘာတွေဖြစ်လာတာလဲ၊ ကျွန်တော်မေးနေ တာ မကြားဘူးလားဗျာ''

''ဟင်''

လက်မောင်းကြီးနှစ်ဖက်ကို ဆွဲကိုင်ခါယမ်းမေးလာသည်။ ညီကို ငေးကြည့်ရင်း နေသစ် ရုက်ရဲရဲကြီး ရယ်လိုက်မိသည်။

''အဟွန်း၊ ရင်တုန်သွားလို့ပါကွာ၊ ကိုကို့အတွက် ရေခဲရေ တစ်ခွက်လောက် ခပ်ပေးစမ်းကွာ''

ညီ ရေခဲသေတ္တာဆီ လျှောက်သွားနေတာကို နေသစ် ဘာရယ်မဟုတ် ငေးကြည့်ရင်း ညနေက အဖြစ်အပျက်ကြီးကို ကြက်သီးထစွာ ခံစားလိုက်ရသည်။

ဟား . . . မတော်လို့သာ ဆိုင်ကယ်နဲ့ တည့်တည့်ကြီးသာ ဝင်တိုက်လိုက်ရင်ဖြင့် မတွေးရဲစရာပါပဲ။

''ရော့ ကိုကို . . . ကိုကို ဘာတွေ ဖြစ်လာတယ်ဆိုတာလည်း ပြောပြပါဦး၊ ကျွန်တော် ရင်ထိတ်လိုက်တာ ကိုကိုရာ''

''မင်းက ရင်ထိတ်နေ၊ ငါ့မှာ ကြောက်လွန်းလို့ သေမတတ်



www.burmeseclassic.com

www.burmeseclassic.com



ပဲကွာ၊ မင်းနဲ့အတန်းတူ တစ်ဖက်ခြံက ကောင်မလေးကွာ၊ အဲဒါလေ
ကို ငါ ဆိုင်ကယ်နဲ့ ဝင်တိုက်မိတာ ကံကောင်းလို့ သူကလည်
စက်ဘီးအကွေ့ကောင်းလို့ ငါကလည်း ဘရိတ်အမိမြန်လို့ပေါ့ကွာ
နို့မို့ စတီးလက်ကောက် ဝတ်ရလောက်ပြီ''

''ဟင် ... ကိုကို မခနဲ့ ဆိုင်ကယ်ချင်းတိုက်မိတာ ...
ဟုတ်လား''

''သူက စက်ဘီးကွ၊ ငါက ဆိုင်ကယ်၊ ဟား ... ရင်ထိတ်
လိုက်တာကွာ၊ မင်း ဒီကောင်မလေးကို သိတယ်လား၊ တစ်ခါမှ သူ
အကြောင်း ပြောမထားတော့ ငါက ဘယ်သိမလဲကွာ၊ တော်တော်
စွာတဲ့မိန်းကလေး၊ ငါ့ကိုများ ပြောလိုက်တာကွာ၊ ရဲတောင်တိုင်မယ်
လုပ်လို့ မနည်းတောင်းပန်ရတယ်''

''ဟား ဟား ... တော်သေးတာပေါ့၊ ကိုကို့ကို ပါးပိတ်မတီ
ခဲ့တာ၊ မခက တော်တော်စွာတယ် ကိုကိုရေ့ ကျွန်တော်တို့နဲ့တစ်တန်း
တည်းဆိုတော့ သူ့အကြောင်းကို ကျွန်တော်အသိဆုံး၊ ကိုကို သူ
ဘာဖြစ်သွားသေးလဲ''

''လက်ဆစ်လွဲသွားလို့ တော်သေးတာပေါ့ကွာ၊ လက်က
ကျိုးသွားရင်တော့ ငါတော့ စားသာမှာမဟုတ်တော့ဘူး ... ဟာ





ဟား ... တော့်တော်စွာတာကွာ၊ ဒီလောက်စွာတဲ့မိန်းကလေးမျိုး
ငါ ဒီတစ်ခါပဲ တွေ့ဖူးတယ်၊ အခု သူ လက်မကောင်းလို့ စာရေးပျက်တဲ့
စာတွေကို ငါက ကူးပေးရမယ်တဲ့ကွာ၊ အဲဒါ ငါ့ကိုကူညီစမ်းပါဦး
ညီရာ ... နော်''

''ဟာ ... ရပါတယ် ကိုကိုရဲ၊ သူ့စာအုပ်ဆိုရင် ကျွန်တော်
အသေအလဲကို ကူးပေးချင်တာပါ''

''အောင်မယ် ... မင်းက ဒါမျိုးစိတ်ဝင်စားဖို့ ငါ ခွင့်မပြုဘူး
နော်၊ ကလေးက ကလေးလိုနေ''

''ဟဲ ဟဲ ဆယ်တန်းရောက်တော့ ကလေးမဟုတ်တော့ဘူး
ကိုကိုရဲ၊ မခက သိပ်ချောတယ် ကိုကို၊ ကျွန်တော် သူ့ကို အရမ်း''

''ဖာ်တ်ကောင် ဟန်းသာ ... မင်း သွား စာသွားကျက်တော့
... သွား''

''ကိုကိုကလည်း ထမင်းစားရဦးမယ်လေဗျာ၊ ကိုကို့စတိုင်လ်
ကြီးကတော့ လူပျိုကြီးဖြစ်မှာ သေချာတယ်''

''လူပျိုကြီးဖြစ်တော့ ကောင်းတာပေါ့ကွ၊ ဘယ်သူ့သား
သမီးမှ အပိုလုပ်မကျွေးရတော့ဘူး''

''ဘယ်တူမလဲ ကိုကိုရဲ''



www.burmeseclassic.com

www.burmeseclassic.com



"ဟိတ်ကောင် ဟန်းသာ၊ မင်းပါးစပ် ပိတ်တော့"

နေသစ်တစ်ယောက် ဘာကြောင့်မှန်းမသိ ရင်ထဲမှာ တင်းကျပ်ကျပ်ကြီး ဖြစ်သွားရသည်။

ဟာ၊ ဘာဆိုင်လို့လဲ။ ငါနဲ့ဘာဆိုင်လို့လဲ။

ညီနဲ့သူမက တစ်တန်းတည်းသား သူငယ်ချင်းတွေဆိုတော့ အင်း ညီစကားအရ ညီ ဒီကောင်မလေးကို စိတ်ဝင်စားနေပြီဆိုတာကို သူ နားလည်လိုက်ပါသည်။

ဘာပဲဖြစ်ဖြစ်၊ ကိုယ့်ညီမလေးအရွယ်လောက်ရှိတဲ့ ကောင်မလေးကိုတော့ နေသစ် မေ့ပစ်လိုက်ဖို့ ကြိုးစားလိုက်ပါသည်။

သို့သော် သူမကို သူ ဘယ်လိုမှ မေ့ပစ်လို့မရအောင် ကံကြမ္မာလှည့်ပတ်ပြီး ဖန်တီးပေးလာခဲ့ပြန်သည်။

❀ ❀ ❀



## အခန်း (၆)

စာကြည့်စားပွဲမှာ စာမကျက်နိုင်သေးဘဲ သူမအတွက် သင်္ချာပုစ္ဆာတွေကို တွက်ပေးရင်း ပြုံးပြုံးကလေး ကျေနပ်နေမိသူကကတော့ ဟန်းသာရယ်ပါ။

မြင့်မခကို ဟန်းသာ ဒီခြံကြီးဆီ ပြောင်းလာတဲ့ နောက်တစ်နေ့မှာ စတင် စိတ်ဝင်စားခဲ့တာ။

အဲဒီတုန်းက မြင့်မခက ကျောင်းတွေမဖွင့်သေးတော့ သူ့ကို မသိသေး။ သူကသာ ခြံထဲမှာ ခွေးကလေးနဲ့ ဘောလုံးကစားနေတဲ့ မြင့်မခဆိုတဲ့ မိန်းမချောကလေးကို ဝရန်တာကနေ လှမ်းမြင်ခဲ့ပြီး ရင်ကလေးတွေ တလှိုက်လှိုက်ခုန်မြည်ခဲ့တာကို ကိုကို့ကိုတောင်



www.burmeseclassic.com

www.burmeseclassic.com



အသိမပေးရဲခဲ့။

သူ့ကို အရွယ်ငယ်ငယ်ကလေးနဲ့ စိတ်ကစားရမလားဆိုပြီး ကိုကို မာန်မဲဆူပူမှာကိုလည်း ကြောက်လန့်ခဲ့ရသေးသည်။

အခုတော့ သူမစာအုပ်ကလေးတွေကို စာကူးပေးရတယ် ဆိုတော့ ဟန်းသာအတွက် အခွင့်အရေးတစ်ခု ရလိုက်သလိုပါပဲ။

အဟွန်း၊ အခုမှပဲ ငါ နှင့်ကို စာပေးခွင့်ကြုံတော့တယ်။ ငါ့ရင်ထဲက ခံစားရတဲ့ ခံစားချက်ကလေးတွေကို ငါ ရင်ဖွင့်ပြီး နှင့်ကို တင်ပြလိုက်မယ်၊ ငါ အရမ်းရင်ခုန်နေတယ် မခရယ်၊ နှင့် မျက်နှာချောချောကလေးနဲ့ နှင့် နှုတ်ခမ်းလှလှလေးက စွာတာတာ စကားသံလေးတွေကို ငါ ကြားယောင်နေပါသေးတယ်။

ငါ နှင့်ကို သူကိုယ်တိုင် စာလိုက်ပေးရင် နှင်က ငါ့ကို ပါးမရိုက်ဘူးလို့ ဘယ်ပြောလို့ရမလဲ။

အဟွန်း။ အခုတော့ သူမရဲ့စာအုပ်ကလေးထဲကို သူ့ရင်ထဲက စကားလုံးလေးတွေ ဖွင့်ဟထားတာလေးတွေ သူမ နှလုံးသားက ခံစားပြီး ဖတ်ခွင့်ကြုံတော့မည်။

ကျေးဇူးပဲ ကိုကိုရေ၊ ဟန်းသာတစ်ယောက်တည်း မခရဲ့ မျက်နှာချောချောကလေးကို မြင်ယောင်ကြည့်ရင်း ကျေကျေနပ်နပ်





ကလေး ရယ်မောလိုက်မိပါသည်။

"အဟွန်း"

"ဟေ ... ညီ တစ်ယောက်တည်း ဘာတွေ ကျိတ်သဘော ကျနေတာလဲကွ"

ဟန်းသာတစ်ယောက် စိတ်ကူးအယဉ်လွင့်သွားတဲ့အဖြစ်ကြီး ကို ရှက်ဝဲဝဲကလေး ခံစားလိုက်ရပြီး ကိုကို့ကို ရှက်မျက်နှာရဲရဲကလေး နဲ့ မော့ကြည့်လိုက်မိသည်။

ကိုကို့မျက်နှာကလည်း ပြုံးတုံ့တုံ့ကြီး ဘာတွေ သဘောကျ လာတယ်မသိ။

ဟန်းသာမှာ အလိုလိုနေရင်း စိတ်ထဲ မလုံခြုံသလိုကြီး ခံစားလိုက်ရသည်။

"ကိုကိုကရော ဘာတွေ သဘောကျလာတာလဲ"

"မင်းရယ်နေတာလေးကို သဘောကျလို့ပါကွ၊ ငါ့ညီကတော့ ကွာ၊ တကယ် စိတ်ကူးယဉ်တာပဲ၊ ဘာတွေ တွေးပြီး တစ်ယောက် တည်း ကျိတ်ရယ်နေတာလဲ"

ဟန်းသာ စာအုပ်ကလေးကို ကိုကို့ရှေ့ ချပေးလိုက်ပါသည်။

"ဒီမှာ ကျွန်တော့်လက်ရေးနဲ့ သူ့လက်ရေးကို ယှဉ်ကြည့်



www.burmeseclassic.com

လိုက် ကိုကို''

''ဟာ ညီရာ ... လက်ရေးသပ်သပ်ရပ်ရပ် ရေးစမ်းကွာ တော်ကြာ ကောင်မလေးက ငါ့ပဲ အပြစ်ပြောမှာ''

''အပြစ်ပြောလည်း ခံလိုက်ပေါ့''

''အေးပါကွာ အေးပါ၊ မင်း ဒီထက်လှအောင်တော့ လက်ရေး ကလေးကို သပ်သပ်ရပ်ရပ် ရေးစမ်းပါ''

''အိုကေ၊ ကျွန်တော် စိတ်ပါဝင်စားစွာနဲ့ ရေးလိုက်ဦးမယ်၊ ဒီစာအုပ်ကို မနက်ဖြန် မခကို ပေးရမှာနော် ကိုကို''

''အေး၊ ဒီည အပြီးရေးပေးလိုက်ပါကွာ၊ ငါ့မှာလည်း ငါ့ ညီတစ်ယောက်လုံး ရှိလို့ပေါ့ကွာ၊ ဒီကောင်မလေး ဒါ တမင်သက် သက် ငါ့ကို ညစ်တာပါကွာ''

''အဟွန်း ဟွန်း ... ကိုကို မခကို စိတ်ဝင်စားနေပြီလားဟင်''

''ဟာကွာ ... ပေါက်တီးပေါက်ရှာ၊ ကလေးအရွယ်က မင်းကလည်း၊ ညီနော် ... ငါ့ကို ဒီစကားမျိုး လာမပြောနဲ့၊ ငါ မကြိုက်ဘူး''

ရှက်မျက်နှာရဲရဲကြီးနဲ့ ခေါင်းကြီးတခါခါ ငြင်းလိုက်တဲ့ ကိုကို ကိုကြည့်ပြီး ဟန်းသာ ဟက်ဟက်ပက်ပက် ရယ်မောလိုက်ပါတော့





သည်။ ကိုကို ဒီလောက်ရှက်သွားတာ သူ ဒီတစ်ခါပဲ မြင်ဖူးသေး သည်။ ကိုကို့ရင်ထဲမှာ ဘာတွေခံစားနေရပြီလဲ။

အဟွန်း ဟွန်း ... ကိုကို လူပျိုကြီးတစ်ယောက်တော့ စကား လေးနဲ့တင် ရှက်သွားလိုက်တာ။

ကိုကို့ရင်ထဲက ခံစားချက်တွေကို သူ ထွင်းဖောက်မြင်လို့ မရခဲ့။ ဒါပေမဲ့ ကိုကို့ရင်ထဲမှာ ရိုးသားတဲ့ ခံစားမှုတွေ ရှိနေခဲ့တာ သူ ခံစားသိမြင်ခဲ့ပါသည်။

ကိုကို့စိတ်ဓာတ်နဲ့ သူ့စိတ်ဓာတ်ကတော့ ဆန့်ကျင်ဘက်ပါပဲ။ ကိုကိုက တည်ကြည်ရိုးသားတဲ့စိတ်ဓာတ်နဲ့ ဘယ်အရာမဆို လေး လေးနက်နက် စဉ်းစားချင့်ချိန်တတ်သလို သူကတော့ ဘာကိုမှ အလေးမထားဘဲ ဦးတည်ချက်မရှိ စိတ်ရဲ့ခံစားရတဲ့ ခံစားမှုကြီးအတိုင်း နေထိုင်ခဲ့သည်။

ဒါပေမဲ့ ရင်ထဲက နှလုံးသားထဲက ခံစားခဲ့ရတဲ့ အချစ်ဆိုတဲ့ နွေးထွေးချိုမြိန်တဲ့ အရာကလေးကိုတော့ ဟန်းသာ အလေးထားခဲ့ သည်၊ တန်ဖိုးထားကာ ရူးသွပ်ခဲ့သည်။

ငါ နင့်ကို တကယ်ချစ်တာပါ မခရယ်။

ကိုကို သူ့အခန်းထဲက ထွက်သွားတော့မှ သူ့ရင်ထဲက



www.burmeseclassic.com

www.burmeseclassic.com



ခံစားရသည့် ခံစားမှုကလေးတွေကို ဖွဲ့ဖွဲ့နွဲ့နွဲ့ကလေး ချရေးလိုက်ပါတော့သည်။

မခရယ် ငါ ဒီညတစ်ညလုံး မအိပ်ဘဲ ရေးထားတဲ့ ငါ့ရင်ထဲက ခံစားမှုကလေးကို နားလည်ခံစားပေးပါကွာ။

❁ ❁ ❁



## အခန်း (၇)

"ရော့ ကိုကို . . . မခစာအုပ်တွေ သွားပေးလိုက်တော့၊ ကျွန်တော် အားလုံးစူးပြီးသွားပြီ၊ နောက်လိုအပ်ရင် ထပ်ကူးပေးရဦးမလားလို့ ကိုကိုမေးလာခဲ့ဦး"

"အောင်မယ်လေး တော်ပါကွာ၊ မင်းမှာလည်း စာကူးနေရတာနဲ့ စာကျက်ချိန်မရတော့ဘူး၊ မင်း နှစ်ချင်းပေါက်အောင် ကိုကို မောင်းမှာနော်၊ နှစ်ချင်းမပေါက်လို့ကတော့ ငါနဲ့အတွေ့ပဲ"

"ဒီလောက်ကတော့ ပျင်းပါတယ် ကိုကိုရာ"

"အေး . . . မင်းပြောလိုက်ရင် ဒီအတိုင်းချည်းပဲ၊ ပထမနှစ်တက် စာမေးပွဲတွေ ဖြေရတော့မယ်နော်၊ စာတွေ ဖိသာကျက်ပေ



www.burmeseclassic.com

www.burmeseclassic.com



တော့"

အမြဲတမ်း စာကိစ္စနဲ့ ပြောလိုက်ရင် ပျင်းတယ် ပျင်းတယ်နဲ့၊ သူ့ကိုယ်သူ အဟုတ်ကြီးထင်နေတတ်တဲ့ ညီမှာ အောင်စာရင်းထွက်လာလို့ အမှတ်ကို တောင်းကြည့်လိုက်ရင်ဖြင့် အောင်ရုံကပ်ချိတ်ကလေး ရှိခဲ့တာ သူသိထားပြီးမို့ ဒီနှစ်တော့ ညီ့ကို တစ်ဘာသာသုံးသိန်းတန် ဈေးအမြင့်ဆုံး ကျူရှင်နဲ့ အသေအချာ အပ်ပြီးထားခဲ့တာမို့ ညီ နှစ်ချင်းပေါက်မယ်ဆိုတာ သူယုံပြီးသား။

သူ့မှာ ဒီညီကလေးတစ်ယောက်ထဲကို အရိပ်တကြည့်ကြည့် ချစ်နေခဲ့တာ။ တစ်ခါတစ်ခါကျ ညီက ဆိုးချင်တတ်သေးသည်။

အဲဒီအခါ သူ အကြီးအကျယ် စိတ်ဆင်းရဲခဲ့ရလေသည်။ အုပ်ထိန်းသူအစ်ကိုကြီးတစ်ယောက်အနေနဲ့ ညီ့ဘဝလေး လမ်းကြောင်း မဖြောင့်ဖြူးမယ့်အဖြစ်ကြီးကိုတော့ ဘယ်တော့မှ အရောက်မခံနိုင်။

ညီ လက်ထဲက ကျွတ်ကျွတ်အိတ်ကြီးနဲ့ ထည့်ထားတဲ့ သူမစာအုပ်ကလေးတွေကို သယ်ရင်း သူ တစ်ဖက်ခြံသို့ ကူးလာခဲ့ရသည်။

သူ့ဒုက္ခကလည်း မသေးလှပါတကား။





ခြံထဲက ဒန်းကလေးပေါ်မှာ စာထိုင်ကျက်နေတဲ့ မြင့်မခ ဆိုတဲ့ ကောင်မလေးဆီ ရှုံ့တွန့်တွန့်ကြီး လျှောက်လာခဲ့သည်။

လူကြီးတွေရှေ့မှာ မဟုတ်ရင် ဒီကောင်မလေး သူ့ကို ဘာတွေပြောလာဦးမည်မသိ။ သူမ ပါးစပ်ကြီးကိုတော့ သူ တကယ် ကြောက်ပါသည်။ ဒီလောက်စွာတဲ့ မိန်းကလေးမျိုး နေသစ် ဒီတစ်ခါပဲ တွေ့ဖူး ခဲ့တာ။

"ဟော့ လူကြီး . . . ကုပ်ချောင်း ကုပ်ချောင်းနဲ့ မြန်မြန်လာပါ၊ ဒီမှာ စာအုပ် ဒီမနက်လာပေးမယ်ဆိုလို့ စောင့်နေတာ၊ စာကျက်ချိန် ပျက်တယ်"

အွန့် . . . ကြည့်စမ်း။ ဒီကောင်မလေး ဘာဖြစ်လို့ ဒီလောက် စကားပြောတာ မယဉ်ကျေးတာပါလိမ့်။ သူမ မိဘတွေကလည်း စကားပြောချိုသာပါတယ်။

အင်း . . . မင်းပါးစပ်ပေါက်နဲ့ ငါနဲ့ကတော့ ဘယ်တော့မှ တည့်မှာမဟုတ်။ သူ့ထက် ဆယ်နှစ်လောက်ငယ်တဲ့ မိန်းကလေး တစ်ယောက်က အခုလို ပြောလာတာ သူ သည်းခံလို့မဖြစ်၊ သည်းခံ လိုက်ရင် သူမ ဒီထက် ရောင့်တက်သွားလိမ့်မည်။

ဒန်းကလေးကို လွှဲပြီး သူ့မျက်နှာကိုမကြည့်ဘဲ ခပ်ပင့်ပင့်



www.burmeseclassic.com

www.burmeseclassic.com



ကလေးနဲ့ မျက်နှာတည်တည်ကလေးလုပ်နေတဲ့ ကောင်မလေးကို သူ မျက်မှောင်ကြီး ကြုတ်ကြည့်လိုက်ရင်း . . .

"မင်း ကလေးက ကလေးလိုနေ၊ စကားပြောတာ မရင့်သီးနဲ့"

"အံမယ် . . . ရှင်ကရော လူကြီး လူကြီးလိုနေပါလား၊ လမ်းလျှောက်လာတာ တကတဲ ပေါင်မှာ အကျိတ်ပေါက်လို့ မနည်းလျှောက်လာရတဲ့ ပုံစံနဲ့၊ ဒီမှာ ကျောင်းသွားချိန် နီးနေပြီ"

"ဟာကွာ ဒီကောင်မလေး . . . မင်းနော်"

နေသစ် ကောင်မလေးရဲ့စကားကြီးကို ရက်ရှဲရှဲကြီးဖြစ်သွားကာ မျက်နှာကြီးတစ်ခုလုံး ထူပူစွာ ခံစားလိုက်ရသည်။

ဘယ်လိုကောင်မလေးမှန်းလဲ မသိ၊ စကားပြောတာကြီးက။

ဟာ . . . ငါ ဘာတွေ ဖြစ်နေတာလဲ။

ကောင်မလေးမျက်နှာလေးကို မြင်တာနဲ့ ငါ ဘာဖြစ်လို့ ဒီလောက်အထိ စိတ်လှုပ်ရှားခဲ့တာလဲ၊ ရင်တွေ တဒိတ်ဒိတ်ခုန်ခဲ့ရတာလဲ။ သူမက ကလေးအရွယ်လေးပဲ ရှိသေးတာ။

အင်း . . . ဒါပေမဲ့ မင်းမျက်နှာကလေးဟာ ဆံပင်အတိုကလေး နဲ့ နုမှုန်နေအောင် ချောတာလေးကို ငါ ဝန်မခံဘဲ မနေနိုင်ပါ





ဘူးကွာ။

"ဘာဖြစ်လို့ ကြောင်ကြည့်နေတာလဲ၊ ပေးလေ . . . ကျွန်မ စာအုပ်တွေ၊ သင်ခန်းစာအားလုံး ကူးပေးတာလား"

သူမမျက်နှာကလေးကို ရီရီလေးငေးကြည့်နေတဲ့ ဒီလူမျက်နှာကြီးကို သူမ အမြင်ကတ်ကတ်နဲ့ စူးစူးကလေး စိုက်ကြည့်လိုက်တော့ သူက မနေတတ် မထိုင်တတ်နဲ့ အမူအရာပျက်သွားကာ ခေါင်းကြီးကို ငုံ့ချလိုက်ပါသည်။

သူမ ဒီအသက်အရွယ်အထိ ဒီလောက် ရိုးအပြီး ခွကျတဲ့ လူကြီးကို ဒီတစ်ခါပဲ မြင်ဖူးခဲ့တာဖြစ်သည်။ အင်း ဟင်း ဟင်း . . . ရှုစည်တည်မျက်နှာကြီးနဲ့ ငါ့ကိုကြည့်နေတဲ့ မျက်လုံးတွေက မရိုးသားဘူး။ ဦးနေသစ်ဆိုတဲ့လူကြီး သူမကိုများ စိတ်ဝင်စားနေပြီလား။

အို . . . ငါ ဘာတွေစဉ်းစားနေတာလဲ၊ ငါက အခုမှ ကျောင်းပညာသင်တုန်း ကလေးပဲရှိသေးတာပဲ။ ဒါပေမဲ့ ဦးနေသစ် သူမကို စိတ်ဝင်စားခဲ့တာကို သူမနှလုံးသားက အလိုလိုသိရှိနားလည်ခဲ့ရလေသည်။

"မင်းလက် သက်သာသွားပြီလားဟင်"

"ဟုတ်၊ အဲဒီနေ့က ရှင်သာ ဆိုင်ကယ်စီးမကျွမ်းကျင်ခဲ့ရင်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတော့ တွေးရဲစရာမရှိတော့ဘူး၊ ရှင်က ဘာတွေ ဒီလောက် အရေးကြီးနေလို့ ဆိုင်ကယ်ကို ကမူးရှူးထိုး မောင်းခဲ့ရတာလဲ''

''အင်း . . . ဒါက''

တော်တော် အူကြောင်ကြောင်နိုင်တဲ့ လူကြီးပါပဲ။ ခေါင်းကို ခပ်ဖွဖွ ကုတ်ခြစ်လိုက်ပြီး အပြောရခက်နေသလို၊ သူ့အသက်အရွယ် ကြီးနဲ့ ဒီလောက်တည်ငြိမ်မှုမရှိတာ သူမ အမြင်ကတ်ကာ စိတ်တိုသွား ရပါသည်။

''ဟယ် . . . ဘာကြီးလဲ၊ ပြောမှာဖြင့် ပြောလေကွာ၊ အဲဒီလို ရှိုးတိုးအတကြီးနေတာ လုံးဝမကြိုက်ဘူး . . . သိလား''

သူမက သူ့လက်မောင်းကြီးကို ဆုပ်ကိုင်ခါယမ်းပြီးပြောလာ တာမို့ သူ အလန့်တကြား ကောင်မလေးကို ငုံ့ကြည့်လိုက်မိသည်။

မြတ်စွာဘုရား၊ တောင်မလေးက လက်ရဲဇက်ရဲကြီးပါလား။ သူ့ရင်ထဲ တုန်တုန်ဆတ်ဆတ်ကြီးဖြစ်သွားကာ ကောင်မလေးကို ရှက်မျက်နှာရဲရဲကြီးနှင့် ငုံ့ကြည့်နေမိတဲ့ သူ့မျက်နှာကြီးတစ်ခုလုံး ထူထူပူပူကြီး ခံစားလိုက်ရသည်။

ဟား . . . ငါဘာဖြစ်နေတာလဲ၊ ငါ့အရွယ်က ဒီကောင်မလေး ထက် ဆယ်နှစ်လောက်ကြီးတဲ့အရွယ်ပဲ။





''မပြောလည်းနေပေါ့၊ ကျွန်မ ကျောင်းသွားတော့မယ်၊ ကျောင်းချိန်နီးနေပြီ၊ စာကူးပေးတဲ့အတွက် ကျေးဇူးပဲနော်''

နေသစ် အရှေ့ကနေ ကောင်မလေးက သူပေးလိုက်သည့် စာအုပ်ထုပ်ကလေးကို ကိုင်ပြီး စွတ်ခနဲ လှည့်ပြေးသွားလေသည်။ ဂျင်းရှော့ပင်ကလေး ဝတ်ထားတဲ့ သူမကလေးကို အနောက်ကနေ လှမ်းကြည့်ရင်း သူ သက်ပြင်းမောကြီး ချလိုက်မိပါတော့သည်။

တကယ့်ကလေးလေးပါပဲ။ ပြီးတော့ သူမက အခုမှ ဆယ်တန်းကျောင်းသူကလေးပဲ ရှိသေးတာ။

ငါ မင်းကို စိတ်မဝင်စားချင်ပါဘူး မခရယ်၊ ကလေးသာသာ အရွယ်ကလေးပဲ ရှိသေးတဲ့မင်းကို ငါ့နှလုံးသားက ရူးရူးမိုက်မိုက်နဲ့ စွဲလမ်းသွားခဲ့ရင်း ငါပဲ ရူးသွပ်ရာကျမှာပါ။

မင်းကို ငါ မေ့နိုင်အောင် ကြိုးစားမယ် မခ။

ခပ်တွေတွေကြီးရပ်ကြည့်နေမိရာမှ သူမကို ကျောခိုင်းကာ ဒီခြံကြီးထဲမှ လှည့်ထွက်လာခဲ့မိပါတော့သည်။

နေ့သစ်ရင်ထဲမှာ ဘာကြောင့်မှန်းမသိ ဆွတ်ကျင်ကျင်ကြီး ခံစားလိုက်ရပါသည်။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

ဒီကနေ့ ကျောင်းကိုလာခဲ့ရတဲ့ ဟန်းသာ ရင်ထဲမှာ ကြည်နူးမှု ပျော်ရွှင်မှုကလေးတွေနဲ့ တက်ကြွနေသည့် ခံစားမှုအသစ်အဆန်းဆန်း ကြီးက လှုပ်ရှားပေါက်အရွယ် ဟန်သာရင်ကို ထွင်းဖောက်နေရာယူထား ပါလေသည်။

အဟွန်း မခကို ချစ်ခဲ့မိတဲ့ နှလုံးသားထဲက စကားတွေကို သူ ရင်ဖွင့်ချင်တာကြာပြီ။ အခုမှပဲ အခွင့်အရေးကြုံတော့တယ်။

ဟော ဟန်းသာတစ်ယောက်တည်း ဂနာမငြိမ် စိတ်လှုပ်ရှား ကာ ဒီနေ့တစ်နေ့လုံး မခကို ခဏခဏ လှည့်ကြည့်နေရတဲ့ သူ့ရင်ထဲ က ခံစားချက်တွေကို သူငယ်ချင်းတွေက ဟားတိုက်ရယ်မော လှောင်





ပြောင်ခဲ့တာကို ဟန်းသာ မရှက်နိုင်ဘဲ ကျောင်းဆင်းချိန် အခွင့်အရေး တစ်ခုကို စောင့်မျှော်နေလိုက်သည်။

အဲဒီအချိန်မှာ အကျီအဖြူရင်ဖုံးကလေးနဲ့ လုံချည်အစိမ်း လေးကို ချပ်ချပ်ရပ်ရပ် ဝတ်ထားတဲ့ မခတစ်ယောက်တည်း အတန်း ထဲက ထွက်လာတာ တွေ့လိုက်ရသဖြင့် သူ ရင်ခုန်စိတ်လှုပ်ရှားသွား ပါသည်။

မခ အခန်းထဲက လှမ်းထွက်သွားတဲ့ အနောက်ကနေ ခပ်လျှိုလျှိုကလေး ဟန်းသာ လိုက်လာခဲ့ပြီး သူ့ဆိုင်ကယ်နဲ့ မလှမ်း မကမ်းမှာ ရပ်ထားတဲ့ မခဆိုင်ကယ်ဆီ မဝံ့မရဲကလေး လျှောက်သွား လိုက်ကာ မခနဲ့ စကားရောဖောရော ပြောဖို့အကြံယူလိုက်ပါသည်။

မခက တစ်တန်းလုံးကယောက်ျားလေးတွေကို တစ်ယောက် မှ စကားမပြောတာမို့ သူမနဲ့ စကားပြောရမှာ နည်းနည်းထိတ်လန့် နေသည်။

“မခ”

အောင်မယ် ... ကြည့်စမ်း။ ခေါင်းရင်းခြံက ဦးနေသစ်ရဲ့ ညီလေးက သူမကိုများ ရင်းရင်းနှီးနှီး မခလို့ ခေါ်လိုပါလား။ ဒီကောင် လေးလောက် ဂျစ်ပစီကျတာ မရှိ။ ကျောင်းချိန်ကို မှန်မှန်မတက်လို့



www.burmeseclassic.com

www.burmeseclassic.com



သူ့အုပ်ထိန်းသူ သူ့အစ်ကိုက ရုံးခန်းကို ဆရာမနဲ့ လာတွေ့ရတာ သုံးခါတောင် ရှိခဲ့ပြီ။

ဒီလိုလူစားမျိုးလေးက သူမကို လာပြီး အရောဝင်ဖို့ ကြိုးစားရင်တော့ အဟင်း . . . သူမအကြောင်း ကောင်းကောင်းသိသွားအောင် ပညာပေးပစ်လိုက်မယ်။

အစ်ကိုလုပ်တဲ့ အူကြောင်ကြောင်လူသားကလည်း ရိုးတော့မလိုလို၊ အတော့မလိုလိုနဲ့ သူမ သင်္ချာစာအုပ်ထဲမှာ သူမကို ရည်းစားစာ ရေးထည့်ပေးခဲ့တာ ကံကောင်းလို့ သူငယ်ချင်းတွေ မမြင်ခင် သူမ ဖွက်ယူလိုက်ရသည်။

အင်း . . . အိမ်ကျမှပဲ ဖတ်ကြည့်တော့မယ်။ သူမရင်ထဲမှာ ဘာကြောင့်မှန်းမသိ စုန့်တုန့်ယင်ယင်ကလေး ဖြစ်ကာ ကျေနပ်ပျော်ရွှင်သလိုကြီး ခံစားရပါသည်။

''အဟွန်း . . . မခတစ်ယောက်တည်း ပြန်မလို့လား''

''နင်က ငါ့များ မခလို့ ခေါ်စရာမလိုပါဘူး၊ ငါ့နာမည် မြင့်မခဆိုတာ နင်မသိဘူးလား''

''သိပါတယ်၊ ဒါပေမဲ့ ခင်မင်မှုနဲ့''

''နင် ခင်စရာမလိုပါဘူး''





''အိမ်နီးချင်းပဲလေဟာ၊ ဟိုဒင်း မခဆိုင်ကယ်လေး ကောင်းလိုက်တာနော်၊ ငါမစီးဖူးလို့ စီးကြည့်ချင်လိုက်တာ၊ ငါ့ဆိုင်ကယ်နဲ့ လဲစီးပါလားဟာ၊ တစ်ခါတလေပဲ''

''အောင်မယ် . . . နင်ကများ ရာရာစစ''

''မခကလည်း ရန်သူကြီးကျနေတာပဲ၊ အိမ်နီးချင်းသူငယ်ချင်းတွေပဲ''

''ဘာသူငယ်ချင်းလဲ၊ နင်နဲ့ ဘယ်တော့မှ သူငယ်ချင်း မဖြစ်ဘူး''

''ဘာဖြစ်လို့လဲ''

''သိက္ခာကျလို့''

''ဟင်''

အရေးထဲ လာရစ်နေတဲ့ ညီနဲ့ တိုးနေသေးသည်။ ဒီညီ အစ်ကို နှစ်ယောက် ဘာအရူးထပြီး သူမကိုမှ လာအရောဝင်ချင်ရတာလဲ။ ဒီကောင်လေး သူမကို တိတ်တဆိတ် ကျိတ်ကြိုက်ပြီး အောခဏ ခိုးကြည့်နေတာ သူမသိထားလို့ သူ့ကို အရေးမလုပ်ဘဲ ဆက်ဆံလိုက်တာ။ ဒီကောင်လေးအချိုးတွေကို မခ လုံးဝမနှစ်မြို့။

သူနဲ့သူငယ်ချင်းဖြစ်ဖို့လည်း လုံးဝ စိတ်မကူး။ သူမက



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ကယ်သော့ဖွင့်ပြီး အရှေ့ကနေ မောင်းထွက်လာခဲ့တော့သည်။

ကောင်လေး အနောက်မှာ တိတ်တိတ်ကလေးကျန်ခဲ့တာလေးကို သူမက မျက်စောင်းကလေး ငဲ့ကြည့်လိုက်ရင်း မထိတထိကလေး ပြုံးလိုက်မိပါသည်။

လာလာချည်လွန်းတဲ့ ညီအစ်ကိုနှစ်ယောက်ပဲ။ အခုမှ ပြောင်းလာတာ သုံးလေးလရှိသေးတယ်။ အစ်ကိုလုပ်တဲ့လူက စာကူးပေးရင်း စာအုပ်ထဲကို ရည်းစားစာ စာအိတ် ပန်းရောင်ကလေး ညှပ်ထည့်ပေးလာသည်။ အခု သူ့ညီက ညနေစောင်း ကျောင်းအပြန်မှာ စကားရော ဖောရောနဲ့ ဝင်ရစ်နေခဲ့တာ ဘယ်လိုလူစားတွေပါလိမ့်။

ဒါပေမဲ့ သူမရင်ထဲမှာတော့ ခပ်တည်တည်မျက်နှာကြီးနဲ့ သူမကို ကလေးတစ်ယောက်လို ဆက်ဆံပြီး စာပေးလာတဲ့လူကြီးရဲ့ မျက်နှာကြီးကို မြင်ယောင်မိရင်း သူမရင်ခုန်သံကလေးတွေ မြန်ဆန်သွားပါတော့သည်။

ဒီအကြောင်းတွေကို မေမေတို့ကို အသိပေးလို့ မဖြစ်။ ဒီလူကြီး သူမကိုချစ်နေတယ်ဆိုတာကို မေမေတို့သာသိရင် စိုးရိမ်ပူပန်ကာ သူမကို စိတ်ချတော့မည် မဟုတ်။

သူမ ဘာကြောင့်မှန်းမသိ ဒီနေ့ အိမ်အပြန်ခရီး လမ်း





တစ်လျှောက်လုံး စိုဟ်သစ်လူသစ်ဖြစ်ကာ ကျေနပ်ပျော်ရွှင်ခဲ့တာ အမှန်ပင်။

❀

ကျောင်းက ပြန်ရောက်ရောက်ချင်း မခသည် သူငယ်ချင်းတွေမသိအောင် ဖွက်ယူလာတဲ့ စာအိတ်ပန်းရောင်ကလေးကို တုန်ယင်လှုပ်ရှားနေတဲ့ လက်ကလေးနဲ့ ဖွဖွကလေး ဖွင့်ဖောက်လိုက်ကာ ခုတင်လေးပေါ် တုံးတုံးလုံချပြီး အေးအေးငြိမ့်ငြိမ့်ကလေး ဖတ်လိုက်မိပါတော့သည်။

ကြည့်စမ်း ... ဒီလူကြီးဟာ တော်တော် အနုအရွကြိုက်တာပဲ၊ လူကြည့်တော့ ရိုးတော့မလို အတော့မလို အူလည်လည်ကြီးနဲ့။

မင်းသားမင်းသမီးနှစ်ယောက် ကြည်နူးပျော်ရွှင်နေတဲ့ ချစ်သူ့ရုပ်ပုံကလေးကို အောက်ခံပြီး ရေးထားတဲ့ ဦးနေသစ်ရဲ့စာသားလေးတွေကို မခ ရင်ခုန်လှိုက်မောစွာ ဖတ်လိုက်မိပါတော့သည်။

မခရယ် မင်းကို ကိုယ် အရမ်းချစ်ခဲ့တာ။ မခတို့နဲ့ အိမ်ချင်း



www.burmeseclassic.com

www.burmeseclassic.com



ကပ် ရောက်လာတဲ့အချိန်ကတည်းကပါ။ မခကတော့ ကိုယ် မင်းကို စိတ်ဝင်စားနေတာ မသိခဲ့ဘူး၊ ကိုယ်လေ မခ နံနက်တိုင်း မခတို့ အိမ်ရှေ့မှာ ခွေးကလေးနဲ့ ဘောလုံးကစားနေတဲ့ ပုံရိပ်လေးတွေက ကိုယ့်နှလုံးသားကို စွဲငြိ ရူးသွပ်စေခဲ့တယ် မခရယ်။

မင်းကို ကိုယ်တကယ် ရင်ထဲက နှစ်နှစ်ကာကာ ချစ်တာပါ။ ကိုယ်တို့ အခုခေတ်က စာပေးတဲ့ခေတ်မဟုတ်ဘူးဆိုတာ ကိုယ်သိပါတယ်။ ဒါပေမဲ့ ကိုယ် ဖွင့်မပြောရဲဘူးကွာ။

မခကို ကိုယ် အရမ်းချစ်တယ်။ ကိုယ့်ကို အဖြေကလေး ပြန်ပေးပါကွာနော်။ ကိုယ်ရင်ခုန်စွာနဲ့ မျှော်လင့်စောင့်ဆိုင်းနေပါ့မယ်။

မခလေးကို သိပ်ချစ်တဲ့

ကိုယ်

သူမစာရွက်ကလေးက စာသားလေးတွေကို ငေးကြည့်ရင်း ရင်ခုန်ငေးမောသွားပါသည်။

ကိုယ့်ထက် အသက်အများကြီးကြီးတဲ့ ယောကျ်ား တစ်ယောက်ကို စိတ်ဝင်စားမှုတွေနဲ့ ရင်ခုန်ခဲ့တာ ထိုလူကြီးများ ရိပ်မိခဲ့လို့ အခုလို စာပေးလာတာလား။

ဟင့်အင်း၊ သူမ ဒီလူကြီးကို ချစ်နေခဲ့တာ ဒီလူကြီးရိပ်မိခဲ့





ပြီလား။

အို ဘာပဲဖြစ်ဖြစ် ငါလည်း သူ့ကို ရင်ခုန်ခဲ့ပြီလား။

ဟင့်အင်း၊ ဒီအကြောင်းတွေကို မေမေတို့ကို အသိပေးလို့ မဖြစ်၊ ဒီအကြောင်းတွေကိုသာ မေမေသိသွားရင် ဦးနေသစ်နဲ့လည်း စကားပြောခွင့်ရတော့မှာမဟုတ်တော့။

ဘာကြောင့်မှန်းမသိ သူမ ဦးနေသစ်နဲ့ မျက်နှာချင်း မဆိုင်ရဲလောက်အောင် ရှက်ရွံ့ရင်ခုန်သွားပါသည်။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

အခုတလော သူမစိတ်ထဲ ပျော်ရွှင်မှုတွေ မရှိသလိုကြီး ခံစားလိုက်ရပါသည်။ ခေါင်းရင်းခြံက ဦးနေသစ်ကိုလည်း သူမ မကြာခဏ ခိုးကြည့်ခဲ့ပေမယ့် ထူးထူးခြားခြား ငြိမ်သက်နေတဲ့ ဦးနေသစ်ရဲ့ လျစ်လျူပြု ကျောခိုင်းမှုကြီးကို သူမ မခံစားနိုင်တော့။

ဒီလူကြီး ဘာဖြစ်လို့ သူမနဲ့ ရင်မဆိုင်ရဲလောက်အောင် သတ္တိနည်းခဲ့တာလဲ။ သူမ စဉ်းစားလို့မရ။

ဘာကြောင့်များ ဦးနေသစ် သူမဆီက အဖြေတစ်ခုကို ရယူတောင်းခံခြင်းမရှိဘဲ အေးဆေးငြိမ်သက်နေခဲ့တာလဲ။

တစ်ခါတစ်ခါ ခြံထဲမှာပန်းတွေကို ရေလောင်းရင်း သူမရပ်နေ





တဲ့ ဝရန်တာကလေးကို မော့ငေးကြည့်ကာ ခေါင်းကြီးငုံ့ချသွားတဲ့ ဦးနေသစ်ရဲ့ အံ့သြစရာအမူအရာတွေကို သူမ ငေးကြည့်ရင်း မျက်ရည်ကလေးတွေ ဝဲတက်လာတဲ့အထိ ဝမ်းနည်းကြေကွဲခဲ့ရပါသည်။

ရှင် ဘာဖြစ်လို့ ဒီလောက်အထိ အ,အကြီးလို လုပ်နေတာလဲ။ ကျွန်မ ရှင့်ကို မရှောင်ခဲ့တာတောင် ရှင်က ဘာဖြစ်လို့ ကျွန်မကို ရှောင်နေရတာလဲဟင်။ ကျွန်မ စဉ်းစားလို့မရတော့ပါဘူး။ ကျွန်မကို ရှင် တကယ်မချစ်လို့ဘဲ သတ်မှတ်လိုက်မယ်။

ဒါပေမဲ့ ကျွန်မရင်ထဲမှာ ရှင်ရှိနေခဲ့တာ ရှင် နားမလည်ခဲ့လို့လား။ ရှင်က အပျော်သဘောနဲ့ ရည်းစားစာပေးတာကို ကျွန်မ တကယ် ယုံကြည်လိုက်မိတာ ကျွန်မကိုယ်ကျွန်မ သိပ်မုန်းတယ် ဦးနေသစ်။

'တူ တူ တူ'

"ဟင်"

ရုတ်တရက် ညဘက်ကြီးမြည်လာတဲ့ ဖုန်းသံက သူမနားထဲ ဆူညံစွာ ရိုက်ခတ်သွားသည်။ သူမစားပွဲမှာ ခပ်ငိုင်ငိုင်လေး ထိုင်နေမိရာကနေ ဖုန်းကလေးကို လှမ်းကိုင်လိုက်မိသည်။

ဒီအချိန်ကြီး ဘယ်သူကများ ဖုန်းဆက်လာတာလဲ မသိ။



www.burmeseclassic.com

www.burmeseclassic.com



ဦးနေသစ်များလား၊ ဟင့်အင်း မဖြစ်နိုင်ပါဘူး။

နှစ်လကျော်ကျော်ကြီး သူမဆီက အဖြေတစ်ခုရဖို့ စွန့်စွန့်စားစား မတောင်းခံခဲ့တဲ့ လူတစ်ယောက်ဆီက ဖုန်းမဟုတ်ဘူးဆိုတာကိုတော့ သူမ အသေအချာ သိရှိထားခဲ့ပါသည်။

'တူ တူ တူ'

သူမ ဖုန်းလေးကို ကောက်ကိုင်ကာ စိတ်မပါစွာ ထူးလိုက်ပါသည်။

"ဟယ်လို"

"မခလား"

ဩဇာသံအပြည့် ဖုံးလွှမ်းနေတဲ့ ယောကျ်ားသံတစ်ခုက သူမနှလုံးသားကို အေးစိမ့်စီးဆင်းသွားလေတော့သည်။

ဒါ ဒါ ဦးနေသစ်အသံများလား။

မြတ်စွာဘုရား၊ သူ ညအချိန်ကြီးမှ ဘာလို့ဖုန်းဆက်လာတာပါလိမ့်။

သူမရင်ထဲက အဖြေတစ်ခုကို တောင်းခံမှာလားမသိ။

သူမ ရင်တထိတ်ထိတ်နဲ့ အသံကလေးကိုမြင့်ကာ . . .

"ဘယ်သူလဲ အခုဖုန်းဆက်တာ"





"ကိုယ် နေသစ်ပါ"

"ဪ"

"မခ"

"ဘာကိစ္စရှိလို့လဲ ဦးနေသစ်"

"မေးစရာရှိလို့ပါ မခ"

"မေးလေ၊ ဖြေနိုင်မယ့်အရာဆိုရင်တော့ ဖြေကြည့်တာပေါ့"

"ကိုယ် မင်းဆီကို တစ်ခါမှလည်း ဖုန်းဆက်မကြည့်ခဲ့တော့ အံ့သြနေသလား မခ"

"ဘာတွေကြောင်နေတာလဲ ဦးနေသစ်"

"အဲဒီလို လူကြီးတစ်ယောက်ကို မပြောရဘူးလေ မခရဲ့"

"ကျွန်မ အချိန်မရဘူး၊ ဘာပြောမလို့လဲ၊ ဒီမှာ စာကျက်နေတယ်"

မခ တကယ်တော့ ရင်ခုန်စိတ်လှုပ်ရှားကာ ဖုန်းကိုင်ထားတဲ့ လက်ကလေးတွေတောင် တုန်ချင်နေသည်။ သူသာ မြင်သွားခဲ့ရင် ဟားတိုက်လှောင်ပြောင်ဦးမလား။

မိန်းကလေးတစ်ယောက်ကို ကိုယ် တကယ် နှစ်နှစ်ကာကာ မချစ်မနှစ်သက်ဘဲ အပျော်သဘောနဲ့ ရည်းစားစာပေးတတ်သည့်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားမျိုးကို သူမ သိပ်မုန်းပါသည်။

အခုမှ ဘာတွေ စိတ်ကူးရပြီး လွန်ခဲ့တဲ့ နှစ်လလောက်က ပေးထားတဲ့ ရည်းစားစာကိစ္စကို ဘယ်လိုအဖြေမျိုးနဲ့ တောင်းခံလာမည်မသိ။

ကျွန်မဆီကအဖြေကို ရှင် ရလိမ့်မယ်မထင်ပါနဲ့။ ရှင့်လို အပျော်သဘောနဲ့ ကြုံတုန်း ရည်းစားစာပေးတဲ့ လူတစ်ယောက်ကို ကျွန်မ ဘယ်တော့မှ အထင်မကြီးဘူး။

"ဩော် ... ဟို ညီကို သိလားတင် မခ"

"ဘာ ဘာညီလဲ"

သူမရင်ထဲက ဒေါသကလေးတွေ လွင့်ထွက်သွားပါတော့သည်။ ကျွတ် ရှင်သာ ကျွန်မနဲ့မျက်နှာချင်းဆိုင်ဖြစ်ရင် ရှင် မလွယ်ဘူး ဦးနေသစ်။

ရှင် ဘာဖြစ်လို့ ကိုယ်လုပ်ထားတဲ့ကိစ္စတစ်ခုကို ဝန်မခံရဲတာလဲ။ ရှင့်ကို ကျွန်မ မုန်းချင်လာပြီနော်။

ဝမ်းနည်းကြေကွဲစွာ ရစ်ဝဲတက်လာသည့် မျက်ရည်ကြည်ကလေးတွေက သူမကို လှောင်ပြောင်နေသလို ခံစားရပါသည်။

မုန်းတယ်၊ ရှင့်ကို သိပ်မုန်းတယ်။ မိန်းကလေးတစ်ယောက်





ကို တကယ်မချစ်ဘဲနဲ့ လိမ်ညာခဲ့တာ ရှင်နဲ့ကျွန်မ ရင်ဆိုင်မယ်၊ ရှင့်ကို ပြောင်တင်ဖွင့်မေးရမယ် ဦးနေသစ်။

သူမ အရှက်ရကြေကွဲစွာ နှုတ်ခမ်းသားလေးတွေကို ခပ်ဖွဖွ ဖိကိုက်ကာ ကြိုးဝါးလိုက်ပါသည်။

"မခ ဘယ်သူ့ကို စိတ်ဆိုးနေတာလဲဟင်၊ ကိုယ်မေးတာက ညီ"

"ရှင် ဘာအကြောင်းကြောင့် လုပ်နေတာလဲဟင် ဦးနေသစ်၊ ရှင် ဘာဖြစ်လို့ ဒီလောက်အထိ လူကြီးမဆန်ချင်ရတာလဲ၊ လူကြီးမဆန်တဲ့အပြင် သိပ်အောက်တန်းကျတဲ့လုပ်ရပ်ကို ရှင် ဘာဖြစ်လို့ နိုးကြောင်နိုးဖက် လုပ်ချင်ရတာလဲ"

"ဟင်"

အခုချိန်အထိ မသိချင်ယောင်ဆောင်နေသေးသည့် ဦးနေသစ်ကို သူမ ဆွဲကိုင်ဆောင့်ပစ်ချင်လောက်အောင် စိတ်တိုသွားရပါသည်။

"ဘာ ... ဘာတွေ လာပြောနေတာလဲ မခ ... ကိုယ် ဘာမှ နားမလည်ဘူး"

"ရှင် ရှင် ရူးချင်ယောင်ဆောင်နေတာလား ဦးနေသစ်



www.burmeseclassic.com

www.burmeseclassic.com



ရှင် ဘာလဲ . . . နိုးကြောင်နိုးဖက် လုပ်ထားတဲ့ကိစ္စကို ရှက်လို့ ထပ်ပြီး ဖုံးထားချင်သေးလို့လား၊ ဟင်း . . . ရိုးမလိုလို အ,မလိုလိုနဲ့ အသက်ကြီးပြီး အချိန်မစီးတဲ့ လူကြီး''

''ဟင် မခ . . . ကိုယ့်ကို ဘာတွေလာပြီး စွပ်စွဲနေတာလဲ၊ ကိုယ် ဘာမှ နားမလည်ဘူး''

ကြည့်စမ်း . . . ဟန်ဆောင်ကောင်းလိုက်တာ။ တွေ့မယ် . . . ရှင်နဲ့ ကျွန်မ ရင်ဆိုင်မယ်။

မခံချင်တဲ့ မာနစိတ်ကလေးနဲ့ သူမ ဦးနေသစ်ရဲ့မျက်နှာချောချောကြီးကို မြင်ယောင်ကြည့်ရင်း မယုံနိုင်သလိုကြီး ခံစားလိုက်ရပါသည်။

ဒီလူကြီးကို တည်ကြည်ရိုးသားလို့ အထင်ကြီးခဲ့မိတဲ့ သူမကိုယ်သူမတောင် ဒေါသထွက်သွားရပါသည်။

ကျွတ် ဦးနေသစ်ရယ်၊ ရှင် ဟန်ဆောင်ထားဦးပေါ့ရှင်။

''ကောင်းပြီလေ၊ ရှင် တကယ်မသိဘူးဆိုရင်တော့ လူချင်းတွေ့မှပဲ ရှင့်ကိုပြောပြတာပေါ့၊ ရှင် တော်တော် ဟန်ဆောင်ကောင်းတဲ့ လူကြီးပဲနော်။ ရှင့်ကိုမုန်းတယ် သိလား''

''ဟာ''





ပြောပြောဆိုဆို ဖုန်းချသွားတဲ့ မခကို နေသစ် ဘာကိုနားလည်ရမှန်းမသိအောင် စိတ်ညစ်ညူး ရှုပ်ထွေးသွားပါသည်။

ပြီးတော့ သူမ စကားသံလေးတွေက သူ့ကို စိတ်ကောက်နေသလိုမျိုး။

နောက်ဆုံး ဘာမဆိုင် ညာမဆိုင် သူ့ကို ဒေါသသံကလေးနဲ့ အမုန်းစကားတွေ ပြောပြီး ဖုန်းချသွားခဲ့တာလေးက သူ့ကို အသည်းတယားယား ရင်တလှပ်လှပ် ဖြစ်ကျန်ခဲ့ရပါတော့သည်။

ဘာတွေလဲ မခလေးရယ်၊ မင်း ငါ့ကို ဘာဖြစ်လို့ စိတ်ကောက်ပြီး အမုန်းစကားတွေ ပြောခဲ့ရတာလဲ။

မင်းနဲ့ငါဟာ ဒီလိုစကားမျိုး ပြောရလောက်အောင် မရင်းနှီးခဲ့သေးဘူးဆိုတာ မင်းရောငါပါ နားလည်ထားခဲ့ကြပါတယ်။ ဒါပေမဲ့ ငါ့ရင်ထဲမှာ ကလေးဆန်လွန်းပြီး စွာတေးလန်တဲ့ မင်းလေးမျက်နှာလေးကို ကိုယ်စွဲလမ်းခဲ့တာ ဝန်ခံပါတယ်။

ဒါပေမဲ့ကွာ ငါ့ဘဝမှာ ညီရှိသေးတယ်။ ညီကို ငါသိပ်ချစ်တယ်။ ညီက ငါနှလုံးသားနဲ့ထပ်တူ မင်းကို နေရာယူထားခဲ့တာ ငါ့ညီကို ရှေ့တန်းတင်ရမှာပဲ။

ပြီးတော့ မင်း မင်းကိုလည်း ငါ မချစ်ချင်ပါဘူးကွာ။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ထက် အသက်အများကြီးငယ်တဲ့ မိန်းကလေးတစ်ယောက်ကို ညီနဲ့ မယှဉ်တောင် ငါရွေးချယ်ဖို့ မစဉ်းစားခဲ့ဘူး။

အခုတော့ မင်းဟာ ငါ့ညီစွဲလမ်းနေတဲ့ မိန်းကလေး တစ်ယောက် ဖြစ်နေခဲ့တဲ့အတွက် ပိုပြီး မဖြစ်သင့်တော့ပါဘူးကွာ။ ဒါပေမဲ့ မင်းနဲ့ငါဟာ အမြဲတမ်း ရင်းနှီးမှုနဲ့ပတ်သက်နေစေရမယ်။ အဲဒါက ငါ့ညီရဲ့အနာဂတ်ဘဝတစ်ခုအတွက်ပါပဲကွာ။

❁ ❁ ❁



အခန်း (၁၀)

ဒီဖင်ဘာကျောင်းပိတ်ရက်ဖြစ်သဖြင့် ညီတစ်ယောက်ကတော့ အိမ်မှကပ်တယ်မရှိအောင် သူငယ်ချင်းတွေနဲ့ လမ်းများနေတော့သည်။

နေသစ် ဘယ်လိုဆုံးမဆုံးမ ညီတစ်ယောက်ကတော့ ခံမပြော နားမထောင်နဲ့ သူ့အရှေ့မှာတော့ ခေါင်းကလေးညိတ်ပြီး စကားနားထောင်ကာ ကွယ်ရာမှာတော့ ထင်ရာစိုင်းသူဖြစ်သည်။

ဘယ်အရာကိုမှ အလေးအနက်မထားတဲ့ညီက ဟိုကောင်မလေးကို စိတ်ဝင်စားနေတယ်ဆိုတော့ နေသစ် တော်တော်အံ့သြသွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အခုတစ်လော မခဆိုတဲ့ ကောင်မလေးက ဘာကြောင့်မှန်း မသိ။ သူ ဝရန်တာကနေ သူလှမ်းကြည့်မိတဲ့အခါတိုင်း သူ့ကို ချာခနဲ ကျောခိုင်းပစ်ခဲ့တာ သူစိတ်ထဲ ဝမ်းနည်းသလိုလိုကြီးခံစားရသည်။

ဒီနေ့မှာလည်း ပန်းခြံထဲမှာ သူ နှင်းဆီပန်းတွေကို ဘုရားကပ်ဖို့ ခူးနေမိရာက ဘာရယ်မဟုတ် သူမတို့တိုက်ကို မော့ကြည့်လိုက်သည့်အချိန်တွင် သူ့ကို ခပ်စိမ်းစိမ်း မျက်လုံးလေးတွေနဲ့ လှမ်းကြည့်လာတဲ့ သူမမျက်လုံးတွေနဲ့ တန်းဆုံသွားကာ သူ့ရင်ထဲ စူးကျင်ကျင်ကြီး ခံစားလိုက်ရပါသည်။

မင်း ငါ့ကို ဘာဖြစ်လို့ ရန်သူကြီးတစ်ယောက်လို ကြည့်နေရတာလဲ ဟင်၊ ငါ စဉ်းစားလို့မရဘူး။ ဒါပေမဲ့ မင်းမှာ ငါ့ကို ရန်သူတစ်ယောက်လို ဆက်ဆံတာ ခိုင်လုံတဲ့အကြောင်းတစ်ခုခုတော့ ရှိရမှာပဲ။ မှန်းတယ်လို့ပြောတာလည်း မင်း အကြောင်းတစ်ခုခု ရှိရမယ်။

ကောင်မလေးရဲ့အကြည့်ကြီးတွေနဲ့တင် နေသစ်ရင်ထဲ ရှူးသွားချင်လောက်အောင် တုန်တုန်ယင်ယင်ကြီး ဖြစ်သွားရပါသည်။

ဟား . . . ငါ ဘာဖြစ်လို့ ရင်တွေခုန်နေရတာလဲ၊ ငါ ဒီကောင်မလေးကို မေ့ပစ်ရမယ်။ ငါ့ဘဝမှာ ညီတစ်ယောက်လုံး ရှိသေးတယ်။ ပြီးတော့ ညီက သူမကို ရည်ရွယ်ထားတာ။





ဟုတ်တယ် . . . ငါ ဒီကောင်မလေးကို မေ့ပစ်ရမယ်။

သူမရပ်နေတဲ့ ဝရန်တာလေးကို ငေးရီရီကြီးမော့ကြည့်မိပြီးမှ သူ ခေါင်းကြီး အလိုလို ငုံ့ချလိုက်ပါတော့သည်။

မောတယ် မခရယ်၊ ငါ မင်းကို ဟာကွာ။

မဖြစ်သင့်ပါဘူးကွာ၊ ကောင်မလေးရယ်။ မင်းက အခုမှ ကလေးသာသာအရွယ်ရှိသေးတာ၊ ငါ ဘယ်လို မင်းကိုချစ်ရမှာလဲ။ ပြီးတော့ မင်းကို ညီက စိတ်ဝင်စားနေတယ်။ ဒါတွေကို ငါသိထားတော့ ငါ့နှလုံးသားတစ်ခုလုံး အေးစက်ထုံထိုင်းနေရတယ်ကွာ။

ငါ ဘာဖြစ်သွားမှန်း မသိတော့ပါဘူးကွာ။ ခေါင်းကြီးငုံ့ချထားရာမှ ရင်ထဲ ပူလောင်စွာ ဆတ်ခနဲ ခေါင်းမော့ကြည့်လိုက်တဲ့အချိန်မှာတော့ သူ့မျက်လုံးတွေ ပြူးကျယ်ပိုင်းစက်သွားသည်အထိ အံ့သြသွားရပါသည်။

မြတ်စွာဘုရား၊ ဟိုကောင်မလေး ငါ့ဆီ လျှောက်လာနေပါလား။

နေသစ်တစ်ယောက် စိတ်လှုပ်ရှားစွာ ထူထူပူပူကြီး ဖြစ်သွားပါသည်။

ဂျင်းဘောင်းဘီရှည်ကလေးနဲ့ ဆွယ်တာလက်ရှည်အင်္ကျီ



www.burmeseclassic.com

www.burmeseclassic.com



ကလေးကို ဝတ်ပြီး သွက်သွက်ကလေး သူရှိတဲ့ပန်းခြံထဲဆီ လျှောက်လာနေတဲ့ မခကို ငေးကြောင်ကြောင်ကြီး ရပ်ကြည့်နေလိုက်မိသည်။

"ရှင် တော်တော် ဟန်ဆောင်ကောင်းတာပဲနော် ဦးနေသစ်"

"ဟင်"

သူ အတော်အံ့သြသွားပါသည်။ လွန်ခဲ့တဲ့တစ်ပတ်လောက်ကလည်း ဖုန်းထဲကနေ သူမ ဒီစကားတွေ ပြောလာတာ ဘာကြောင့်မှန်းမသိခဲ့။ အခုလည်း စွပ်စွဲလာပြန်ပြီ။

ဒီတစ်ခါတော့ သူ ပြတ်ပြတ်သားသား ရင်ဆိုင်ဖြေရှင်းဖို့ ဆုံးဖြတ်လိုက်ပါသည်။

"ညည်း ငါ့ကို ဘာတွေ လာစွပ်စွဲနေတာလဲ၊ ဟိုတစ်ပတ်ကလည်း ဖုန်းထဲကနေ"

"အို ရှင် ရှင်ဘာမှမပြောနဲ့၊ သူတော်ကောင်းယောင်ဆောင်ပြီး ကျိတ်ပုန်းခုတ်နေတဲ့လူကြီးက"

"ဟင်"

နေသစ် ဘာကြောင့်မှန်းမသိ စိတ်တွေ လွတ်ထွက်ပေါက်ကွဲသွားပါတော့သည်။ သူ့အရှေ့မှာ နှုတ်ခမ်းကလေးစူပြီး မျက်ရည်ကလေးတွေ စီးကျကာ ရန်တွေ့လာတဲ့ သူမ ပခုံးသားလေးကို





ခပ်တင်းတင်းကြီး ဆုပ်ကိုင်ခါယမ်းလိုက်ပါသည်။

ကျွတ် ... ငါ မင်းကို ရင်မခုန်သင့်ဘူး။ မင်း သိပ်ငယ်သေးတယ်။ ပြီးတော့ ညီက မင်းကို ချစ်နေတယ်ကွာ။

ငါ မင်းကို မချစ်ပါရစေနဲ့။ မင်း မငိုပါနဲ့ မငိုပါနဲ့ကွာ။ မင်း ဘာဖြစ်သလဲ၊ ကိုယ့်ကိုပြောပြပါ။ ကိုယ်နားထောင်ပေးပါ့မယ်ကလေးရယ်။

"ရှင့်ကိုမုန်းတယ်၊ သိပ်မုန်းတယ် သိလား"

ကောင်မလေးက သူ့ရင်ခွင်ထဲဝင်ကာ မျက်နှာလေးဝှက်ပြီး ငယ်နည်းတကြီး ရှိုက်ငိုချလိုက်သောအခါ သူ ဘာလုပ်ရမှန်းမသိအောင် စိတ်တွေ အရမ်းလှုပ်ရှားသွားပါသည်။

ဟား မခရယ်၊ ငါ ငါ မခံစားနိုင်တော့ဘူးကွာ။

ဒီတစ်ခါတော့ သူစိတ်လွတ်ကိုယ်လွတ် ကောင်မလေးကို တွေးပွေ့နှစ်သိမ့်လိုက်မိသည်။

"မခလေး ဘာဖြစ်လဲ၊ ကိုယ့်ကို ပြောပါဦး၊ ကိုယ့်ကို အစ်ကိုကြီးတစ်ယောက်လို တိုင်ပင်လို့ရတယ်၊ ကိုယ် မခကို ညီမလေးတစ်ယောက်လိုခင်တယ်၊ ညည်းစိတ်ထဲက ခံစားနေရတာတွေကို ဖွင့်ပြော၊ ညည်း ဘာဖြစ်နေတာလဲ၊ ငါ့ကို အသားလွတ်ကြီး မုန်းတယ်



www.burmeseclassic.com

www.burmeseclassic.com



လို့ ပြောခဲ့တာ ဘာကြောင့်လဲ၊ ငါ စဉ်းစားလို့ မရဘူးကွာ''

''ဟင်''

မခ မျက်လုံးကလေးတွေ ပြူးကျယ်ဝိုင်းစက်သွားသည်အထိ အံ့ဩ မယုံနိုင်စွာ ဦးနေသစ်ကို မော့ကြည့်ကာ သူ့ရင်ခွင်ထဲမှ ဆတ်ခနဲ ရုန်းထွက်ပစ်လိုက်မိသည်။

တော်တော်ဟန်ဆောင်ကောင်းနိုင်လွန်းတဲ့ လူတစ်ယောက် ပါလား။

ဘာတွေလဲ ... သူမ ဦးခေါင်းတွေ ချာချာလည်လည်သွား သည်အထိ မူးနောက်ပြာဝေသွားပါတော့သည်။

ဦးနေသစ်ဟာ ဘာကြောင့်များ သူမကို ရိုးသားမှုတွေနဲ့ ခင်မင်စွာ ဆက်ဆံနေရတာလဲ။ ရှင် ဘာဖြစ်လို့ ကျွန်မကို လှည့် စားရတာလဲ၊ ကျွန်မရဲ့နှလုံးသားနုနုကလေးကို ရှင် ဘာဖြစ်လို့ လှည့်စားချင်ရတာလဲ ဦးနေသစ်ရယ်။

''ရှင် မိန်းကလေးတစ်ယောက်ကို ဘာလို့ အပျော်သဘောနဲ့ ရည်းစားစာပေးရတာလဲ။ ဒါ ဒါ ကျွန်မကို တမင်သက်သက် ချိုးတာ ပေါ့၊ ဟုတ်လား၊ စာအုပ်ကြားထဲ ညှပ်ပေးလိုက်တာ ဒါချိုးတာပေါ့''

''ဘာ''





နေသစ် ဦးခေါင်းကြီး ချာလည်လည်ကာ မခမျက်နှာလေးကို အလန့်တကြား မော့ကြည့်လိုက်မိတော့သည်။

ဟာ ... ဘာတွေလဲ။ ဒီကောင်မလေး ဘာစကားကြီး ပြောလိုက်တာပါလိမ့်။ ရင်ခုန်သံတွေ တဒိန်းဒိန်းမြည်ဟည်းသွားကာ ကောင်မလေးကို မျက်နှာကြီးထူပူစွာ ကယောင်ကတမ်း ငေးကြည့်နေ ရင်းမှ အူတွေ ညွတ်ကျသွားမလားအောက်မေ့အောင် သတိလက်လွတ် ဖြစ်သွားပါတော့သည်။

''မခ ... မခ ညည်း ဘာတွေ ပြောနေတာလဲ ... ဟင်''

တကယ်ပင် နေသစ် ရူးသွားချင်ပါသည်။ မခရဲ့လက် ကလေးကို ဆုပ်ကိုင်ခါယမ်းကာ သတိလက်လွတ် ပေါက်ကွဲသွားပါ တော့သည်။

ရည်းစားစာ ဆိုပါလား။ ဒါ ဒါ ဘာသဘောလဲ။ သူ သူမကို ဘယ်တုန်းကမှ ရည်းစားစာမပေးခဲ့။

ဒါဆို ဒီစာက ညီများလား။ ဒါကြောင့် မခ သူ့ကို မျက်နှာ ချင်းဆိုင်တွေ့လိုက်တာနဲ့ စောင်းတမဲ့မဲ့ ကြည့်နေတာ။

မခရယ် ငါတော့ ရူးချင်ပြီကွာ။

ဟား ဒီကိစ္စကြီးကို ငါက အခုချက်ချင်းကြီး မဟုတ်ပါဘူးလို့



www.burmeseclassic.com

www.burmeseclassic.com



ဖွင့်ပြောလိုက်ရင်လည်း မင်းက ငါ့စကားကို ယုံမှာမဟုတ်ဘူး။ ငါ့ကို လူလိမ် လူညာ တစ်ယောက်လို့ မင်း အထင်သေးသွားတော့ မှာပဲ။

ညီရယ် မင်း ဘာကြောင့် ငါနဲ့မခကြားကို ပြဿနာဖြစ်အောင် ဖန်တီးလိုက်တာလဲ။ နောက်ပြီး ညီက. ဒီအကြောင်းတွေ ဖွင့်မပြောထားတော့ သူက ဘာမှမသိဘဲ ကောင်မလေး သူ့ကို အသားလွတ်ကြီး မုန်းတီးနေရပါ့မလားဆိုပြီး သူ့စိတ်ထဲ နိုးလိုးခုလု တထင့်ထင့် ဖြစ်ခဲ့သေးသည်။

အခုတော့ ညီလုပ်ရပ်က သူ့ကို အများကြီး သိက္ခာကျသွားစေခဲ့တော့သည်။

သူ ရှက်ရှက်ရွံ့ရွံ့ကြီး ခံစားလိုက်ရပြီး ညီကိုလည်း ဒေါသ နတွေ့ အရမ်းထွက်သွားတာ ကောင်မလေးကို ရှက်မျက်နှာရဲရဲကြီးနဲ့ မခကို ကြည့်လိုက်မိသည်။

မခက သူ့အကြည့်တွေကို မနှစ်မြို့စွာ ဆတ်ခနဲ မျက်နှာကလေး လွှဲလိုက်ရင်း သူ့ကို ကျောခိုင်းလိုက်ပါသည်။

သူမရဲ့ အပြုအမူကလေးကိုကြည့်ပြီး သူ့စိတ်ထဲ မချင့်မရဲ ဖြစ်သွားကာ မခကို ဖွင့်မပြောမိဖို့ စိတ်ကို ထိန်းချုပ်ပစ်လိုက်မိပါတော့ သည်။





မခရယ် . . . မင်း မင်း ငါ့ကို အထင်သေးသွားပြီလား။ ငါ မင်းကို ရင်ထဲက ချစ်နေခဲ့ရင်တောင် မေ့ပစ်လိုက်ဖို့ ဆုံးဖြတ်ထားတာ ပါ။ အဲဒါ ဘာကြောင့်လဲဆိုတော့ မင်းတစ်နေ့တော့ နားလည်လာပါ လိမ့်မယ် မခရယ်။

"အဟင်း ဟင်း . . . အသက်ကြီးပြီး အချိန်မစီးတဲ့လူတစ် ယောက်ကို ကျွန်မ ဘယ်တော့မှ အထင်မကြီးဘူး၊ ရှင် ကျွန်မကို နောက်တစ်ခါ ဖုန်းဆက်ဖို့ လုံးဝမစဉ်းစားနဲ့၊ မိန်းကလေးတစ်ယောက် ကို တကယ်မချစ်ဘဲ သွေးတိုးစမ်းတဲ့သဘောနဲ့ အပျော်သဘောထား တာလောက် ကျွန်မလောကမှာ မုန်းတာမရှိဘူး။ ရှင့်ကို ကျွန်မ သေတောင် မကျေနပ်ဘူး ဦးနေသစ်"

ပြောပါတော့ မခရယ်၊ မင်းပြောချင်တာတွေပြောပြီး ငါ့အရှေ့ က အမြန်ဆုံးထွက်သွားပါတော့ကွာ။ ကြာရင် ငါ ပေါက်ကွဲသွားတော့ မယ်။

ဒါပေမဲ့ တစ်နေ့နေ့ တစ်ချိန်ချိန်မှာတော့ မင်းကို ငါ ဒီ အကြောင်းတွေ ဖွင့်ပြောဖြစ်မှာပါ။

မင်းနဲ့ညီ ကျောင်းစာသင်နေတဲ့အချိန်မှာ စိတ်အနှောင့် အယှက် မဖြစ်စေချင်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ညီကိုလည်း မင်းမုန်းသွားမှာ ငါမလိုချင်ဘူး။

ငါမြင်ချင်တာ မင်းနဲ့ညီဟာ အရမ်းခင်ခဲ့ကြတဲ့ သူငယ်ချင်းတွေ အဖြစ်ပါပဲကွာ။ နောက်ပြီး မင်းတို့တွေ ချစ်သူဖြစ်သွားဖို့ပါပဲ။

ကျန်တဲ့အပိုင်းကကော့ မင်းနဲ့ညီတို့ရဲ့ နှလုံးသားရေးရာပါပဲ။ ငါ ဝင်မစွက်ဖက်ပါဘူး။

"နောက်တစ်ခါ ရှင် ကျွန်မကို ဒီပုံစံမျိုး လာချိုးလို့ကတော့ အားလုံးအရှက်ကွဲသွားအောင် အရှက်ခွဲပစ်လိုက်မယ်၊ ရှင် ကျွန်မကို ဒီလိုမျိုး ပြုမူတာ ဒီတစ်ကြိမ်ပဲ ဖြစ်ပါစေ ဦးနေသစ်"

လဲသေလိုက်စမ်း နေသစ်ရာ။ ကိုယ့်အောက်အများကြီးငယ်တဲ့ မိန်းကလေးတစ်ယောက်က ဒီလိုပြောလာခဲ့တာ လဲသေဖို့ပဲ ကောင်းတော့သည်။

နေသစ်ရင်ထဲမှာ အရှက်ရ ကြေကွဲမှုတွေနဲ့ သူမမျက်နှာလေးကို ရဲရဲရင်မဆိုင်ရဲတော့။ ကိုယ် မဟုတ်ပါဘူးလို့လည်း မင်းကို ဖွင့်မပြောတော့ပါဘူး။ တစ်နေ့နေ့ တစ်ချိန်ချိန်တော့ ညီက မင်းကို သူလုပ်ခဲ့တဲ့လုပ်ရပ်တစ်ခုကို ဖွင့်ပြောလာခဲ့မှာပါ မခ။

အဲဒီအချိန်ကျမှ မင်း ကိုယ့်ကို နားလည်လာလိမ့်မယ်လို့ ကိုယ် ယုံကြည်ပါတယ်။





နေသစ်ရင်ထဲ ထူပူတုန်လှုပ်သွားကာ တွေတောငေးမောသွားလေသည်။

သူမကားလေးကတော့ သူ့အရှေ့ကနေ ချာခနဲ လှည့်ထွက်သွားပါတော့သည်။

သူ ဘာတွေ ဘယ်လိုခံစားလို့ ခံစားရမှန်းမသိတော့။ တကယ်တော့ နေသစ်နှလုံးသားတွေ ရပ်တန့်ငြိမ်သက်သွားခဲ့တာကြီးကို နေသစ် ကြေကြေကွဲကွဲကြီး ခံစားလိုက်ရခြင်းဖြစ်သည်။

❁ ❁ ❁



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

အခုတလော အလုပ်ကိစ္စတွေနဲ့ သူ ရန်ကုန်ကို မကြာခဏ ခရီးထွက်ခဲ့ရသဖြင့် ညီကို ဂရုမစိုက်နိုင်ခဲ့။ ပါးစပ်နဲ့ပဲ ညီကို တဖွဖွ မှာပြီး အလုပ်ကိစ္စနဲ့ ညီကို တစ်ယောက်တည်း အိမ်မှာထားခဲ့ရတာ စိတ်မချပေမယ့် တစ်ပတ်ကျော်ကျော် နှစ်ပတ်နီးပါး ခရီးထွက်ခဲ့ရလေသည်။

အလုပ်ကိစ္စက နဂိုကတည်းက ရန်ကုန်မှာ ရှယ်ယာပါပြီးသားမို့ သူ ရန်ကုန်ကို မကြာခဏ သွားခဲ့ရလေသည်။ ငယ်ငယ်တုန်းက နေခဲ့သည့် မွေးရပ်မြေနယ်မြို့ကလေးကို သံယောဇဉ်ဖြစ်လို့သာ ဒီမြို့ကြီးဆီ ပြောင်းလာခဲ့ပေမယ့် ဒီမှာ စီးပွားလုပ်စားရတာ အဆင်ပြေမှု





သိပ်မရှိခဲ့။

အင်း ... တစ်နေ့နေ့တော့ သူ ရန်ကုန်မှာ အခြေချဖို့ စဉ်းစားထားခဲ့သည်။

ညီကတော့ စီးပွားရေးကို တိုင်ပင်ဖော် တိုင်ပင်ဖက်မရအောင် စိတ်မဝင်စားလှသူမို့ ညီအတွက် သူ စိတ်ပျက်ခဲ့ရသည်။

အခုလည်း ညီကြောင့် ကိုယ်နဲ့အများကြီးအသက်ငယ်တဲ့ ကိုယ်စိတ်ဝင်စားခဲ့ရတဲ့ မိန်းကလေးက သူ့ကို ပက်ပက်စက်စက် ပြောလွှတ်ခဲ့တာ ရှက်လည်းရှက်မိသည်။

လူကြီးတစ်ယောက်အနေနဲ့ ဒီလို အပြောခံရတာ တော်တော်လေး ခံပြင်းဖို့ ကောင်းပါသည်။

ညီတစ်ယောက်ကတော့ ဘာမှ အလေးမထား။

မခကိုလည်း အသည်းအသန် ချစ်ခဲ့တာမဟုတ်ဘဲနဲ့ ခက်တယ် ညီရယ်၊ မင်းတို့ ငါ ဘယ်လို ပွဲကိုင်ပေးရမလဲဆိုတာ ငါ မစဉ်းစားတတ်တော့ဘူးကွာ။

"ကိုကို ကျွန်တော် မခကို ချစ်နေရင် ကိုကို သဘောကျလားဟင်၊ ကိုကို သဘောတူသလား"

လွန်ခဲ့တဲ့ နှစ်ပတ်လောက်က ညီအစ်ကိုနှစ်ယောက် ထမင်း



www.burmeseclassic.com

www.burmeseclassic.com



စားပွဲမှာ ထမင်းစားရင်း ပြောဖြစ်ခဲ့သည့် ညီစကားကို နေသစ်ပြုံးတော့ပြုံးလိုက်သေးသည်။

ဒီလောက်စွာတေးလန်နေတဲ့ မိန်းကလေးတစ်ယောက်က သူ့ပဲ ပြန်ကြိုက်ပါစေဦး။ သူက အပီဆုံး သဘောတူတာတွေ၊ မပူတာတွေတောင် ပြောလို့ပါလား။

အဟွန်း . . . ညီရယ်၊ မင်းဟာ တော်တော် စိတ်ကူးယဉ်တာပဲကွာ။ ဘဝတက်လမ်းအတွက် ပညာရေးကိုတော့ ဘာမှ အားတက်သရော မကြိုးစားဘဲ သူငယ်ချင်းတွေနဲ့ လမ်းများတတ်တာ သူ တော်တော်စိတ်ညစ်သည်။

ဆယ့်ခြောက်နှစ်အရွယ် ကောင်လေးတစ်ယောက်က တစ်ခါတစ်ခါ အရက်တွေ သူမသိအောင် ခိုးသောက်နေခဲ့တာ သူသိသိကြီးနဲ့ ညီကို ဖျောင်းဖျနေရသည်။

ဒီအရွယ်ကလေးကို အကြမ်းကိုင်လို့မဖြစ်၊ အကြမ်းကိုင်လိုက်ရင် ဒီထက် ညီဘဝကလေး ဆိုးရွားသွားမှာ သူ စိုးရိမ်ပါသည်။

ရန်ကုန်က ဦးလေးကလည်း ရန်ကုန်မှာ အခြေချဖို့ ရန်ကုန်သူကိုပဲ လက်ထပ်ဖို့ အသိုင်းအဝိုင်းထဲက ဦးလေးရှယ်ယာဝင်ထားတဲ့ ကုမ္ပဏီပိုင်ရှင်သမီးကလေးတစ်ယောက်ကို ဦးလေးက သူနဲ့





ဆွေယ်လာသေးသည်။

"နေသစ်၊ . . . မင်းလည်း အသက်မငယ်တော့ဘူး၊ ကိုယ့်ဘဝအတွက် နိုင်လုံမှုရှိတဲ့ အဖော်တစ်ယောက်ရှာဖို့သင့်ပြီ၊ မင်းမှာ ဒီအရွယ်ရောက်ပြီ လက်ဆုပ်လက်ကိုင်ပြဖို့ တစ်ယောက်မှမရှိသေးဘူးဆိုတာ ငါသိပြီးသား။ ဟိုစမ်းစမ်း ဒီစမ်းစမ်းနဲ့ နောက်ပိုင်း လူပျိုကြီးအဖြစ်နဲ့ ချောင်ကျန်ခဲ့ဦးမယ်၊ မင်းညီကတော့ နှစ်ဆယ်တောင်ပြည့်မှာမဟုတ်ဘူးနော် . . . မိန်းမလိုချင်နေတဲ့ရုပ်"

"ဟာဗျာ . . . ဦးလေးကလည်း ညီက ဒီလောက်မဆိုးသေးပါဘူး"

"ဘာမဆိုးရမှာလဲ၊ ငါ မင်းညီသတင်းတွေ ကြားနေရတယ်နော်၊ မင်းက မင်းညီကို သိပ်ယုံကြည်မနေနဲ့၊ ငါက ရန်ကုန်မှာနေတယ်ဆိုပေမယ့် ကိုယ့်တူနှစ်ယောက်အကြောင်း အမြဲစုံစမ်းနေတာ။ မင်းညီ ဆေးချတယ်လို့တောင် ငါပြောသံကြားတယ်၊ မင်းဟန်းသာကို လွှတ်မထားနဲ့နော်"

"ဦးလေး ဆေးဆိုတာ ဘာဆေးလဲ၊ ဦးလေး ဘာကြားထားလို့လဲဟင်၊ ကျွန်တော်သိသလောက်တော့ သူ့သူငယ်ချင်းတွေနဲ့ တစ်ခါတလေ အရက်သောက်တာပဲရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါ အရက်သောက်ရမယ့်အရွယ်မှ မဟုတ်တာ၊ မင်းက မဆုံးမဘူးလား"

"ခပ်ကြမ်းကြမ်းတော့ မဆုံးမရဲဘူး ဦးလေးရာ၊ ကျွန်တော် ခပ်ကြမ်းကြမ်း ဆုံးမလိုက်ရင် သူ ဒီထက်ပိုပြီး စိတ်လေသွားမယ် ထင်တယ်၊ ဦးလေးကြားတယ်ဆိုတာ ညီ ဘာဆေးသုံးတာလဲ။ ဟို အဖြူလားဟင်။ ကျွန်တော့်ကိုပြောပြပါဦး ဦးလေး"

"မင်း တော်တော် အတဲ့ကောင်ပဲကွာ၊ အဖြူဆိုရင် မင်း ညီ သေမှာ။ ငါပြောတာက အခုခေတ် စမ်းသပ်ချင်နေတဲ့ မလိမ္မာတဲ့ ကောင်လေးတွေ အများစုသုံးတဲ့ လူကို မူးယစ်ရီဝေစေတဲ့ ဆေးပြား ကွာ။ အဲဒါလေးကို သောက်လိုက်ရင် မျက်လုံးလေးစင်းပြီး ဘာမှ မလုပ်ချင်တော့ဘူး။ ရည်းစားထားချင်တဲ့လူကလည်း ရည်းစားမျက်နှာ လေးကို မြင်ယောင်ပြီး စိတ်ကူးယဉ်ကောင်းပေါ့ကွာ"

"ဦးလေး . . . ကျွန်တော် အဲဒါတွေ ဘာတစ်ခုမှ မသိခဲ့ဘူး ဒါ ဒါတွေကို ဦးလေးကို ဘယ်သူပြောတာလဲဟင်"

နေသစ်ရှင်ထဲ မှုလောင်ကျွမ်းမြေ့သွားသလိုကြီး ဖြစ်သွားကာ မျက်စိမျက်နှာပျက်သွားရပါသည်။

ညီကို သူ ဒီလောက်မိုက်မဲလိမ့်မယ်လို့ ထင်မထားခဲ့





ဘာကြောင့်များ ညီ ဒီလောက်အထိ ဆိုးသွမ်းရတာလဲမသိ။

တစ်မိပေါက် ညီအစ်ကိုနှစ်ယောက်တည်း ရှိခဲ့တာတောင် ညီနဲ့သူ့စိတ်ဓာတ်ဟာ ဘာဖြစ်လို့များ ဒီလောက်အထိ ကွဲပြားခဲ့ရတာ လဲ။

အင်း၊ ဒီအတိုင်းဆို ညီကိုလွှတ်ထားလို့မဖြစ်။ ဒီအရွယ်က စိတ်ကစားတတ်တဲ့အရွယ်တွေ။ ညီဟာ ဘာဖြစ်လို့ အရွယ်ငယ်ငယ်နဲ့ ဘက်စုံဆိုးသွမ်းတဲ့အလုပ်တွေ လျှောက်လုပ်ခဲ့ရတာလဲ။

ညီရယ်၊ မင်းကြောင့် ငါ ရင်ထဲ ပူလောင်နေပြီကွာ။

သူ့မျက်လုံးတွေ ရီဝေငေးမောသွားကာ ဦးလေးကို ငေးရီရီ ကြီး ကြည့်နေမိသည်။

"ဘယ်သူပြောရမလဲကွ၊ မင်းတို့နဲ့ အနီးဆုံးနေတဲ့ မင်းဘကြီး ပြောတာပေါ့"

"ဗျာ ကျွန်တော် ဘာမှမသိဘူး"

"မင်းက ဘယ်သိမလဲ၊ အ,တဲ့ကောင်ကိုး"

ဦးလေး ဆူပူမာန်မဲလာတော့မှ သူ အတော်ကလေး ညီ အတွက် စိတ်ပူသွားရပါသည်။ ဘကြီးက ညီ ဘာတွေ လုပ်နေတယ် ဆိုတာကို သိတယ်ဆိုပါလား။



www.burmeseclassic.com

www.burmeseclassic.com



သူကတော့ ဘာတစ်ခုမှမသိခဲ့။ စီးပွားရေးကို ဦးဆောင်လုပ်ကိုင်ကာ ရန်ကုန်ကိုမကြာခဏရောက်ခဲ့ပြီး အိမ်ကအတွင်းရေးကိစ္စကို ဘကြီးနဲ့ပဲ မျက်နှာလွှဲထားတာမို့ သူ ဘာမှ မသိခဲ့။

သူ့ရင်ထဲ မကောင်းနိုင်တော့။ ခေါင်းကြီး ငိုက်စိုက်ချကာ အိမ်ကို ချက်ချင်းပြန်ဖို့ စိတ်စောနေခဲ့သည်။

"ဒါဆို ကျွန်တော် အခုညနေပဲ ကားနဲ့ ချက်ချင်းပြန်တော့မယ် ဦးလေး၊ ကျွန်တော် ဒီအကြောင်းတွေကို ဘာမှမသိခဲ့ဘူး။ ညီကို ဒီလောက်မိုက်လိမ့်မယ်လို့ ကျွန်တော် မထင်ခဲ့ဘူး ဦးလေးရာ၊ ကျွန်တော်ပြန်မယ် ဦးလေး"

"မင်းက စီးပွားရေးကလွဲပြီး ကျန်တာ ဘာမှ စိတ်ဝင်စားတဲ့ကောင်မှ မဟုတ်တာ၊ ဒီပုံစံအတိုင်းဆို မင်း ဘယ်လိုလုပ်ပြီး မိန်းမရမလဲ၊ မိန်းမရဖို့ဆိုတာ ကိုယ်ကိုယ်တိုင်ကလည်း အားထုတ်သရောကြိုးစားရသေးတယ်ကွ၊ ငါ မင်းကို ငါ့သူငယ်ချင်းသမီးနဲ့ စီစဉ်ထားတယ်၊ မင်း သူ့ကိုတွေ့ပြီးရင် လက်ထပ်ဖို့ကိစ္စ စဉ်းစားတော့ နေသစ်"

လက်ထပ်ဖို့ကိစ္စဆိုတာ ကျွန်တော့်ဘဝမှာ တစ်ခါမှတောင် မစဉ်းစားဘူးသေးပါဘူး။

အခုချိန်မှာ ကျွန်တော့်နှလုံးသားထဲကို ဝင်ရောက်လာခဲ့တဲ့





ကောင်မလေးတစ်ယောက်ကိုတောင် ကျွန်တော့်နှလုံးသားက ချစ်ခွင့်မပေးနိုင်ခဲ့ဘူး။

အခု ညီက မူးယစ်ရီဝေတဲ့ဆေးတွေကို သုံးနေတယ် ဆိုတော့ ကျွန်တော် ညီအတွက် အရမ်းစိုးရိမ်သွားပြီ။

"ဦးလေး၊ ညီ့ကို ကျွန်တော် ဘယ်လိုဆုံးမရမလဲ၊ အနုနည်းနဲ့ သိမ်းသွင်းရမလား၊ ဒါမှမဟုတ် ကြမ်းရမလား။ ကျွန်တော် သူ ဒီထက်ဆိုးသွားမှာ အရမ်းစိုးရိမ်တယ်ဗျာ"

"အေး ငါလည်း သတိပေးတာပဲ၊ ကြည့်ပြီး ဆုံးမပေါ့ကွာ၊ အနုကိုင်သင့်တဲ့ဟာ ကိုင်ပေါ့၊ ကြမ်းသင့်လည်း ကြမ်းပေါ့ကွာ။ ငါလည်း တစ်လလောက်ကြာရင် လာခဲ့ဦးမယ်"

"ဦးလေးရယ်၊ ကျွန်တော် ညီ့အတွက် အရမ်းစိုးရိမ်တယ်၊ ညီ ဒီထက်အခြေအနေဆိုးသွားရင် ကျွန်တော်ရှုံးမှာ"

ဦးလေးက သူ့ကိုကြည့်ပြီး ခေါင်းကြီးတညိတ်ညိတ်လုပ်ရင်း ဘာတွေ စဉ်းစားနေသည်မသိ။ သူကတော့ ညီနဲ့ပတ်သက်သည့် စကားကြီးကို ကြားလိုက်ရတာနဲ့တင် ရင်ထဲ ပူလောင်ကာ ဦးနှောက်တစ်ခုလုံး ချာလည်လည် မူးနောက်သွားပါတော့သည်။

နေသစ် အလုပ်ကိစ္စနဲ့ ဒီတစ်ခါတော့ ရန်ကုန်မှာကြာကြာ



www.burmeseclassic.com

www.burmeseclassic.com



မနေနိုင်တော့၊ ကားနဲ့ ကိုယ့်မြို့ကလေးကို ညတွင်းချင်းသာ ပြန်လိုက်ချင်တော့သည်။ ဦးလေးက မနက်မှ ပြန်ဆိုလို့သာ မနည်းကျိတ်မှိတ်သည်းခံရတာ။ သူ့ရင်ထဲမှာ ညီနဲ့ပတ်သက်ပြီး တာကယ်ပူလောင်နေရပြီ။

ညီ့ကို အနုနည်းနဲ့ ကြိုးသွင်းရမယ်။ အကြမ်းကိုင်လို့မဖြစ်၊ ဒီအရွယ်က ရည်းစားတစ်ယောက်နဲ့ အချိန်ကလေး ကုန်လိုက်ရင် အင်း၊ မြင့်မခဆိုတဲ့ ကောင်မလေးကို ညီ စိတ်ဝင်စားနေတာ။ ညီနဲ့ ဒီကောင်မလေးသာ ရည်းစားဖြစ်သွားရင် ဒီကောင် စိတ်ပြောင်းသွားနိုင်မယ်။

နေသစ် စိတ်ကူးသစ်တစ်ခု ရသွားကာ ခေါင်းတစ်ခုလုံး ပေါ့ပါးသွားသလို ခံစားလိုက်ရပါသည်။

❁ ❁ ❁



## အခန်း (၁၂)

"မခရယ် ငါ့အပေါ် စိတ်ထားကလေးတွေ နူးညံ့ပျော့ပျောင်းလာတာ ငါ ဝမ်းသာလိုက်တာ၊ ဒါဆို နင် ငါ့ကို ချစ်နေပြီပေါ့၊ နင်ချစ်နေတယ်လို့ ငါ့နှလုံးသားက ခံစားလို့ရလာခဲ့ရင် ငါ နင့်ကို ဖွင့်ပြောတော့မယ် မခ"

ဟန်းသာတစ်ယောက်တည်း အရူးတစ်ယောက်လို တတွတ်တွတ် ရေရွတ်နေလိုက်သည်။

အဟွန်း ... သိပ်ချောတဲ့ မခရဲ့မျက်နှာကလေးကို တစိမ့်စိမ့်မြင်ယောင်ရင်း ဟန်းသာ မျက်နှာကလေး ပြုံးယောင်သန်းသွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆံပင်ကုပ်ဝဲအဖြောင့်ဆွဲကလေးနဲ့ အမြဲတမ်း ဂျင်းဘောင်းဘီ အရှည်နဲ့ အတိုကို စပို့ရှပ်တွေနဲ့ တွဲဝတ်ပြီး ခပ်စွာစွာ မိုက်မိုက်ကန်း ကန်းကလေး စကားပြောဆိုတတ်တဲ့ မခကို သူ့နှလုံးသားနုနုကလေး က အရူးအမူး စွဲလမ်းသွားခဲ့တာ အံ့သြခဲ့ရသည်။

ဒီအကြောင်းတွေကို ကိုကို့ကို ဖွင့်ပြောလိုက်ရင် ကိုကို သူ့ကို ဆူပူမာန်မဲမလားမသိ။

အခုလောလောဆယ်တော့ ကိုကို့ကို ဖွင့်ပြောဖို့ စိတ်မကူးမိ သေး။ ကိုကိုက လူပျိုကြီးဇာတာပါကာ ပစိပစပ်များချင်သည်။

အင်း . . . ကိုကို ရန်ကုန်သွားခဲ့တဲ့ ရက်အတွင်းမှာ ထူးခြား ပြောင်းလဲစွာ ခင်မင်ဖော်ရွေလာတဲ့ မခနဲ့သူ တစ်ယောက်နဲ့တစ်ယောက် နားလည်မှုရကာ သူငယ်ချင်းတွေ ဖြစ်သွားခဲ့လေပြီ၊ အခုဆိုရင် မခက အိမ်ကိုတောင် ဝင်ထွက်သွားလာနေပြီ ဖြစ်သည်။

ပြီးတော့ ရှုခင်းကောင်းကောင်းကလေး ရွေးချယ်ပြီး ညနေ စောင်းမှာ အပျော်တမ်းဓာတ်ပုံရိုက်ဖို့ မခက စတင်ပြီး ပြောခဲ့တာ ဖြစ်သည်။

"ဟန်းသာ နှင့်မှာ ကင်မရာ ရှိလားဟင်"

မခရဲ့စကားကို ကြားကြားချင်း သူ ခဏကြောင်ငေးသွားရပါ





သည်။ စာမေးပွဲတွေ ဖြေပြီးသွားပြီမို့ စိတ်ထဲမှာ လွတ်လပ်ပေါ့ပါး သွားချိန် မခရဲ့စကားလေးတွေက သူ့နှလုံးသားကို နုသစ်ရွှင်လန်း သွားခဲ့ပါတော့သည်။

မခရယ် အဲဒီလို ငါ့ကို အရည်ရွှန်းရွှန်း မျက်လုံးဝိုင်းဝိုင်း ကလေးတွေနဲ့ မကြည့်စမ်းပါနဲ့ကွာ။ ငါ ငါ ကြာရင် နှင့်ကိုသိပ်ချစ်တဲ့ အကြောင်း ဖွင့်ပြောမိတော့မယ်။

ဟန်းသာတစ်ယောက် မခရဲ့ နုနုမှုန်မှုန်မျက်နှာကလေးကို ငေးကြည့်ရင်း ရင်ခုန်သံကလေးတွေ မြန်ဆန်သွားရသည်။

မခရယ် ငါ နှင့်ကို ချစ်နေခဲ့တာ နင်သိလားဟင်။ အခုလို အချိန်မျိုးမှာ ငါ နှင့်ကို ချစ်တဲ့အကြောင်း ဖွင့်ပြောလိုက်ရင် နှင် စိတ်ဆိုးမှာလားဟင်။

"ဟဲ့ ဘာလို့ငါ့ကို မျက်တောင်မခတ်တဲ ကြည့်နေရတာလဲ"

မခရဲ့ ခပ်ဆတ်ဆတ် အော်ငေါက်သံကလေး ကြားတော့မှ ဟန်းသာ ရှက်ဝဲဝဲလေး ပြုံးလိုက်မိသည်။

"အဟွန်း . . . နင်က သိပ်ချောတာကိုး ကြည့်တာပေါ့"

"အရူး"

"ငါ အရူးဆိုရင် ငါ ဘာရူးရူးနေသလဲဆိုတာ နင် ခန့်မှန်း



www.burmeseclassic.com

www.burmeseclassic.com



ကြည့်စမ်း မခ''

တမင်သက်သက် ဟန်းသာ မခ စိတ်ကလေးကို နှိုက်ထုတ်ကြည့်လိုက်တာ ဖြစ်သည်။

မခ နှုတ်ခမ်းကလေးတွေ စူပုပ်တင်းမာသွားတာလေးကို ဟန်းသာငေးကြည့်ရင်း သက်ပြင်းမောကလေး ကျိတ်ချလိုက်မိသည်။

ချစ်တယ် မခရယ်။ ငါတို့ ဆယ်တန်းအောင်ပြီးရင် ချစ်သူဖြစ်တော့မှာလားဟင်။ ငါ အရမ်း ရင်ခုန်တာပဲ မခရယ်။ နင့်ကို တခြားသူ ဦးသွားမှာ အရမ်းစိုးရိမ်တာပဲကွာ။

"ဟယ် ကင်မရာရှိလားလို့ မေးနေတာ၊ ဟန်းသာနော် နင် ဘာအူကြောင်ကြောင်လုပ်နေတာလဲ၊ ငါ နင့်ကို မုန်းပစ်လိုက်မှာနော်၊ နင့်အစ်ကိုလို အသလိုလို ကြောင်သလိုလို မလုပ်နဲ့ သိလား၊ ငါသိပ်မုန်းတာ''

ဟန်းသာ မခကို အလန့်တကြား မော့ကြည့်လိုက်မိပါသည်။ ဟာ ဘာစကားကြီးပါလိမ့်။ မခက ကိုကို့ကို မုန်းတယ်ဆိုပါလား။ မြတ်စွာဘုရား၊ မခနဲ့ကိုကို့ကြားမှာ အမုန်းစကားတွေ ရှိနေခဲ့သည်အထိ နီးစပ်မှုရှိခဲ့တာ သူမသိ။

"နင် နင်က ကိုကို့ကို မုန်းတယ်ပေါ့''





"ရှိုးရှိုးမုန်းတာတောင်မဟုတ်ဘူး၊ သိပ်မုန်းတာ''

"ဟင်''

ဟန်းသာ ရင်တွေ တထိတ်ထိတ် ခုန်လှုပ်လာကာ စိတ်တွေ အရမ်းမွန်းကျပ်လာခဲ့သည်။

ဘာဖြစ်လို့ သူမက ကိုကို့ကိုမုန်းတာလဲ။

"နင်က ကိုကို့ကို ဘာဖြစ်လို့မုန်းတာလဲ''

"ကြည့်လို့မရလို့၊ သိပ်အလို့၊ ကဲပါ နင့်မှာ ကင်မရာရှိရင် သွားယူဟာ၊ လာဟာ တို့တွေ နင်တို့အိမ်ထဲသွားရအောင်''

"ဒီနေ့ ကိုကို ပြန်လာမှာဟ၊ ဖုန်းဆက်ထားတယ်၊ သိပ်မကြာခင် ရောက်တော့မှာ''

"ဘာလဲ . . . ငါက နင့်အစ်ကိုရောက်လာတာနဲ့ပဲ အိမ်ပြန်ပေးရမှာလား၊ လုံးဝပဲ . . . မပြန်နိုင်ဘူး သွား . . . ကင်မရာတက်ယူပြီး တော့ ဓာတ်ပုံရိုက်ကြမယ်''

ဟန်းသာစိတ်ထဲ ဘာကြောင့်မုန်းမှန်းမသိ အင်တင်တင်ကြီး ဖြစ်သွားရပါသည်။ ကိုကို့ကို မုန်းတယ်ဆိုတာ နိုင်လုံတဲ့အကြောင်းပြချက်တော့ ရှိရမည်။

ဘာကြောင့်လဲဆိုတော့ သူ စဉ်းစားလို့မရခဲ့။



www.burmeseclassic.com

www.burmeseclassic.com



အပေါ်ထပ်ကို ကင်မရာတက်ယူလိုက်ပြီး အောက်ထပ်သို့ ပြန်ဆင်းလာချိန်မှာတော့ ပေါ်တီကိုရှေ့သို့ ထိုးရပ်လာတဲ့ ကိုကို့ကားကို တွေ့လိုက်ရသဖြင့် သူ အပြေးအလွှား ကိုကို့ကို ထွက်ကြိုလိုက်ပါသည်။

မခကတော့ ညေ့ခန်းဆိုဖာမှာ အေးအေးကလေး ခေါင်းမှီကျန်ခဲ့ရင်းက ကင်မရာတစ်လုံးနဲ့ အလုပ်ရှုပ်နေတော့သည်။

ပေါ်တီကိုအရှေ့မှာ ပြုံးပြုံးကလေး ထွက်ကြိုလာတဲ့ ညီ့မျက်နှာကလေးကို မြင်လိုက်တော့မှ ရင်ထဲက စိုးရိမ်နေတဲ့ အလုံးကြီးတစ်ဝက်ပြုတ်ကျသွားတော့သည်။

ညီ့မျက်နှာက ရီဝေနွမ်းလျမနေဘဲ ကြည်လင်ရှင်းသန့် ပြုံးရွှင်နေတာမို့ သူ စိတ်လက်ပေါ့ပါးသွားရသည်။

သူ့ရဲ့အတက်ချိုကော့စ်ကလေးကို လှမ်းယူလာတဲ့ ညီ့လက်ကလေးကို နွေးထွေးစွာ ဆုပ်ကိုင်ရင်း ပခုံးကလေးကို သိုင်းဖက်လိုက်သည်။

"ညီ ... ကိုကို ညီ့ကို လွမ်းနေတာကွာ၊ မနေ့ကတည်းက ပြန်ဖို့ ဦးလေးက မိုးချုပ်နေလို့ အခုမနက်မှ ပြန်ခိုင်းလို့ ပြန်ရတယ်၊ ညီ့ကို ဒီတစ်ခါ ကိုကို ရန်ကုန်ကအလုပ်ကိစ္စမှာ ကျွမ်းကျင်သွားအောင်





ခေါ်သွားရမယ်"

"ဟင် ကိုကိုကလည်း ညီက အခုမှ ဆယ်တန်းဖြေပြီးရုံရှိသေးတာ၊ အလုပ်ကိစ္စကြီးကို ခေါင်းထဲ အလေးခံပြီး ထည့်မစဉ်းစားချင်သေးပါဘူးဗျာ"

"အဟွန်း၊ မင်းကတော့ အပါးနိုဖို့ပဲ ကြည့်နေ"

နေသစ်က ဟန်းသာပခုံးဖက်ပြီး ညေ့ခန်းထဲကို လှမ်းဝင်လာခဲ့သည်။ နေသစ်ရင်ထဲမှာ အခုမှပဲ ညီအတွက် စိုးရိမ်နေတဲ့ အလုံးကြီး ပြုတ်ကျသွားတော့သည်။

ဦးလေးတို့ ပြောသလောက်လည်း ညီက မဆိုးသေးပါ။ ညီ့မျက်နှာနုနုလေးကို ငေးကြည့်ပြီး ညေ့ခန်းထဲ လှမ်းဝင်လိုက်တဲ့အချိန်မှာတော့ ညေ့ခန်းဆိုဖာမှာ ခပ်မတ်မတ်ကလေး ထိုင်နေတဲ့ မခကို ရုတ်တရက် တွေ့လိုက်ရသဖြင့် သူ လန့်ဖျပ်ကာ အနောက်သို့ ခြေတစ်လှမ်း ဆုတ်လိုက်မိပြီး သူမကို ငေးကြောင်ကြောင်ကြီး စိုက်ကြည့်လိုက်မိသည်။

သူမကတော့ သူ့ကို လုံးဝ ဂရုတစိုက် မော့မကြည့်။ ကင်မရာလေးကို ကိုင်ကြည့်နေသည်။

ဟင် ... ဒီကင်မရာလေးက သူ ညီ့ကို ဝယ်ပေးထားတဲ့



www.burmeseclassic.com

www.burmeseclassic.com



ကင်မရာကလေးပါလား။

"မြင့်မခ ရောက်နေတာလား"

သူ့ကို ညွှေ်သည်ဖြစ်တဲ့သူမက အရေးစိုက်ပြီးတော့ မော့မကြည့်ခဲ့ပေမယ့် သူကတော့ လူမှုရေးအရ မြင့်မခကို နှုတ်ဆက်လိုက်သည်။

သို့သော် သူမက သူ့ကို နည်းနည်းမှ ခေါင်းမော့ကြည့်မလာ။ သူမဘေးက ဆိုဖာရှည်ကြီးမှာ ဆတ်ခနဲ ဝင်ထိုင်လိုက်တဲ့ ညီမျက်နှာကို ရွှန်းလက်တောက်ပသည့် မျက်လုံးကြီးတွေနဲ့ ဆတ်ခနဲ မော့ကြည့်လိုက်ကာ ညီ့လက်မောင်းကလေးကို လှမ်းဆွဲကိုင်လိုက်သဖြင့် သူ့မျက်လုံးကြီး ပြူးကျယ်ဝိုင်းစက်သွားသည်အထိ အံ့သြတကြီး ဖြစ်သွားရပါသည်။

မြတ်စွာဘုရား၊ မြင့်မခနဲ့ညီဟာ ဒီလောက်အထိ ရင်းနှီးကျွမ်းဝင်နေခဲ့ပြီလား။

သူ ဒီလောက်အထိ ညီနဲ့မခ ရင်းနှီးခဲ့တာ မသိရှိခဲ့။

ငါကလည်း ငါပါပဲကွာ၊ ဦးလေးပြောသလို ငါက သိပ်အတဲ့ကောင်တစ်ယောက်ပါပဲ။

မြင့်မခမျက်နှာလေးကို သူ ဘာရယ်မဟုတ် ငေးရီရီကြီး





စိုက်ကြည့်လိုက်မိကာ ရင်ထဲမှာ ဝမ်းနည်းကြေကွဲသွားရပါသည်။

"ဟန်းသာ ကင်မရာလေးက ချစ်စရာလေး၊ မနက်ဖြန် တတ်ပုံအပျော်ရိုက်ထွက်ရအောင်နော်၊ ရှုခင်းလှလှ နေရာလေးတွေကို ရွေးရိုက်မှာသိလား ဟန်းသာ"

"အေးပါကွာ၊ နင်သွားချင်တဲ့နေရာ သွားလေ၊ ကိုကိုပြန်လာပြီဆိုတော့ အေးဆေးပေါ့"

နေသစ် သူတို့စကားဝိုင်းထဲကနေ ထထွက်သွားဖို့ မတ်တတ်ရပ်နေရာမှ အပေါ်ထပ်ကို ဆက်တက်လာခဲ့သည်။

"သူငယ်ချင်းတွေ စကားပြောကြဦးကွာ၊ ငါ အပေါ်တက်လိုက်ဦးမယ်"

"ဟုတ်ကဲ့ ကိုကို၊ ကိုကို အခုချိန်ကစပြီး မခနဲ့ကျွန်တော်က အရမ်းခင်သွားတဲ့ သူငယ်ချင်းတွေ ဖြစ်သွားပြီ"

"အေး အေး ကောင်းတာပေါ့ကွ၊ အိမ်နီးချင်းဆိုတာ အခုလို ချစ်ချစ်ခင်ခင် နေရတယ်၊ တစ်ယောက်နဲ့တစ်ယောက် စောင်းမြှောင်းနေကြရင် ဘယ်ကောင်းမလဲကွာ"

တမင်သက်သက် မခသိအောင် သူ ဒီစကားကြီးကို ပြောချလိုက်တာပင်။ ဒါပေမဲ့ ကောင်မလေးကတော့ သူ့စကားကို နည်း



www.burmeseclassic.com

www.burmeseclassic.com



နည်းမှ ဂရုမစိုက်။

သူပြန်လာလို့ ထွက်ကြိုလာတဲ့ ခွေးကလေးကို ပွေ့ချီလိုက်ပြီး ခွေးကလေးနဲ့ စကားပြောလိုက်သေးသည်။

"အင်ရာလေး၊ နင် နေရာတကာ ဆရာကြီးလုပ်လို့ မရဘူးနော၊ နင့်သားသမီးတွေကလည်း သူ့အသိနဲ့သူ ရှိကြတာပဲ။ အမေဆိုပြီး ဆရာမလုပ်စမ်းနဲ့ကွယ်၊ နားခါးတယ်"

ကြည့်စမ်း၊ ဒါ သူ့ကို တမင်သက်သက် စောင်းပြောခဲ့တာ။ ခွေးကလေးကို ပြောသလိုလိုနဲ့ သူ့ကို စောင်းပြောနေတဲ့ ကလေးဆန်ဆန် ကောင်မလေးကို နောင်တစ်ချိန်မှာ ခယမတော်ရမယ်ဆိုတဲ့ အသိကလေးနဲ့ ခွင့်လွှတ်နားလည်ကာ သူမပြောနေခဲ့တာလေးကို သဘောကျစွာ ပြုံးလိုက်မိပါတော့သည်။

ညှော်ခန်းထဲက နေသစ် ကျောခိုင်းထွက်လာသည့်အချိန်မှာတော့ ရင်ဘတ်ထဲ ပူခနဲ ဟာဆင်းကျသွားပါတော့သည်။

ထိုခံစားမှုကြီးဟာ ဘာကြောင့်ဆိုတာ သူ နားမလည်ခဲ့။

❀ ❀ ❀



## အခန်း (၁၃)

ညီနဲ့မခသာ ရည်းစားဖြစ်သွားခဲ့ရင်ဆိုတဲ့ အတွေးတွေက နေသစ်ရင်ကို ပူလောင်ကျွမ်းမြေ့သွားသလို ခံစားလိုက်ရသည်။

ဟာ၊ ငါဘာဖြစ်တာလဲ၊ ငါ ညီနဲ့ ဒီကောင်မလေးကို ချစ်သူဖြစ်စေချင်ခဲ့တာပဲ။ ငါ ဘာဖြစ်လို့ ဒီလိုခံစားချက်ကြီး ခံစားခဲ့ရပါလိမ့်။

တိတ်ဆိတ်တဲ့ ညချမ်းအချိန်မှာ နေသစ်တစ်ယောက်တည်း စိတ်အေးလက်အေး မအိပ်နိုင်ဘဲ မျက်စိတွေ ကြောင်ကာ ရင်ထဲ မွန်းကျပ်ကျပ်ကြီးဖြစ်နေသည်။

ဦးလေးပြောစကားအရ ညီကို သူအနီးကပ်လေ့လာပြီး



www.burmeseclassic.com

www.burmeseclassic.com



အလိမ္မာသွင်းရမည်။

ဒီကောင်မလေးနဲ့ညီတို့နှစ်ယောက် ချစ်သူဖြစ်သွားရင်တော့ ညီ မူးယစ်ရီဝေစေတဲ့ ဆေးပြားတွေကို မသုံးစွဲလောက်ဘူးထင်ပါရဲ့။

နေရာတကာ လက်တည့်စမ်းချင်တဲ့ ညီကို သူ စိတ်ရှိလက်ရှိ ရိုက်နှက်ဆုံးမပစ်ချင်တာ။ ဒါပေမဲ့ လူငယ်တစ်ယောက်ကို ဒီလို ဆုံးမလိုက်ရင် ဒီထက် ဘဝပျက်စီးသွားမှာ အရမ်းစိုးရိမ်ရသည်။

နံနက်က ညီနဲ့မခတို့ရဲ့ ကြည်နူးပျော်ရွှင်နေသည့် မျက်နှာကလေးတွေက သူ့မျက်လုံးကြီးထဲမှာ တရစ်ဝဲဝဲ ဝင်ရောက်လာခဲ့တော့သည်။

မခရဲ့ ကလေးဆန်လွန်းသည့် မျက်နှာနုနုချောချောလေးကို သူ မြင်ယောင်ရင်း မျက်လုံးကြီးကို ယောင်ယမ်းမှိတ်ပစ်လိုက်ကာ သက်ပြင်းမောကြီးချလိုက်ပါတော့သည်။

"မခရယ်၊ မင်းနဲ့ညီဟာ သိပ်လိုက်ဖက်ညီတဲ့ စုံတွဲကလေးပါကွာ၊ မင်းနဲ့ညီ တစ်နေ့နေ့ ချစ်သူဖြစ်ဖို့ ငါမျှော်လင့်နေတယ်။ ညီ့ဘဝမှာ မင်းရှိရင် အစစအရာရာ အဆင်ပြေသွားပြီ၊ ငါ စိတ်ချသွားပြီ၊ မင်းကို ငါ ယုံကြည်တယ် မခ၊ ညီ့ဘဝထဲ မင်းဝင်ရောက်သွားခဲ့ရင် ညီ လိမ္မာတဲ့ကောင်လေးတစ်ယောက် ဖြစ်သွားမှာ ငါယုံတယ်"





ရန်ကုန်ကနေ ကားမောင်းလာတဲ့ ပင်ပန်းမှုတွေက သူ့ရင်ကို နွမ်းကျသွားကာ တစ်ခဏချင်း အိပ်ချင်စိတ်တွေနဲ့ မျက်လုံးတွေ မှေးကျသွားပါတော့သည်။

ညီ့ မင်းဘဝမှာ မခရှိရင် မင်းဘဝအားလုံး ပြည့်စုံသွားပြီလို့ ကိုကို ယုံကြည်တယ်။

ကိုကို့ဘဝမှာ ညီရှိရင်လည်း အားလုံး ပြည့်စုံသွားပါပြီကွာ၊ မင်းကို သိပ်ချစ်တဲ့ နှလုံးသားနဲ့ ငါ ဘယ်မိန်းကလေးကိုမှ လက်ထပ်ဖို့ မဆုံးဖြတ်ခဲ့ပါဘူး။

ဒါ ကိုကို့ရင်ထဲက လာခဲ့တဲ့ စကားတွေပါပဲ ညီရယ်။

❋

ညီရယ် ငါမလိုက်ချင်တဲ့ ခရီးတစ်ခုကို မင်းမရမက ခေါ်လို့သာ ငါလိုက်လာခဲ့ရတယ် ငါ့ရင်ထဲမှာ မင်းနဲ့မြင့်မခရဲ့ ပျော်ရွှင်ကြည်နူးနေကြတဲ့ မျက်နှာလေးတွေကို မြင်တော့ ငါ့နှလုံးသားတွေ ရပ်တန့်သေဆုံးခဲ့ရတယ် ညီ။



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲက ဝမ်းနည်းကြေကွဲနေတဲ့ ခံစားမှုတွေကို သူမေ့ထား ခဲ့ပြီး ကားမောင်းနေရင်းက ညီနဲ့အတူ ပျော်ရွှင်ကြည်နူးစွာ ရယ်မောနေ တဲ့ ကောင်မလေးကို ငေးကြည့်ရင်း သူ့ရင်ထဲ ပူရှိန်းနွေးမြသွားပါ သည်။

ညီရယ်၊ မင်းပျော်ရင်မယ်ဆိုရင် ကိုကို့အသည်းနှလုံးကို နင်းလျှောက်လည်း ကိုကို ကျေနပ်ပါတယ်။ ဒါပေမဲ့ ညီရယ် ကိုကို့ ရင်ထဲမှာ အရမ်းခံစားရပါတယ်ကွာ။

"ဟန်းသာနော် ငါ့ကိုမစနဲ့၊ ငါစိတ်ဆိုးမှာနော် ... အဟင်း ဟင်း"

စိတ်ဆိုးမှာလို့ ပြောနေတဲ့ ကောင်မလေးက ပါးစပ်မပိတ်တမ်း ရယ်လို့မောလို့၊ ညီကလည်း ကောင်မလေးကို တိုးတိုးကလေး ဘာတွေကပ်ပြီးပြောကာ ဘာတွေ သဘောကျနေတယ်မသိ။

လိုက်ဖက်ညီလှတဲ့ ဆယ်ကျော်သက်နုနုငယ်ငယ်စုံတွဲ ချော ချောကလေးကို ကားမောင်းပို့ခဲ့ရတဲ့ သူ့အတွက် သူတို့ရဲ့အပျော်ငွေ့ ကလေးတွေ နှလုံးသားထဲသို့ စီးဝင်သွားတော့သည်။

မင်းတို့နှစ်ယောက် ပျော်မယ်ဆိုရင် ငါကျေနပ်ပါတယ် မခ ရယ်။ မင်း ငါ့ကို မမုန်းတော့ဘူးဆိုရင် ငါ ကျေနပ်ပါတယ်ကွာ။





"ကိုကို ကျွန်တော်တို့ အရှေ့က တောင်ကုန်းမို့မို့ကလေးကို နောက်ခံရှုခင်းထားပြီး ဓာတ်ပုံရိုက်ရင် မကောင်းဘူးလား"

"ဟော ... အေး ... ကောင်းတာပေါ့ကွ"

နေသစ် ညီပြောတဲ့အတိုင်း တောင်ကုန်းမို့မို့ကလေးပေါ်မှာ မြက်ပင်စိမ်းစိမ်းကလေးတွေ ပေါက်နေတာလေးကိုကြည့်ပြီး သဘော ကျသွားပါသည်။

ကားကို တောင်ကုန်းကလေးနဲ့ မလှမ်းမကမ်းသစ်ပင်အရိပ် အောက်သို့ ထိုးရပ်လိုက်ပြီး ကားတံခါးဖွင့်ကာ ခပ်သွက်သွက်ဆင်း လိုက်သည်။

ညီနဲ့ မခက အနောက်ခန်းတံခါးကို ဖွင့်ဆင်းလာလေသည်။

အသေအချာတွေးကြည့်ရင် လူကြီးတစ်ယောက်အနေနဲ့ လူငယ်တွေ အပျော်တမ်းဓာတ်ပုံရိုက်ကြတဲ့ အပျော်ကိစ္စလေးမှာ လိုက်ပါခဲ့ရတာ တော်တော်ရယ်စရာကောင်းပါသည်။

ဒါပေမဲ့ ဘာကြောင့်မှန်းမသိ ညီနဲ့မခလေးကို ဖြည့်ဆည်းပေး ရတဲ့အတွက် သူ ပျော်ရွှင်ကျေနပ်ပါသည်။

"ဟန်းသာ၊ လာလေ၊ ငါတို့နှစ်ယောက် အမှတ်တရပုံကို နှင့်အစ်ကို ရိုက်ပေးလိမ့်မယ်၊ ဒီမှာ ဦးနေသစ်ရဲ့ ကျွန်မတို့နှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



သဘာဝကျကျ လမ်းလျှောက်လာတဲ့ပုံလေးကို ရှင် အကွက်လှလှလေး ရိုက်လိုက်နော်''

မခ ဘာကြောင့် ဒီဇာတ်လမ်းကြီးကို တမင်သက်သက် ဖန်တီးလိုက်တယ်ဆိုတာ နေသစ် ခံစားသိရှိခဲ့ရသည်။ အစကတည်းက သူမတို့နောက်ကို သူလိုက်မလာခဲ့ရင် အကောင်းသား။

အခုတော့ သူ့မှာ စိတ်ထဲက မပါပေမယ့် အပြင်မှာ ဟန်ဆောင်ပန်ဆောင် သူမပြောတဲ့အတိုင်း လိုက်နာခဲ့ရလေတော့သည်။

အဲဒီအချိန်မှာ မခက တောင်ကုန်းကလေးပေါ် ခပ်သွက်သွက်ကလေး လှမ်းတက်သွားတော့သည်။ တောင်ကုန်းကလေးပေါ် လှမ်းတက်သွားသော မခကို သူ ခပ်ငေးငေး လှမ်းကြည့်နေသည့် အချိန်မှာပဲ သူမက လှမ်းတက်နေရာမှ ခြေထောက်ကလေး ချော်ကျသွားကာ တောင်ကုန်းပေါ်မှ လိမ့်ကျလာတော့သည်။

''ဟာ ...... မခ ညီ ညီ လုပ်ပါဦးကွ''

တောင်ကုန်းကလေးပေါ်ကနေ တလိမ့်ကောက်ကွေးကျလာတဲ့ မခကို ညီက အံ့အားသင့်ပြီး ကြောင်ငေးကြည့်နေစဉ် သူက စိုးရိမ်တုန်လှုပ်စွာ သူမကိုယ်လုံးကလေးကို ပြေးပွေ့ချီကာ အသန့်တကြား အော်လိုက်မိပါတော့သည်။





''မခ မခ''

''-----''

မခကို သူ စိုးရိမ်တကြီး အော်ခေါ်လိုက်မိပြီး မခကိုယ်လုံးလေးကို အမိအရ သိုင်းဖက်ထားလိုက်မိသည်။

ကံကောင်းလို့ သူမကို တောင်အောက်ပြုတ်ကျမသွားအောင် ကယ်တင်နိုင်ခဲ့ကာ မခကလည်း ကြောက်လန့်တကြား သူ့ကို ခပ်တင်းတင်းကလေး ဖက်ထားတာမို့ သူ့ရင်ထဲ တုန်တုန်ယင်ယင်ကြီး ဖြစ်သွားကာ ရင်တွေ တဒိတ်ဒိတ် ခုန်ပြီး မောပန်းလှုပ်ရှားသွားတဲ့ သူ့ကိုယ်သူ ထိန်းချုပ်မှုကင်းမဲ့သွားသလို ခံစားလိုက်ရတော့သည်။ မခကို အရမ်းစိုးရိမ်စိတ်ဖြင့် ခပ်တင်းတင်းကြီး ဖက်ပွေ့ထားမိရာက ညီကို သတိရသွားကာ သူမကိုယ်လုံးကလေးကို ဖြေလွှတ်ပေးလိုက်ပါတော့သည်။

နေသစ်တစ်ယောက် စိတ်လှုပ်ရှားစွာ ညီကို ရှာကြည့်လိုက်တော့ မတွေ့ရ။ မြတ်စွာဘုရား ညီ ဘယ်ရောက်သွားပြီလဲ။

သူ့မြင်ကွင်းထဲက ရုတ်တရက်ကြီး ပျောက်လွင့်သွားတဲ့ ညီကို စိုးရိမ်တကြီး အော်ခေါ်လိုက်မိပါတော့သည်။

''ညီရေ ညီ ညီ''



www.burmeseclassic.com

www.burmeseclassic.com



သတိလက်လွတ် သူ ကျုံးအော်လိုက်သောအခါ သူ့အသံ
ကျယ်လောင်စွာ အခန်းတစ်ခုလုံး ပျံ့နှံ့ရိုက်ခတ်သွားတော့သည်။

"ဟင်"

နေသစ်ရင်ထဲ ချောက်ချားတုန်လှုပ်သွားကာ အိပ်နေရာ
ဆတ်ခနဲ ထထိုင်လိုက်မိပြီး ကယောင်ကတန်း မော့ကြည့်လိုက်မိသည်

"ဟာ ... ငါ အိပ်မက်မက်နေတာပါလား"

အိပ်မက်ထဲမှာ ညီနဲ့မခတို့နှစ်ယောက်က လွတ်လပ်ပျော်ရွှ
နေကြတာ။ ပြီးတော့ သူက နွမ်းနယ်နေတဲ့ မျက်လုံးတွေနဲ့ ရီဝေ
ကြီး သူတို့နှစ်ယောက်ကို ငေးကြည့်နေတာ။ အဲဒီအချိန်မှာ
တောင်ကုန်းလေးပေါ်က ပြုတ်ကျသွားခဲ့တာကို စိုးရိမ်တုန်လှုပ်စွာ
မခကိုယ်လုံးကလေးကို ပြေးပွေ့လိုက်သည့် ခံစားမှုကြီးက အခုချိန်
အထိ သူ့ရင်ကို မောပန်းနွမ်းလျစွာ ရိုက်ခတ်နေဆဲ။

ညီကရော အိပ်မက်ထဲမှာ ဘာလို့ ပျောက်ကွယ်သွားရတာ
လဲ။ ဟင့်အင်း ညီမပျောက်ရဘူး။

ညီရယ်၊ မင်းနဲ့မခ အမြန်ဆုံး လက်ထပ်ပြီးမှ ငါမင်းကို
စိတ်ချနိုင်တော့မယ်။

သူ့ရင်ထဲက စကားသံတွေကို မခတစ်ယောက် ကြားသွားခဲ့





ရင် သူ့ကို ဘယ်လိုစကားမျိုးနဲ့ တုံ့ပြန်လာမည်မသိ။

သူကတော့ စိတ်ရဲ့ဖွဲလမ်းမှုကြောင့် မက်ခဲ့တဲ့ အိပ်မက်လေး
ကို မေ့ပစ်လိုက်ဖို့ ကြိုးစားလိုက်ပါတော့သည်။

❁ ❁ ❁



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

"ညီ မင်းကို ကိုကိုပြောစရာရှိတယ်"

ထမင်းစားပိုင်းမှာ သူက ညီကို ဦးလေးပြောထားသည့် ကိစ္စနဲ့ပတ်သက်ပြီး ခပ်ဖော့ဖော့ကလေး သတိပေးဖို့ ညီ့မျက်နှာလေး ကို ငေးကြည့်လိုက်မိသည်။

မထင်ရက်စရာဘဲ၊ ညီမျက်နှာနုနုချောချောလေးက တကယ့် ကလေးလေးတစ်ယောက်လို မျက်လုံးကလေးတွေက ကြည်လင် ရှင်းသန့်ကာ အပြစ်ကင်းစင်နေသည်။

ဦးလေးပြောလို့သာ သူ မယုံချင်ဘဲ ယုံကြည်ခဲ့ရတာ။

ပြီးတော့ ဘကြီးကို မေးကြည့်လိုက်တော့လည်း ဘကြီးက



BURMESE CLASSIC .com



ညီနဲ့ပတ်သက်တဲ့ တွေ့မြင်ရတာတွေကို ပြောပြလာခဲ့သဖြင့် သူ ညီ့အတွက် စိတ်ပူသွားရကာ ညီ့ကို ဘယ်လိုစကားလုံးမျိုးနဲ့ ပြောရ မလဲဆိုတာကြီးကို ဦးနှောက်ချောက်အောင် စဉ်းစားခဲ့ရသည်။

ညီ လက်ခံနိုင်လောက်တဲ့ စကားတွေကတော့ ညီချစ်နေခဲ့တဲ့ မခနဲ့ပတ်သက်ပြီး ညီ့ကို ရိုးသားဖြူစင်တဲ့လူငယ်ကလေးတစ်ယောက် ဖြစ်လာအောင် သူ ဆွဲဆောင်သိမ်းသွင်းရမည်ဖြစ်သည်။

ခေါင်းကြီးငုံ့ပြီး ဘာစကားမှ မပြောသေးဘဲ ထမင်းဆက်စား နေတဲ့ ကိုကို့ကို ကြည့်ပြီး ဟန်းသာစိတ်ထဲ မလုံမလဲ ဖြစ်သွားရပါ သည်။

အင်း ... ကိုကို့ပုံစံကြီး ကြည့်ရတာ သူ့ကို မခနဲ့ပတ်သက်ပြီး ဆုံးမမှာန်မဲချင်တဲ့ပုံစံကြီး။ ကိုကိုက သူ့ကို မခနဲ့များ သဘောမတူဘူး လား။ သိပ်ငယ်သေးတဲ့သူ့ကို မခနဲ့ နီးစပ်သွားမှာ စိုးရိမ်နေပုံရပါသည်။

ဟန်းသာတစ်ယောက် ကိုကို့ကို ခပ်ငြိမ်ငြိမ်ကလေး စိုက် ကြည့်ကာ အကဲခတ်လိုက်သည်။

"မင်း မခကို ချစ်နေတယ် မဟုတ်လား ညီ"

"ဗျာ"

မထင်မှတ်ဘဲ အမေးခံလိုက်ရတဲ့ စကားကြီးကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ဟန်းသာ ကိုကို့ကို ခဏကြောင်ငေးကြည့်လိုက်မိသည်။

ကိုကို့မျက်နှာမှာ အလိုမကျရိပ်တွေ၊ စိတ်ဆိုးမာန်ဆိုး ပေါက်ကွဲမည့်အရိပ်တွေ ဘာတစ်ခုမှ မတွေ့ရဘဲ ကြည်လင်ဝင်းဖန့်ကာ နုပျိုနေခဲ့တာ အံ့ဩစရာပင်။

ဟန်းသာ ရင်တထိတ်ထိတ်နဲ့ ကိုကို့မျက်နှာကြီးကို ငေးကြည့်ရင်း ခေါင်းညိတ်လိုက်ပါသည်။

BURMESE CLASSIC .com

"ဟုတ်ကဲ့ ကိုကို"

"ဖွင့်ပြောပြီးပြီလား"

"ဟို ကျွန်တော်တို့နှစ်ယောက် နားလည်မှုရှိနေကြပါပြီ ကိုကို သူလည်း ကျွန်တော့်ကို ချစ်နေပြီထင်ပါတယ်"

"အပွန်း ငါ့ညီနှလုံးသားက အချစ်ရှာဖွေတာ မြန်သားပဲကွာ၊ မင်း ဒီကောင်မလေးကို အတည်ချစ်နေတာလား၊ အတည်ချစ်တယ်ဆိုရင် မင်း အသက်ဆယ့်ရှစ်နှစ်ပြည့်ရင် ငါ သူ့မိဘတွေဆီမှာ သွားတောင်းပေးမယ်၊ မင်း သူ့ကို လက်ထပ်မယ် မဟုတ်လား"

"ဟာ ... တကယ်လား ကိုကို၊ ကိုကို ကျွန်တော့်ကို တကယ်ပြောနေတာလား၊ ကျွန်တော့်ကို ငယ်ငယ်ရွယ်ရွယ်နဲ့ လက်ထပ်မှာကို ကိုကို သဘောကျတယ်ပေါ့နော်၊ ဟာ ... ဝမ်းသာလိုက်တာ ကိုကိုရာ၊ ကျွန်တော် တကယ် ဝမ်းသာတယ်၊ မခကို ကျွန်တော် သိပ်ချစ်တာပဲ ကိုကို"



အရမ်းဝမ်းသာပျော်ရွှင်သွားတဲ့ ညီမျက်နှာလေးကို ကြည့်ပြီး သူ့ရင်ထဲ နွမ်းလျနာကျင်သွားပါသည်။

ညီရယ် ... မင်း အရမ်းဝမ်းသာသွားတဲ့ မျက်နှာလေးကို ကြည့်ပြီး ငါ ကျေနပ်ပါတယ်ကွာ။

ငါတို့ညီအစ်ကိုနှစ်ယောက်ဟာ ဘယ်တဝက ရေစက်ကြောင့် မိန်းကလေးတစ်ယောက်ကို နှလုံးသားတစ်ခုတည်း ချစ်ခင်မြတ်နိုးခဲ့ရတာလဲကွာ။

ငါလည်း မင်းလိုပဲ မခကို ချစ်နေတယ်ဆိုရင် မင်း အရမ်းအံ့ဩတုန်လှုပ်သွားမှာပဲနော်။ ငါ့ရင်ထဲမှာ ဘယ်လောက်ခံစားရ ခံစားရ မင်းနဲ့မခဘဝကလေး ဖြောင့်ဖြူးသာယာခဲ့ရင် ငါ ကျေနပ်တယ်၊ ပျော်ရွှင်တယ် ညီ။

"ကိုကို ကျွန်တော် ဝမ်းသာလိုက်တာဗျာ၊ ကျွန်တော့်တဝမှာ ကိုကို့နဲ့ထပ်တူ ချစ်ခဲ့ရတာ မခတစ်ယောက်တည်းပဲ။ မခကို ကိုကို သဘောကျတယ်နော်၊ မခက ကလေးလိုပဲ ဆိုးနွဲ့တာပါ ကိုကိုရယ်၊ ကိုကို့အပေါ် ဆိုးခဲ့တာရှိရင်ခွင့်လွှတ်ပေးပါနော်"





www.burmeseclassic.com

www.burmeseclassic.com



"အေးပါကွာ"

နေသစ် ညီမျက်နှာလေးကို ငေးကြည့်ရင်း ရင်ထဲက ပြောချင်သည့်စကားကြီးကို သွယ်ဝိုက်ပြောမနေတော့ဘဲ ပွင့်ပွင့်လင်းလင်း ပြောလိုက်ပါသည်။

"ညီ့ဆန္ဒကို ကိုကို ဖြည့်ပေးခဲ့သလို ကိုကို့ဆန္ဒကိုလည်း ညီ လိုက်လျောပေးရမယ်"

"ဟင်"

ဟန်းသာတစ်ယောက် မျက်လုံးကလေး ပြူးကျယ်ဝိုင်းစက်သွားသည့်အထိ အံ့သြသွားပါသည်။

"ဘာ ... ဘာလဲကိုကို"

"မင်း လူကိုမူးယစ်ထုံထိုင်းစေတဲ့ ဆေးပြားတွေ စားနေတာ ကိုကိုသိတယ်၊ အဲဒါ လုံးဝဖြတ်ပစ်မယ်ဆိုရင် မင်းကို ကိုကို မခနဲ့ လက်ထပ်မှာ သဘောတူတယ်"

ဟန်းသာတစ်ယောက် ကိုကို့ကို အံ့သြလွန်းလို့ မှင်တက်မိစွာ ကြောင်ငေးကြည့်လိုက်မိသည်။

မြတ်စွာဘုရား ... ကိုကို ဒီအကြောင်းတွေကို ဘယ်ကဘယ်လို သိခဲ့ရတာလဲ။



BURMESE CLASSIC .com



အခုချိန်မှာ သူ့စိတ်ထဲမှာ သူသိပ်ချစ်တဲ့ မခကလွဲပြီး ဘာမှမရှိ၊ ဒီဆေးတွေကိုလည်း သူငယ်ချင်းအပေါင်းအသင်းတွေ မြှောက်ပေးလို့ စားခဲ့တာ။ တစ်ခါတလေမှ သုံးဖြစ်တာ။

"ကျွန်တော် ဝန်ခံပါတယ် ကိုကို၊ ကျွန်တော် အဲဒီဆေးတွေကို သူငယ်ချင်းတွေ သုံးလို့ သုံးခဲ့မိပေမယ့် အခု ကျွန်တော် မသုံးတော့ပါဘူး။ ကျွန်တော့်ကို ယုံပါကိုကို၊ ကျွန်တော် လုံးဝ မသုံးတော့ပါဘူး"

"အေး ... မင်း ငါ့ကိုကတိပေးညီ၊ မင်း ဒီဆေးကို လုံးဝ မသုံးတော့ဘူးဆိုရင် ငါလည်း ကတိတည်မယ်၊ အေး ... မင်း ဒီဆေးကို ဆက်ပြီးသောက်နေမယ်ဆိုရင် ငါ မခကို ကိုယ့်ညီမလေး တစ်ယောက်လို ကိုယ်ချင်းစာပြီး ဖွင့်ပြောရမှာပဲ"

"ကျွန်တော် ကတိပေးပါတယ် ကိုကို၊ ဒီအကြောင်းတွေကို မခကို လုံးဝမပြောပါနဲ့၊ မခသိရင် ကျွန်တော့်ကို အထင်သေးမှာ။ ကျွန်တော် မခအထင်သေးမှာကို အကြောက်ဆုံးပဲကိုကို၊ ပြီးတော့ ကိုကို့ကိုလည်း စိတ်မဆင်းရဲအောင် ကျွန်တော် မလုပ်တော့ပါဘူး။ ကျွန်တော် အပေါင်းအသင်းမှားလို့ မိုက်ခဲ့မိတာ ခွင့်လွှတ်ပါ ကိုကို"

သနားစရာမျက်နှာကလေးနဲ့ တောင်းပန်လာတဲ့ညီကို သူ ငေးကြည့်ရင်း ခွင့်လွှတ်နားလည်စွာ ပြုံးလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



လမ်းမှားလိုက်မိမလို ဖြစ်သွားတဲ့ညီကို ပြုပြင်ပြောင်းလဲနိုင်ခဲ့သူကတော့ မခကလွဲပြီး ဘယ်သူမှ မဖြစ်နိုင်။

ညီသိပ်ချစ်ခဲ့သည့် မခကြောင့် ညီ့နှလုံးသားလေး ဖြူစင်ရိုးသားခဲ့တာလို့ သူ ယုံကြည်ခဲ့ပါသည်။

အဲဒီအတွက် ငါ မင်းကို ကျေးဇူးတင်ပါတယ် မခ။ မင်းနဲ့ ညီနဲ့ချစ်သူ ဖြစ်သွားကြမယ့်တစ်နေ့ကို ငါ မျှော်လင့်ပါတယ်။

ထမင်းစားပွဲကနေ လေးလံထိုင်းမှိုင်းသည့် ခြေလှမ်းကလေးတွေနဲ့ ထထွက်သွားခဲ့သည့်ကိုကို့ကို ဟန်းသာ နားမလည်နိုင်သည့် မျက်လုံးကလေးတွေနဲ့ ငေးကြည့်ရင်း ရင်ထဲမှာ ဝမ်းနည်းကြေကွဲသွားသလိုကြီး ခံစားလိုက်ရပါသည်။

ကိုကိုရယ် ကျွန်တော် နောက် ဘယ်တော့မှ ကိုကိုမကြိုက်တာ မလုပ်တော့ပါဘူးလို့ ကတိပေးပါတယ်။

ကျွန်တော့်နှလုံးသားက လေးလေးနက်နက် ကတိပေးတဲ့ စကားကို ယုံကြည်ပေးပါ ကိုကို။

ကျွန်တော့်ဘဝမှာ မခတစ်ယောက်ရှိရင် ပြည့်စုံသွားပါပြီ။

❁ ❁ ❁



## အခန်း (၁၅)

ဘဝအတွက် စိတ်မောစေရတဲ့ ဆယ်တန်းစာမေးပွဲကြီးကို ညီနဲ့မခတို့ ရှောရှောရှူရှူ အောင်မြင်သွားခဲ့တာကြီးက သူ့အတွက် ညီထက်တောင် ဝမ်းသာပျော်ရွှင်ခဲ့ရသေးသည်။

ဒီနောက်ပိုင်းမှာ ညီတစ်ယောက် အတော်ကလေး ခြေငြိမ်သွားခဲ့သလို အိမ်ကအလုပ်တွေကိုလည်း အလေးထားလုပ်ကိုင်လာခဲ့တော့သည်။ နေ့တိုင်းလိုလို မခနဲ့ တွေ့နေခဲ့ကြတဲ့ ညီကို မြင်ကွင်းတစ်ခုက ညီနဲ့မခသည် ချစ်သူတွေ ဖြစ်သွားကြပြီလို့ သူယုံကြည်လိုက်တော့သည်။

သူ့ရင်ထဲမှာ မခမျက်နှာလေးကို မြင်တွေ့ခဲ့တိုင်း အရင်တုန်း



www.burmeseclassic.com

www.burmeseclassic.com



ကလို ရင်ခုန်ကြည်နူးမှုမရှိခဲ့တော့။

ညီချစ်သူဆိုတဲ့ ခံစားချက်တစ်ခုနဲ့ သူ့နှလုံးသားကလေး ရပ်တန့်ငြိမ်သက်သွားတော့သည်။

ညီတစ်ယောက်ကတော့ ချစ်သူကလေးကို ရယူပိုင်ဆိုင်ရ တော့မယ်ဆိုတဲ့ ရည်မှန်းချက်ကလေးတွေနဲ့ ဖတ်တော်ကလေး လိမ္မာကာ မူးယစ်ရီဝေစေတဲ့ ဆေးတွေကိုလည်း မသုံးတော့တာမို့ သူ့ရင်ထဲက စိုးရိမ်ခဲ့ရသည့် အလုံးကြီး ပြုတ်ကျသွားတော့သည်။

သို့သော် စိတ်ချလက်ချ စိုးရိမ်ကင်းခဲ့ရသည့် ခံစားချက်ကြီး က ကြာကြာ သူ့ရင်ထဲကို ခိုအောင်းရောက်ရှိမလာခဲ့ချေ။

မှတ်မှတ်ရရ အဲဒီနေ့က သူ စိတ်အေးလက်အေးနဲ့ စီးပွားရေး စာရင်းတွေကို တွက်ချက်ပြီး အခန်းထဲမှာ အနားယူနေချိန်။

ညီက သူ့အခန်းထဲကို ခေါင်းငိုက်စိုက်ချဝင်လာကာ ရုတ် တရက်ကြီး သူ့ကိုဖက်ပြီး ရင်ဖွင့်ချလိုက်သည့် ညီခံစားချက်ကလေးတွေ ကို သူအံ့ဩတုန်လှုပ်စွာ မယုံနိုင်အောင် ဖြစ်သွားရပါသည်။

ဟင့်အင်း ... ညီ မင်း ဘာတွေလျှောက်ပြောနေတာလဲ ငါ မယုံဘူး၊ မင်း ပြောတာတွေ ငါမယုံဘူးညီ။

ကျွန်တော်နဲ့မခ အဆင်မပြေဘူးကိုကို။ သူက ကျွန်တော့်ကို





သူငယ်ချင်းတစ်ယောက်လိုပဲ ခင်တာတဲ့။ ကျွန်တော်ကတော့ ကျွန်တော့်ကို သူချစ်နေတာလို့ပဲ အသေအချာ ယုံကြည်ထားခဲ့တာ။ ကျွန်တော့်ကို သူလှည့်စားတာကိုကို သူတကယ်ချစ်တာလို့ ယုံကြည် ခဲ့တာ။ သူ ဘာဖြစ်လို့ ဒီလောက်လှည့်စားရတာလဲ။ ကျွန်တော် နားမလည်တော့ဘူး ကိုကိုရာ။ ကျွန်တော်က သူ့ကို လက်ထပ်ချင် တယ်လို့ တောင်းဆိုလိုက်တော့ နင့်ကို ဘယ်သူက ချစ်နေလို့ လက်ထပ်ဖို့ပြောတာလဲတဲ့၊ ရယ်တယ်ကိုကိုရာ။ ရယ်တာမှ ကျွန်တော့် ကို အရမ်းရယ်စရာကောင်းတဲ့ လူသားလို လှောင်ပြီးရယ်တာ၊ ကျွန်တော် အရမ်းစိတ်ညစ်တယ် ကိုကိုရာ၊ အရမ်းခံစားရတယ်။ သူ ဘာဖြစ်လို့ ဒီလို အပြောင်းအလဲမြန်ရတာလဲ၊ ကျွန်တော် ကျွန်တော်သူ့ကို သိပ်ချစ်တယ် ကိုကို''

နေသစ် အရမ်းခံစာနေရတဲ့ ညီမျက်နှာလေးကို ငေးကြည့် ရင်း ရင်ထဲ ဆို့နစ်သွားပါသည်။

သူကတော့ ညီနဲ့မခကို အတော်ကလေးအဆင်ပြေနေတာ လေးကိုကြည့်ပြီး ညီဘဝကလေးကို စိတ်ချလက်ချ ယုံကြည်ထားခဲ့ တာ။

*

မင်း ဘာဖြစ်လို့ ညီကိုမချစ်ဘဲ ချစ်ဟန်ဆောင်ရတာလဲ၊



www.burmeseclassic.com

www.burmeseclassic.com



မင်း သိပ်လည်တဲ့မိန်းကလေး။

မင်းကို ရှိုး သိပ်အထင်သေးတယ် မြင့်မခ။

သူ့ရင်ထဲ ဒေါသတွေ လိုက်ဆူတက်လာတာ ညီ့မျက်နှာ ဒေါသမျက်လုံးတွေနဲ့ ဆတ်ခနဲ မော့ကြည့်လိုက်မိသည်။

, "မင်းနဲ့သူက ချစ်သူတွေ ဖြစ်ခဲ့တာလား"

"ကိုကိုရာ ချစ်သူတွေလို တွဲနေကြတာပဲ၊ ချစ်သူတွေပဲ သူ့ကို ကျွန်တော် ချစ်ခွင့်တောင်းတာကို သူလက်ခံလို့ ကျွန်တော် တွဲတာပေါ့၊ ပြီးတော့ ကျွန်တော့်ကို တစ်နေ့နေ့တော့ လက်ထပ် လို့ သူ့ပါးစပ်ကြီးက ပြောထားတာ အခုမှ သူက ပြောင်းလဲသွား ကျွန်တော် အရမ်းရှက်တယ်ဗျာ"

ညီ ခေါင်းကလေး ငိုက်ကျသွားတာလေးကို ငေးကြည့် မခရဲ့ပြောင်းလဲမှုတွေကို အခံရခက်သွားရပါသည်။

မိန်းကလေးတစ်ယောက်ဖြစ်ပြီး ရည်းစားတစ်ယောက် တစ်နှစ်ကျော်ကျော် အပျင်းပြေတွဲပြီး ခွာထုတ်လိုက်တာ သူ့အ အသေးဆုံးပါပဲ။

မြင့်မခ မင်းနဲ့ငါ ထိပ်တိုက်ရင်ဆိုင်ရတော့မှာပေါ့။ မင်း ပေါ့ပျက်ပျက် မိန်းကလေးမျိုးကို ငါက ညီနဲ့ပတ်သက်ပြီး မျက်

ခုနှစ်စဉ်ကြယ်စာပေ



ချင်းဆိုင်ရဦးမှာပေါ့။

ညီ့အတွက်ကြောင့် မင်းလို မိန်းကလေးမျိုးကို ငါ မျက်နှာ ချင်းဆိုင်မှာ ငါ မင်းကို သိပ်မုန်းတယ် မြင့်မခ။

နေသစ်ရင်ထဲက အခံရခက်မှုတွေကို ကျိတ်မှိတ်မျိုချလိုက် ကာ ကြေကွဲမှုတွေ ပြည့်နေတဲ့ညီ့မျက်နှာလေးကို စေ့စေ့ စိုက်ကြည့် လိုက်ပါသည်။

"ညီ မင်း ဘာဖြစ်ချင်သလဲ"

"ကျွန်တော် သူ့ကို မခွဲနိုင်ဘူး၊ လက်ထပ်ချင်တယ် ကိုကို"

"အိုကေ ငါ သူနဲ့ ဆွေးနွေးကြည့်လိုက်မယ်၊ အဆင်မပြေရင် လည်း အကြောင်းမဟုတ်ပါဘူးကွာ၊ အခုခေတ် မိန်းကလေးတွေက ရွှေငါးဆယ်သားလောက် ထည့်လိုက်ရင်း အခုလာတင်တောင်းပါ၊ လာတင်တောင်းပါ ဖြစ်နေမှာပဲ၊ မင်း စိတ်အေးအေးထား ညီ၊ ငါတို့မှာ ရွှေဘယ်လောက်ရှိတယ်ဆိုတာ မင်းအသိ၊ မင်းကောင်မလေး ကို ငါ ရွှေနဲ့တင်တောင်းပေးမယ်၊ ဒီလောက် မူယာမာယာများတဲ့ ကောင်မလေးကို ရွှေတစ်ပိဿာ တင်တောင်းလိုက်ရင် ... အဟား ဟား ... မကြာခင် မင်းနဲ့မြင့်မခနဲ့ အကြီးကျယ်ဆုံး မင်္ဂလာပွဲတစ်ခုကို မြင်လာရစေမယ်"

ခုနှစ်စဉ်ကြယ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"တကယ်ပြောတာလား ကိုကို"

"ဟာ . . . ငါက လိမ်ပြောမလားကွ၊ ငါတို့အတွင်းပစ္စည်း ဘယ်လောက်ရှိတယ်ဆိုတာ ဒီပတ်ဝန်းကျင်က ဘယ်သူမှ မသိကြ သေးဘူး။ သူတို့က သူတို့ထက် နည်းနည်းလောက်ပဲ ချမ်းသာတယ်လို့ ထင်ထားကြတာ။ ရွှေတစ်ပိဿာတင်တောင်းမှာကို မမက်တဲ့မိဘ မရှိပါဘူးကွာ"

"ဝမ်းသာလိုက်တာ ကိုကိုရာ၊ ကျွန်တော် ကိုကို့ကို အရမ်း ကျေးဇူးတင်တယ် ကိုကိုရာ၊ ကျွန်တော် သူ့ကို လက်မထပ်ရရင် ကျွန်တော်ရူးမှာ၊ တကယ်ရူးမှာ ကိုကို"

ညီ့ကိုကြည့်ပြီး သူ ညီ့အတွက် စိုးရိမ်တုန်လှုပ်သွားပါသည်။ ညီက နဂိုကတည်းက စိတ်ဓာတ်ပျော့ညံ့သူတစ်ယောက်။

သူမရဲ့အချစ်တွေကို မရရှိခဲ့ဘဲ လျစ်လျူပြု ကျောခိုင်းလိုက် တဲ့ သူမရဲ့ ရက်စက်စိမ်းကားမှုတွေက ညီ့ဘဝကလေးကို ပျက်စီး ယိုယွင်းအောင်ပြုစားခဲ့သည်။

မင်းကို ဒီလောက်အထိ လှည့်စားတတ်လိမ့်မယ်လို့ ငါ မထင်ခဲ့ဘူး။ မင်းကို ငါက ရိုးသားတဲ့ မိန်းကလေးတစ်ယောက်လို့ ထင်ခဲ့တာ။





မင်းဟာ တော်တော်ကြောက်ဖို့ ကောင်းတဲ့ မိန်းကလေး။ ...ကြောင့်သာ ငါ့ညီ မရှုမလှခံစားမှုတွေ ပေးဆပ်ရင် ငါ မင်းကို ...မလွှတ်ဘူး။

ငါ့ညီဘဝကလေး လိမ္မာဖြောင့်မတ်သွားအောင် ငါ မနည်း ...ပေးထားခဲ့ရတာ။ အခုတော့ မင်းက ငါ့ညီဘဝကို သတ်ဖြတ်ခဲ့ ...ပေါ့။

မင်း ဘာရည်ရွယ်ချက်နဲ့ ငါ့ညီကို အပျော်သဘောနဲ့ လှည့် ...ခဲ့ရတာလဲ။ ငါ မင်းကို ဒီလို လှည့်စားတတ်တဲ့ မိန်းကလေးလို့ ...ထင်ထားခဲ့ဘူး။

ရင်ထဲက ညီ့ကိုယ်စား နာကျင်ခံစားခဲ့ရတာတွေကို ညီ ...မိအောင် မျက်နှာကြီးကို တည်တည်ကြီး ဟန်လုပ်တင်းမာထားခဲ့ ...ပေမယ့် ရင်ထဲမှာတော့ ညီ့ကို စိုးရိမ်ခဲ့ရသည့် ခံစားမှုတွေနဲ့ ...လျှနာကျင်ခဲ့ရပါသည်။

သူ့ရင်ထဲက နာကျင်ခဲ့သည့် ခံစားမှုတွေကို ညီကမသိရှိခဲ့။

❀



www.burmeseclassic.com

www.burmeseclassic.com



ဟန်းသာသည် အခန်းထဲမှာ ဆောက်တည်ရာမရ နာကျ
ကြေကွဲစွာ ခံစားခဲ့ရပါသည်။

မခရဲ့ ရက်စက်စိမ်းကားမှုတွေက သူ့ရဲ့ နုနယ်လွန်းသည
နှလုံးသားကလေးကို အနာတရဖြစ်ကျန်ခဲ့သည်။

မခ ဘာဖြစ်လို့ သူ့ကို လှည့်စားရတာလဲ။ သူ့ကို တကယ
မချစ်ခင်ဘဲ ဟန်ဆောင်မှုတွေနဲ့ တွဲခဲ့တာ မခမှာ ဘာရည်ရွယ်ချ
ရှိထားလို့လဲ၊

မခနဲ့ သူ့ကြားမှာ ပြင်းထန်သည့် အငြိုးအတေးဆို
ဘာတစ်ခုမှမရှိခဲ့။

မနေ့က မခပြောခဲ့သည့် စကားတွေက မခပါးစပ်ကလေး
နေ ပြောထွက်ခဲ့တာမှ ဟုတ်ရဲ့လားဆိုတဲ့ သံသယကလေးတွေ
ဟန်းသာ မခကို မယုံနိုင်အောင် မော့ကြည့်လိုက်မိသည်။

"မခ ငါ နင့်ကို လက်ထပ်ချင်ပြီ ငါတို့လက်ထပ်ကြရအော
နော် မခ၊ ကိုကိုက ငါဆယ့်ရှစ်နှစ်ပြည့်ရင် နင်နဲ့ လက်ထပ်ခွင့်
တယ်၊ နင့်ကိုတောင်းပေးမယ်တဲ့ မခ၊ ငါတော့ နင့်ကို လက်ထပ်ချ
ပြီဟာ၊ နင် ငါ့ကို မငြင်းလိုက်ပါနဲ့နော်"





ဟန်းသာ စကားအဆုံးမှာ မခတစ်ယောက် ဘာကို သဘော
ကျသွားသည်မသိ။ သူ့မျက်နှာကို စိုက်ကြည့်ပြီး ဟက်ဟက်ပက်ပက်
ရယ်ချလိုက်သဖြင့် ဟန်းသာ ကြောင်ငေးသွားရပါသည်။

မခရဲ့မျက်နှာလေးကို ငေးရီရီလေး စိုက်ကြည့်ရင်း သူ
သတိလက်လွတ်ပေါက်ကွဲသွားရပါတော့သည်။

သူ့စကားတွေကို လှောင်ပြောင်ရယ်မောလိုက်သည့် မခ
ပန်းလေးကို ဆုပ်ကိုင်ခါယမ်းလိုက်ပြီး မခမျက်နှာလေးကို စေ့စေ့ကြည့်
ကာ တုန်လှုပ်စွာ မေးလိုက်မိသည်။

"ဟင် မခ . . . ဘာဖြစ်လို့ ရယ်တာလဲ၊ ငါ့စကားထဲမှာ
ဘာရယ်စရာ ပါလို့လဲ"

"နင့်ကို ငါ ဘယ်တုန်းက ချစ်တယ်လို့ ပြောဖူးလို့လဲ၊
နင်နဲ့ငါနဲ့က ချစ်သူတွေလည်းမဟုတ်ဘူး၊ နင့်ကိုခင်မင်တဲ့ သူငယ်ချင်း
အဖြစ်နဲ့ ငါ သူငယ်ချင်းလိုပဲ သတ်မှတ်တာ၊ နင်က လက်ထပ်ဖို့
ပြောလာတာတော့ ငါ့ရဲ့ခင်မင်မှုကို စော်ကားတာပဲ ဟန်းသာ၊ ငါ
မထင်ရက်လောက်အောင် နင်က တော်တော်လူလည်ကျတာပဲ၊ နင့်
အစ်ကိုကလည်း အသက်ဆယ့်ရှစ်နှစ်ပြည့်တာနဲ့ လိုက်တောင်းပေးမယ်
တဲ့လား၊ ဟား ဟား ယယယနင့်အစ်ကိုကလည်း အရူးပဲ၊ တကယ်



www.burmeseclassic.com

www.burmeseclassic.com



ရယ်ရတယ်ဟာ''

မျက်နှာချောချောကလေးနဲ့ မလိုက်ဖက်အောင် စိတ်ဓာတ်မာကျောလွန်းတဲ့မခကို သူမ ယုံကြည်နိုင်သည့် ခံစားမှုတွေ နှင့်သည်းနေသည့် မျက်လုံးကလေးတွေနဲ့ စိုက်ကြည့်လိုက်မိသည်။

''နှင်ပြောတာ ငါမယုံဘူး မခ''

''မယုံလည်း မတတ်နိုင်ဘူး။ နှင်က ငါ့ကို သူငယ်ချင်းစည်းဘောင်ကျော်တဲ့အပြင် စိတ်ကူးယဉ်တောင် ဘောင်ကျော်သွားပြီ၊ အဟင်း ဟင်း။ နှင့်အစ်ကိုပြောလိုက်ဟာ အသက်ဆယ့်ရှစ်နှစ်ပြည့်တဲ့ တခြားမိန်းကလေးတစ်ယောက်ကို သွားတောင်းပေးလို့ ငါက ပြောလိုက်တယ်လို့ ဆက်ဆက်ပြောလိုက်ပါ ဟန်းသာ''

''မခ ... နှင် ငါ့အချစ်တွေကို မစော်ကားနဲ့နော်''

ဟန်းသာရင်ထဲက ချုပ်ထိန်းထားသည့် ရူးသွပ်မှုအချစ်တွေ လွှတ်ထွက်ပေါက်ကွဲသွားရလေသည်။

မခပခုံးကလေးကို ဆုပ်ကိုင်ထားသည့်လက်တွေက သန်မာမြဲမြံသွားကာ သူမကိုယ်လုံးကလေးကို ရင်ခွင်ထဲ တင်းတင်းကျပ်ကျပ်ကြီး ဖက်ထားလိုက်ပြီး သူမမျက်နှာကလေးဆီသို့ အနမ်းမူးမူးကလေးတွေ ရူးရူးမူးမူး ကျရောက်သွားပါတော့သည်။

ခုနစ်စဉ်ကြယ်စာပေ



သူ့ တကယ် အချစ်ရူး ရူးသွားရလေပြီ။

မခကို ချစ်ခင်မြတ်နိုးခဲ့သည့် ခံစားမှုတွေက နှလုံးသားတစ်ခု ံး ပြုတ်ထွက်မတတ် လှုပ်လှုပ်ရမ်းရမ်း ခါကျင်လွန်းမောကာ အတိလစ်မတတ် ကြေပျက်စွာ ခံစားလိုက်ရသည်။

''ချစ်တယ် မခ၊ ငါ နှင့်ကို သိပ်ချစ်တယ်၊ နှင့်ကို ငါ က်လွှတ်ဆုံးရှုံးမခံဘူး။ နှင့်မိဘတွေကို ငါမရ ရအောင် လာတောင်း ယ်''

ဟန်းသာစကားက မခရင်ထဲကို မီးတောက်လောင်သွားကာ သူ့ရင်ခွင်ထဲမှ ခပ်ကြမ်းကြမ်း ရုန်းထွက်လိုက်ပြီး သူ့ကို ဒေါသတကြီး ှင်ဆိုင်လိုက်ပါသည်။

''ဖော်စမ်း ဟန်းသာ ... နှင် နှင် လူစိတ်မရှိဘူး၊ နှင့်ကို အခွင့်အရေးလေးပေးလိုက်တာနဲ့ နှင် ... နှင် ထွက်သွား၊ အခု ါ့ရှေ့က ထွက်သွားစမ်း ဟန်းသာ''

မခရင်ထဲ လှစ်ဟာဝမ်းနည်းသွားကာ မျက်ရည်ကြည်လေးတွေ ဝဲတက်လာသည့်အထိ ရှက်ရွံ့စိတ်လှုပ်ရှားစွာ တစ်ကိုယ်လုံး တုန်တုန်လှုပ်သွားပါသည်။

တော်တော်လူပါးဝတဲ့ ညီအစ်ကိုနှစ်ယောက်ပါလား။

ခုနစ်စဉ်ကြယ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဟန်းသာ အခုလို သူမကို ရှုံးရှုံးမူးမူးဖြစ်အောင် မြှောက်ပေးနေခဲ့တာ သူ့အစ်ကိုစနက်ပင်။

ကျွန်မ ရှင့်ကို ဟန်းသာထက် ပိုမုန်းတယ်။ ဟန်းသာကိုသာ ကျွန်မ ခွင့်လွှတ်နိုင်ရင် ခွင့်လွှတ်မယ်။

ရှင့်ကို ဘယ်တော့မှ ခွင့်မလွှတ်ဘူး ဦးနေသစ်။ ဟန်းသာက ခင်မင်တဲ့ စိတ်ကလေးနဲ့သာ သူငယ်ချင်းအပေါင်းအသင်းလုပ်ခဲ့ပေမယ့် မေမေက ဟန်းသာနဲ့ သူငယ်ချင်းဖြစ်ခဲ့တာကို မနှစ်သက်ခဲ့။

ဟန်းသာက သူငယ်ချင်းတွေနဲ့ လမ်းများတတ်သည့် ခပ် ပွေပွေလူငယ်လေးတစ်ယောက်အဖြစ် မေမေတို့မျက်စိထဲမှာ မနှစ် သက်နိုင်ခဲ့သလို သူမကလည်း သူနဲ့ သူငယ်ချင်းဖြစ်ခဲ့တာကြီးကို မနှစ်မြို့နိုင်ခဲ့ပေမယ့် သူ့အစ်ကိုကို မုန်းတီးစိတ်တွေနဲ့ သူညီနဲ့ တတွဲတွဲ နေပြခဲ့တာဖြစ်သည်။

ဘယ်လောက် ရယ်စရာကောင်းသလဲ ဦးနေသစ်ရယ်။ ရှင် ကျွန်မကို ချစ်နေခဲ့တာသိလို့ ရှင်သဝန်တိုပေါက်ကွဲလာမှာကို ကျွန်မ စောင့်မျှော်ခဲ့တာ နှစ်နှစ်တောင်ကျော်ခဲ့ပါပြီ။

ရှင်က သဝန်မတိုတဲ့အပြင် ကျွန်မကို ရှင့်ညီလို ခပ်ရှုပ်ရှုပ် ကောင်လေးဘဝထဲ ထိုးအပ်ဖို့ စီမံကိန်းနဲ့ ရေးဆွဲနေခဲ့တာပေါ့





ရှင့်ကိုသိပ်မုန်းတယ် ဦးနေသစ်။

သူမရင်ထဲက မာနစိတ်ကလေးတွေက သူမနှလုံးသားလေး ကို အေးစက်ထုံထိုင်းသွားခဲ့ပါသည်။

သူမကိုကျောခိုင်းပြီး လေးလံနှေးကွေးသည့် ခြေလှမ်းတွေနဲ့ လှမ်းထွက်သွားသည့် ဟန်းသာနောက်ကျောပြင်ကလေးကို ငေးကြည့် ရင်း သူမ စိတ်လွတ်ကိုယ်လွတ် ငိုချလိုက်ပါတော့သည်။

ဟန်းသာရယ် . . . ငါ နင့်ကို ဘယ်လိုမှ ခံစားလို့မရတာ ငါ့ကို ခွင့်လွှတ်ပါဟာ။ ငါ နင့်ကို မချစ်ခဲ့ဘူး။ ငါ့ဘက်က နင့် နှလုံး သားလေးကို ရှုံးရှုံးမူးမူးဖြစ်သွားအောင် နင့်အစ်ကို မခံချင်စိတ်နဲ့ အရွဲ့တိုက်မိတာ။ ငါ့ကိုခွင့်လွှတ်ပါ ဟန်းသာရယ်။

တကယ်တော့ ငါချစ်ခဲ့တဲ့ လူတစ်ယောက်က ငါ့ကို လိမ်ညာ ဟန်ဆောင်ပြီး အပျော်တမ်း စာပေးခဲ့လို့ ငါ့နှလုံးသားက ရှုံးမိုက်ပြီး ချစ်ခဲ့မိတာ၊ ငါ မှားသွားခဲ့ပြီ။

နင့်အစ်ကိုလည်း ငါ့ကို ညာခဲ့တာပဲ ဟန်းသာ။ အဲဒီအတွက် ငါ မမှားခဲ့ပါဘူး။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

နေသစ်ရင်ထဲ မီးတောက်လောင်နေရလေပြီ။ ညီ သူ့ကို မခနဲ့အဆင်မပြေဘူးလို့ပြောပြီးတဲ့ သုံးရက်မြောက်တဲ့အထိ အခန်းထဲက မထွက်တော့ဘဲ အခန်းတံခါးပိတ်ကာ တစ်ယောက်တည်း ကျိတ်ကြေကွဲနေတာကို ကြည့်ပြီး သူ မခံစားနိုင်တော့။

အကြောင်းပြချက်မရှိဘဲ ရုတ်တရက်ကြီး ညီ့နှလုံးသားကို ရိုက်ချိုးချေဖျက်ခဲ့တဲ့ မခကို သူ ဒီအတိုင်း လက်ပိုက်ကြည့်မနေနိုင်တော့။

မင်းကို ငါ မျက်နှာချင်းဆိုင်ပြီး တွေ့ရမယ် မခ။ မင်းက အရွယ်နဲ့မလိုက်အောင် လှည့်စားတတ်တဲ့ မိန်းကလေးပဲ။ မင်း





ဘာရည်ရွယ်ချက်နဲ့ ညီ့ဘဝကို ပျက်အောင်ဖျက်ဆီးရတာလဲ။

ညီ့ဘဝသာ ပျက်စီးသွားရင် မင်းကို ငါ ဘယ်တော့မှ ခွင့်မလွှတ်ဘူး မြင့်မခ။

ညီ့အခန်းရှေ့မှာ သူ ခေါင်းကြီးငိုက်စိုက်ချပြီး အခန်းထဲကို နားစွင့်ထားလိုက်သည်။

ညီ့အခန်းထဲမှာ ဘာသံမှမကြားရ။ သူ ညီ့အတွက် အရမ်းစိုးရိမ်တုန်လှုပ်သွားရကာ ညီ့အခန်းတံခါးကို ခပ်ကျယ်ကျယ်ခေါက်လိုက်မိသည်။

"ညီ ညီ၊ တံခါးဖွင့်ပါဦးကွာ၊ ကိုကို မင်းကို ပြောစရာရှိလို့"

အခန်းထဲမှ ညီက ဘာစကားမှ တုံ့ပြန်မလာခဲ့သဖြင့် သူ တုန်လှုပ်ချောက်ချားသွားပါသည်။

'ဒေါက် ဒေါက်'

"ညီ ...ညီ ဘာဖြစ်နေတာလဲ၊ ကိုကို့ကို အရမ်းစိုးရိမ်အောင် မလုပ်စမ်းနဲ့ကွာ၊ တံခါးဖွင့်ပေးပါ၊ မင်း တံခါးမဖွင့်ပေးရင် ငါ တံခါးကိုရိုက်ဖွင့်မှာနော် ညီ"

ညီတစ်ယောက် ဘာတွေလုပ်နေသလဲ။

မြတ်စွာဘုရား ...ညီ စိတ်ညစ်ညစ်နဲ့ ဟိုဆေးတွေ ပြန်



www.burmeseclassic.com

www.burmeseclassic.com



သုံးရင် ဒုက္ခပါပဲ။

သူ့နှလုံးသားထဲ ပူခနဲ ကျွမ်းမြေ့သွားကာ အတွေးတစ်ခုနဲ့တင် ရှုးရှုးသွပ်သွပ်ကြီး ခံစားလိုက်ရသည်။

"ညီ တံခါးဖွင့်ပေးပါဦးကွာ၊ မင်း ဘာတွေ လုပ်နေသလဲ မင်း မင်း"

သူ စကားဆက်မပြောနိုင်တော့၊ ဝမ်းနည်းကြေကွဲစွာ ဆို့နင့်သွားပါသည်။

တစ်သက်နဲ့တစ်ကိုယ် ဒီလောက်အထိ သူ ဝမ်းနည်းစွာ မခံစားဖူးခဲ့။ မျက်ရည်ကြည်များ ဝဲတက်လာသည်အထိ သူ့ရင်ထဲ နာကျင်ကြေကွဲသွားပါသည်။

"မင်း မင်း မိန်းကလေးတစ်ယောက်အတွက်နဲ့ ဘဝကို မျောသွားအောင် ဖန်တီးတော့မှာလား။ မင်း ငါ့ကို ဒုက္ခပေးလိုက်တာ လား ညီရယ်"

ပြောရင်းနဲ့ နေသစ် စိတ်မထိန်းနိုင်တော့ဘဲ မျက်ရည်များ စီးကျလာတော့သည်။

နေသစ်တစ်ယောက် တိတ်ဆိတ်ကြေကွဲစွာ ငိုကြွေးနေသည့် အချိန်မှာပင် အခန်းထဲက ညီ့အသံထွက်လာခဲ့လေသည်။





"ကိုကို ... ကျွန်တော် ဘာမှမဖြစ်ဘူး။ စိတ်ညစ်လို့ အိပ်နေ ာပါ။ ကျွန်တော် ဘာမှ မဖြစ်ဘူးကိုကို၊ အေးဆေးပါဗျာ၊ ဒီလောက် ေတာ့ ပျင်းတယ်၊ ရည်းစားလေးငါးယောက်ထားလာတဲ့ ကောင်ပဲ ာ"

ညီရယ် မင်းအသံတွေ မှုမမှန်ဘူး။ ငါ မင်းကို မယုံဘူး၊ ယုံချင်ဘူးကွာ။

နေသစ်၊ အံကို တင်းတင်းဖိကြိတ်လိုက်ကာ ညီအခန်းရှေ့က ာခနဲလှည့်ထွက်လာခဲ့တော့သည်။

တွေ့ကြသေးတာပေါ့ မြင့်မခရယ်။

နေသစ် တိတ်တဆိတ်ကြိမ်းဝါးလိုက်ပြီး မြင့်မခဆီ ချက်ချင်း တွေ့ဖို့ ဖုန်းဆက်ချိန်းလိုက်ပါသည်။

ဖုန်းထဲက မြင့်မခအသံက သူ့ကို လှောင်ပြောင်သလို ံစားခဲ့ရသည်။

"ဦးနေသစ် ... ရှင်က ဘာကိစ္စ ကျွန်မနဲ့ တွေ့ချင်ရတာလဲ"

"တွေ့တောသိရမှာပေါ့။ မင်း အခု အိမ်မှာရှိနေတယ် မဟုတ် ား။ မင်းမိဘတွေရော ရှိလား"

"ကျွန်မမိဘတွေတော့ မရှိပါဘူး။ ဒါပေမဲ့ ကျွန်မ ရှင်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ထွက်တွေ့ဖို့ စိတ်ကူးမရှိဘူး ဦးနေသစ်''

"ဘာလဲ ... မင်းက ငါနဲ့တွေ့ရမှာ ကြောက်လို့လား။ မတွေ့ရဲဘူးပေါ့''

"အဟင်း ဟင်း ... ရှင်က ရှင့်ကိုယ်ရှင် သိပ်အထင်ကြီးတာပဲလား။ ကျွန်မကတော့ ရှင့်ကို လုံးဝအထင်မကြီးဘူး''

"တောက် ... ကောင်းပြီ။ မင်း စောင့်နေ ငါလာခဲ့မယ်''

"လာရဲရင် လာခဲ့ပေါ့''

ပြောပြီး ဖုန်းချသွားတဲ့ မြင့်မခကို အရှေ့မှာရှိရင် သူကိုင်ဆောင့်ပြီးပြီ။

တောက် ... မင်းက ငါ့ကို စိန်ခေါ်တယ်ပေါ့။

တွေ့ကြသေးတာပေါ့ မြင့်မခရယ်။ မင်းဟာ ငါ့ထက် ဘယ်လောက်ငယ်ငယ် ငါ မင်းကို ညီနဲ့ပတ်သက်ပြီး မငဲ့ညှာနိုင်ဘူး။ မင်းကို သိပ်မုန်းတယ် မြင့်မခ။

အရင်တုန်းက မင်းကိုချစ်ခဲ့မိတဲ့ ငါ့နှလုံးသားကို ရေပုပ်နဲ့ဆေးကြောပစ်လိုက်ပြီ။ အဲဒါ မင်း မြဲမြဲမှတ်ထား မြင့်မခ။

နေသစ် ဒီလောက်အထိ တစ်ခါမှ ဒေါသမထွက်ဘူးခဲ့။

ရင်ထဲက နှလုံးသားတွေ တအုန်းအုန်း ကြွေကျလုမတတ်





ဒေါသစိတ်တွေနဲ့ စိတ်လှုပ်ရှားစွာ တစ်ဖက်ခြံကို ကူးလာခဲ့ပါတော့သည်။ မျက်နှာပြောင်ပြောင်နဲ့ ယောကျ်ားတစ်ယောက်ကို အရင်ကျောခိုင်းခွာထုတ်ခဲ့တဲ့ မင်းမျက်နှာကို စေ့စေ့ကြည့်ပြီး ငါ ဘာတွေပြောလာမယ်ဆိုတာ မင်း စောင့်ကြည့်လိုက် မြင့်မခ။

❁

အိုး ... ရယ်စရာကောင်းလိုက်တာ ဦးနေသစ်ရယ်။ ရှင့်ရဲ့အတ္တတွေနဲ့ မာနတွေကို ကျွန်မ လှလှပပကလေး အလဲထိုးအနိုင်ယူလိုက်ဦးမယ်ဆိုတာ ရှင်မေ့မထားပါနဲ့။

ရှူးနေပြီလား ဦးနေသစ်။ လာစမ်းပါ ... ရှင် ကျွန်မဆီကို မျက်နှာချင်းလာဆိုင်လိုက်စမ်းပါ။ ကျွန်မ,ပြောမယ့်စကားတစ်လုံးတည်းနဲ့ ရှင့်နှလုံးသားတွေ ပဲ့ကြွေလွင့်စဉ်သွားစေရမယ်။

မခတစ်ယောက်တည်း ကျိတ်မနိုင်ခဲမရ ဒေါသကလေးတွေထွက်ကာ ညခန်းထဲကနေ ဦးနေသစ်လာရာလမ်းကို မျက်နှာမူထားပြီး စောင့်မျှော်နေလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချိန်မှာ ခြေလှမ်းကျဲကြီးတွေနဲ့ ညှော်ခန်းထဲကို လှမ်းဝင်လာသည့် ဦးနေသစ်မျက်နှာကြီးကို သူမ မထိတထိ မျက်လုံးတွေနဲ့ ခပ်စူးစူးကလေးစိုက်ကြည့်လိုက်ပါသည်။

ကဲ ရှင်ကြီး ဘာတွေလာပြီး ရှင့်ညီနဲ့ပတ်သက်ပြီး ပေါက်ကွဲမှာလဲ။ ရှင်ကသာ ရှုးသွပ်နေတာပါရှင်။ ရှင့်ညီ နှလုံးသားက အေးအေးဆေးဆေးပါပဲရှင်။

ဒေါသမျက်လုံးနီနီကြီးတွေနဲ့ သူမကို စူးစူးစိမ်းစိမ်း စိုက်ကြည့်လာတဲ့ ဦးနေသစ်ကို သူမ ရဲရဲဝံ့ဝံ့ရင်ဆိုင်လိုက်ပါသည်။

ဆိုဖာကလေးမှာ အေးအေးကလေး ထိုင်နေရာမှ ဆတ်ခနဲမတ်တတ်ထရပ်လိုက်ပြီး ဦးနေသစ်နဲ့ မျက်နှာချင်းဆိုင် ရပ်ပစ်လိုက်ပါသည်။

"ကဲ ရှင် ဘာပြောချင်လို့ ကျွန်မအိမ်ကို အရောက်လာတွေ့ရတာလဲ"

နေသစ် မခံစားနိုင်တော့။ သူ့ကို မထိတထိ မျက်လုံးတွေနဲ့ စေ့စေ့စိုက်ကြည့်လာတဲ့ မခမျက်လုံးတွေကို ပေါက်ထွက်မတတ် စူးစူးစိမ်းစိမ်း စိုက်ကြည့်လိုက်ပြီး သူမ ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်ခါယမ်းလိုက်ပါသည်။





"မင်း ညီနဲ့ပတ်သက်ပြီး မျက်နှာပြောင်နိုင်လွန်းတာကို ငါလာပြီး ရှုတ်ချတာပဲ"

"အဟင်း ဟင်း ... ရှင်ဟာ အရူးပဲ၊ ရှင်နဲ့ ဘာဆိုင်လို့ ကျွန်မနဲ့ ဟန်းသာကိစ္စမှာ ရှင်ဝင်ပါရတာလဲ၊ ဟန်းသာတောင် ရှင့်လောက်ခံစားရမယ် မထင်ဘူး၊ ရှင် ဘာဖြစ်လို့ ဒီလောက်အထိ ပေါက်ကွဲရတာလဲ၊ ဒါပေမဲ့ ဦးနေသစ် ရှင် နားလည်ထားလိုက်စမ်းပါ၊ ရှင် ဘယ်လောက် အရူးတစ်ပိုင်း ပေါက်ကွဲ ပေါက်ကွဲ ကျွန်မ လုံးဝဂရုမစိုက်ဘူး"

"ဘာ ... မင်း"

ကြည့်စမ်း ... သိပ် မျက်နှာပြောင်တဲ့ မိန်းကလေး။ သူ့ရင်ထဲက ဒေါသတွေ အစွမ်းကုန် လွတ်ထွက်ပေါက်ကွဲမသွားအောင် မျိုသိပ်ထိန်းချုပ်လိုက်ရပါသည်။

မင်းကို သိပ်မုန်းတယ် မြင့်မခ။ မင်းဟာ အရှယ်နဲ့မမျှအောင် လှည့်စားတတ်တဲ့ မိန်းကလေး။

မင်းကြောင့် ငါ့ညီ အခုလို ကြေကွဲနေတာ။ မင်း ငါ့ညီကို ချစ်သူဟန်ဆောင်ပြီး ဘာလို့ လှည့်စားရတာလဲဆိုတာ ငါသိချင်တယ်။

နေသစ် နှုတ်ခမ်းကို တင်းတင်းစေ့ကြိတ်ကာ သူမမျက်နှာကို



www.burmeseclassic.com

www.burmeseclassic.com



ခက်ထန်တင်းမာစွာ စိုက်ကြည့်လိုက်သည်။

"ရှင် သတ္တိရှိရှိ စိန်လာခေါ်တယ်ဆိုရင် မိန်းကလေး တစ်ယောက်ရဲ့ အသားကို နာကျင်အောင် မစော်ကားစမ်းပါနဲ့"

"ဘာ"

သူ ဒေါသတကြီး ထအော်ပစ်လိုက်မိသည်။

တောက်၊ တတ်လည်း တတ်နိုင်တဲ့မိန်းကလေး။

သူ့ရင်ထဲ တင်းကျပ်ကျပ်ကြီး ဖြစ်သွားကာ ရှက်ရွံ့နာကျင်စွာ မျက်နှာကြီးတစ်ခုလုံး ရဲရဲတွတ်နီမြန်းသွားပါသည်။

ရင်ထဲမှာ ရှက်ရွံ့စိတ်လှုပ်ရှားစွာ နှလုံးသွေးတွေ တဆတ်ဆတ် တုန်ယင်လာတဲ့ ခံစားမှုကြီးကို ဒေါသတကြီး မောင်းထုတ်ပစ်လိုက်မိသည်။

သွားစမ်း . . . ငါ ဒီမိန်းကလေးနဲ့ပတ်သက်ပြီး နှလုံးသားထဲက လှိုက်လှိုက်လှဲလှဲ မခံစားဘူး။ မှတ်ထား မြင့်မခ . . . မင်းဟာ ငါ့ညီဘဝကို ဖျက်ဆီးချေမွခဲ့တဲ့ မိန်းကလေး။ မင်းကို ငါ ဘယ်တော့မှ ခွင့်လွှတ် ကျေအေးမပေးဘူး။

တုန်တုန်ယင်ယင်ကြီး ဆုပ်ကိုင်ထားတဲ့ သူ့လက်ချောင်းတွေကို သူမပခုံးဆီမှ ခပ်မြန်မြန် ဆွဲခွာထုတ်ပစ်လိုက်ပြီး သူမမျက်နှာလေးကို စေ့စေ့စိုက်ကြည့်ကာ ဝမ်းနည်းကြေကွဲသွားသလိုကြီး ခံစားလိုက်ရသည်။

ဟာ . . . ငါ ဘာတွေ ခံစားလိုက်ရတာလဲ။ ငါ ငါ့ညီကို တမင်သက်သက် ဒုက္ခရောက်အောင် လှည့်စားခဲ့တဲ့ မိန်းကလေးကို ပက်ပက်စက်စက် ပြောပစ်ရမယ်။

အားတင်းထားလိုက်စမ်းပါ နေသစ်ရာ။

မာန်မာနနဲ့ တင်းမာနေခဲ့ပေမယ့် ကလေးဆန်လွန်းတဲ့ သူမ မျက်နှာနုနုလေးကို ငေးကြည့်ရင်း သူ့ရင်ထဲက ညီနဲ့ပတ်သက်ပြီး ခံစားခဲ့ရသမျှတွေ ပျောက်ပြယ်လွင့်စဉ်သွားရလေတော့သည်။

မပြောရက်ပါ၊ စကားကြမ်းကြမ်းတွေနဲ့ သူမ နှလုံးသားကို သူနာကျင်ထိခိုက်သွားအောင် မပြောရက်တော့။

ဒါပေမဲ့ အခံရခက်ခဲ့ရသည့် သူ့ရင်ထဲက စကားတွေကိုတော့ သူမသိအောင် ပြောပြရမည် ဖြစ်သည်။

ဒေါသတစ်ထစ် လျော့ကျသွားသည့် မျက်လုံးတွေနဲ့ သူမ မျက်နှာလေးကို ငေးကြည့်လိုက်မိစဉ် သူမရဲ့ ဒေါသမျက်လုံးစိမ်းလေးတွေက သူ့နှလုံးသားကို တလှုပ်လှုပ် ခါယမ်းသွားရလေသည်။

"ရှင် ပြန်တော့၊ ကျွန်မ ရှင်နဲ့ ဆက်စကားပြောစရာ





www.burmeseclassic.com

www.burmeseclassic.com



အကြောင်း မရှိတော့ဘူး''

''မင်းပြန်နိုင်းတိုင်း ငါက ပြန်ရအောင်၊ တောက်၊ ကို ညီမလေးအရွယ်မို့လို့ ဒီလောက်သည်းခံထားတာ။ မင်း မင်းကို ငါ သိပ်မုန်းတယ်ဆိုတာ မင်းနားလည်ထားစမ်းပါ။ ညီနဲ့ပတ်သက်ပြီး ငါ့ညီနှလုံးသားကို ရိုက်သတ်ခဲ့တဲ့မင်းကို ငါက ညီထက်ပိုပြီး မုန်းတယ် ဆိုတာ မင်းတစ်သက်လုံး မှတ်ထားလိုက်။ ငါ့ညီကို ပြောမရခဲ့လို့သာ မင်းလို မိန်းမလည်ကလေးနဲ့ ကြည်ဖြူထားခဲ့တာဆိုတာ မင်းနားလည် ထားလိုက် မြင့်မခ''

''ဟင် ... ရှင် စော်ကားလိုက်လား ဦးနေသစ်''

''အေး ... ဒီထက် ပြောင်မြောက်တဲ့စကားလုံးတွေ ငါ့ရင် ထဲမှာ ရှိသေးတယ်၊ မိန်းကလေးမို့လို့ ဒီလောက်အထိ''

''တော် ... ရှင့်ပါးစပ် ပိတ်ထား။ ရှင့်ညီဟန်းသာကို ကျွန်မ က ချစ်ခဲ့တယ်လို့ ဘယ်သူပြောလဲ၊ ရှင့်ညီဘာသာ ရှင့်ညီရူးပြီး မတန်မရာ မုန်းနေတာကို ရှင်ကလိုက်ပြီး မြှောက်ပင့်ပေးနေတာ ကျွန်မ မသိဘူး အောက်မေ့နေသလား၊ ရှင့်ညီလို ပွေလေနေတဲ့ လူတစ်ယောက်ကို ကျွန်မ ဒီနေ့ကစပြီး သူငယ်ချင်းအဖြစ်က စွန့်လွှတ် လိုက်ပြီ၊ ဘာမှမပတ်သက်တော့ဘူး ဦးနေသစ်၊ ရှင့်ဘက်ကလည်း





တာဝန်ယူပါ၊ ရှင့်ညီ ကျွန်မကို နောက်နှောင် လာပြီးမပတ်သက်ပါ စေနဲ့''

''ဟား ဟား ... ရယ်ရတယ်ကွာ၊ မင်းကများ ငါ့ညီကို အေး ... မင်းသာ ငါ့ညီကို မဆွဲဆောင်မသိမ်းသွင်းနဲ့''

'ဖြန်း'

သူမ မျက်လုံးတွေ ပြာဝေသွားကာ သူ့မျက်နှာတည့်တည့် ကို လက်မှန်းတည့်တည့် ရိုက်ချပစ်လိုက်မိသည်။

သူက အရမ်းအံ့ဩတုန်လှုပ်သွားတဲ့ မျက်လုံးတွေနဲ့ သူမကို ပြူးကြောင်စွာ စိုက်ကြည့်ကာ ပခုံးနှစ်ဖက်ကို ဆွဲကိုင်ခါယမ်းလိုက်ပါ တော့သည်။

''မင်း ... မင်း သိပ် အောက်တန်းကျတဲ့ မိန်းကလေး''

နေသစ် အသည်းကြွေပျက်မတတ် ရက်ရှဲ့ပေါက်ကွဲသွားပါ တော့သည်။ သူမကိုယ်လုံးကလေးကို ဆွဲကိုင်ခါယမ်းပြီး နံရံမှာ သူ့ကိုယ်လုံးနဲ့ ညှပ်ချုပ်ထားလိုက်ကာ သူမမျက်နှာကို လက်နှစ်ဖက်နဲ့ ညှပ်ဖိလိုက်ပြီး ခပ်စိန်းစိန်း စိုက်ကြည့်ကာ ရင်ထဲက နာကြည်းမှုတွေနဲ့ ကြိမ်းမောင်းလိုက်ပါသည်။

''မင်းကို ပြန်ရိုက်ချင်တာ၊ ဒါပေမဲ့ ငါ မင်းကို ဘယ်တော့မှ



www.burmeseclassic.com

www.burmeseclassic.com



ပြန်မရိုက်ဘူး။ မင်းနှလုံးသားကို ရှုံ့သွပ်သွားအောင် တန့်နှံ ညှည်းသတ်ပြမယ်၊ စောင့်ကြည့်နေလိုက် မြင့်မခ''

ရင်ထဲမှာ ရုက်ရှူနာကြည်းစိတ်တွေ ပြင်းထန်ကာ သူ့ရင်တစ်ခုလုံး မောက်ကြွကာ ပရမ်းပတာ အတားအဆီးမဲ့ ပြိုဆင်းသွားပါတော့သည်။

တောက် . . . ဒေါသစိတ်တွေနဲ့ သူမပါးပြင်လေးကို ပြန်မရိုက်မိအောင် မနည်းချုပ်ထိန်းထားခဲ့ရလေသည်။

ဒီလောက် မောက်မာရိုင်းစိုင်းလွန်းတဲ့ မိန်းကလေးမျိုးကို တစ်ချိန်တုန်းက နှလုံးသားထဲက ရင်ခုန်ခဲ့ရသည့် ခံစားမှုတွေကို သူ အတင်းမောင်းထုတ်ပစ်လိုက်မိပါတော့သည်။

ညီနဲ့သူမနဲ့က သူထင်သလို ချစ်သူတွေ မဟုတ်ဘူးဆိုပါလား။ ချစ်သူမဟုတ်ဘဲနဲ့ မင်း ညီ့ကို ဘာဖြစ်လို့ လက်တွဲခဲ့ရတာလဲ။

ညီကတော့ အရှုံးအမှုး ခံစားချက်တွေနဲ့ သူ မင်းကို ခံစားခဲ့ရတာ။ သူ မမြင်ချင်ဘဲ မြင်နေခဲ့ရတော့သည်။

တောက် . . . ညီ့စိတ်နဲ့ သူ့စိတ်ဓာတ်နဲ့ လဲပစ်လိုက်ချင်သည်။ သူ့နှလုံးသားက အမြဲတမ်း မာကျောကာ အချစ်ကို နှလုံးသားနဲ့ ဘယ်တော့မှ ရှုးရှူးမိုက်မိုက် ခံစားဖို့ မစဉ်းစားမိ။





ညီ့စိတ်ဓာတ်ဟာ ဘာကြောင့်များ ဒီလောက်အထိ ပျော့ညံ့ခဲ့ရတာလဲ။

သူမနဲ့ လမ်းခွဲပြီးတဲ့နေ့ကတည်းက အရင်ကလို သူငယ်ချင်းတွေနဲ့ လမ်းမျှားသွားခဲ့သည့်ညီကို သူ ဘယ်လို တားမြစ်ပိတ်ပင်ပိတ်ပင် ညီကတော့ အသွားအလာမပျက်ခဲ့။

တစ်ခါတလေ အိမ်တောင် ပြန်မအိပ်ခဲ့သည့် ညီ့အတွက် သူ စိုးရိမ်စိတ်တွေ ပြင်းထန်ကာ သူမအပေါ် ပိုပြီး ငြိုးတေးထားလိုက်သည်။

ညီ့ဘဝကို အခုလိုဖြစ်သွားအောင် ဖျက်ဆီးခဲ့သည့် မြင့်မခဆိုတဲ့ မိန်းကလေးကိုလည်း မကြည့်ချင်လောက်အောင် သေမလောက်မုန်းတီးသွားခဲ့ရတော့သည်။

အဲဒီအချိန်ကစပြီး ညီ့ဘဝတစ်ခုလုံး နလန်မထူတော့အောင် စုတ်ပြတ်ထွက်သွားခဲ့တာကြီးက သူ့နှလုံးသားကို ဂယက်ရိုက်ခတ်မြည်ဟည်းသွားတော့သည်။

ညီ့ဘဝပျက်သွားပြီ မြင့်မခ။ မင်းကြောင့် ညီ့ဘဝတစ်ခုလုံး အလင်းပေါက်မရှိအောင် ပျက်စီးသွားခဲ့ပြီ။

ငါ့ညီဘဝကို ဖျက်ဆီးခဲ့တဲ့မင်းကို ငါ နောင်ဘဝကူးသွား



www.burmeseclassic.com

www.burmeseclassic.com



တောင် ဘယ်တော့မှ မကျေနပ်ဘူး။ အမြဲတမ်း မုန်းတီးနာကြည်းနေမယ်ဆိုတာ မင်းယုံကြည်ထားလိုက်စမ်းပါ မြင့်မခ။

❁

ဘဝဆိုတာ ဒီအတိုင်းကြီး ရိုးစင်းလှစွာနဲ့ တစ်သမတ်တည်း မသွားခဲ့ပါဘူး။ အလှည့်အပြောင်း အပြောင်းအလဲတွေနဲ့ အမြဲတမ်း ရွေ့လျားနေတတ်ကြတာပါပဲ။

အဲဒီအလှည့်အပြောင်းတွေကြားထဲမှာ မြင့်မခဆိုတဲ့ မိန်းကလေးတစ်ယောက် မထင်မှတ်ဘဲ မျောပါသွားခဲ့ရလေရဲ့။

❁ ❁ ❁



## အခန်း (၁၇)

ညီရယ် ... မင်း တစ်ချိန်တုန်းက သိပ်ချစ်ခဲ့တဲ့ မိန်းကလေးတစ်ယောက် မထင်မှတ်ဘဲ ငါတို့ဘဝထဲကို ဒုတိယအကြိမ် ဝင်ရောက်လာခဲ့ပြီ။

ငါ ဘာဆက်လုပ်ရမလဲ ညီ။ မင်းဘဝအတွက် ငါ သူ့ကို ကောင်းကောင်းကြီး လက်စားပြန်ချေဖို့ ငါဆုံးဖြတ်လိုက်ပြီ။ မင်းရော ငါ့ဆုံးဖြတ်ချက်တွေကို ကျေနပ်သလားဟင်။

တစ်ခါတစ်ရံမှာ ငူငူငိုင်ငိုင်ကြီးထိုင်ပြီး တစ်ယောက်တည်း စကားတွေပြောနေတတ်တဲ့ညီဟာ မြင့်မခနဲ့ ပတ်သက်တဲ့ စကားတွေကိုတော့ ဘာစကားမှ မပြောခဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဒီလောက် ဆိုးဆိုးဝါးဝါးကြီး ရှုးသွားတာမဟုတ်ဘဲ ယဉ်ယဉ်ကလေး ဆေးကြောင်ကြောင်သွားတဲ့ ညီ့ကိုကြည့်ပြီး သူ ဖြေမဆည်နိုင်အောင် ဖြစ်ခဲ့ရပါသည်။

ညီ အခုလို ဖြစ်ခဲ့ရတဲ့အကြောင်းတွေကို တွေးမိတိုင်း မြင့်မခအပေါ် နာကြည်းမုန်းတီးစိတ်တွေ ပြင်းခဲ့ရသည်။

သူမ စွန့်ပစ်ခဲ့လို့ ညီတစ်ယောက် စိတ်လေပြီး ဆေးတွေ သုံးစွဲခဲ့လို့ အခုလို ဆေးကြောင်ကြောင်သွားခဲ့ရတာ သူ အခံစားရခုံးပါပဲ။

အခုတော့ မမျှော်လင့်မထင်မှတ်ဘဲ သူမက သူ့ကုမ္ပဏီကို လာလျှောက်တဲ့ ဝန်ထမ်းအဖြစ်နဲ့ ရောက်လာခဲ့ပြီဖြစ်သည်။

သူမကြည့်ရတာ အရင်တုန်းကလို ထည်ထည်ဝါဝါ မာန်မာန မထားနိုင်တော့။ မျက်နှာလေးက ဘဝရဲ့ဒဏ်ကို ခံနေရသလိုပင်။

အင်း . . . သူမဘဝမှာ ဘာတွေများ ပြောင်းလဲသွားခဲ့ပြီလဲ။ မင်းဘဝမှာ ဘာအခက်အခဲတွေ ရင်ဆိုင်ခဲ့ရပြီလဲ မြင့်မခ။

သူ့ရင်ထဲမှာ ဘာကြောင့်မှန်းမသိ ရီဝေဝေ မျက်လုံးလေးတွေနဲ့ သူ့ကို လှမ်းကြည့်သွားတဲ့ မြင့်မခမျက်နှာလေးကို မြင်ယောင်ရင်း ဆို့နင့်ကြေကွဲသွားရပါသည်။





ဟား . . . ဒါ မဖြစ်သင့်ပါဘူးကွာ။ သူက ငါ့ညီချစ်ခဲ့တဲ့ ချစ်သူ၊ ပြီးတော့ ငါ့ညီဘဝကို ပျက်စီးအောင် ဖျက်ဆီးခဲ့တဲ့ မိန်းကလေး။

မင်းကို ငါ မုန်းမေ့ပစ်ရမယ် မြင့်မခ။

ဒေါက် ဒေါက် . . . ဝင်ခွင့်ပြုပါ သူဌေး။

"ဟင်"

နေသစ်ရင်ထဲ ဟာခနဲ ကျင်မြစူးရှသွားရပါသည်။ ညီသစ်တစ်ယောက် သူမအနောက်ကို လိုက်စုံစမ်းပြီး ပြန်လာခဲ့ပြီဖြစ်သည်။

သူ့ရင်ထဲ နွမ်းလျနာကျင်စွာ တုန်တုန်ယင်ယင်ကြီးဖြစ်သွားကာ စိတ်လှုပ်ရှားသွားပါသည်။

သူမနဲ့ပတ်သက်တဲ့ အကြောင်းတွေကို အကြောင်းစုံသိရတော့မယ်ပေါ့။ ဟာ ငါဘာဖြစ်လို့ ဒီလောက်စိတ်လှုပ်ရှားခဲ့ရတာလဲ။

သူ့ကိုယ်သူ မကျေမနပ်ဖြစ်သွားကာ နေသစ်မျက်နှာကြီး တင်းတည်သွားပါသည်။ ရုံးခန်းမှန်တံခါးရွက်လေးကို ငေးစိုက်ကြည့်နေပြီးမှ သက်ပြင်းမောကြီးချလိုက်မိတော့သည်။

ရေစက်မဝေးလို့ ပြန်ဆုံခဲ့ကြတော့လည်း မင်းနဲ့ငါပြန်ဆုံကြတာပေါ့ မြင့်မခ။



www.burmeseclassic.com

www.burmeseclassic.com



ဒီခုနစ်နှစ်တာပြောင်းလဲမှုအတွင်းမှာ မင်းနှလုံးသားလေး ပြောင်းလဲသွားပြီလားဆိုတာကိုလည်း ငါသိချင်နေခဲ့တယ် မြင့်မခ။

"သူဌေး . . . ကျွန်တော့်ကို ဝင်ခွင့်ပြုပါ ခင်ဗျာ"

"ဟော်"

အခုမှ စိတ်လွတ်ကိုယ်လွတ် ခံစားလိုက်ရတဲ့ ခံစားမှုကြီးကို မှန်းတီးစွာ အတင်းဖယ်ရှားပစ်လိုက်ရသည်။

ငါ သူ့ကို မုန်းရမယ်၊ ဘာပဲဖြစ်ဖြစ် ညီဘဝကို ပျက်စီးအောင် ဖန်တီးခဲ့တဲ့ မိန်းကလေးကို ငါမုန်းတီးရမယ်၊ လက်စားပြန်ချေနိုင်ရမယ်။

"အေး . . . ဝင်ခဲ့ကွာ"

ရီမုတ်ကွန်ထရိုးကလေးကို လှမ်းနှိပ်ဖွင့်ပေးလိုက်တော့မှ ရုံးခန်းမှန်တံခါးချပ်ကလေး တရွေ့ရွေ့ ဖွင့်ဟသွားလေသည်။

အဲဒီအချိန်မှာ သူ့ကို အရိုအသေပြု ဦးညွတ်ကာ သူ့အရှေ့သို့ ရောက်လာတဲ့ညီသစ်ကို သူ ဘာစကားမှ မမေးမိသေးဘဲ စိုက်ကြည့်နေလိုက်မိသည်။

သူ့ရင်ထဲမှာ သူမနဲ့ပတ်သက်ပြီး ခုနစ်နှစ်တာလုံးလုံး မပြောခဲ့ရတဲ့စကားတွေက ရင်နှင့်တစ်လုံးပြည့် သိပ်နေသည်။





သူ့နှလုံးသားတွေ ထိအက်ကြေကွဲနေပါသည်။

ဒီခုနစ်နှစ်တာအတွင်းမှာ ငါ မင်းကို တစ်နေ့မှ မေ့မရခဲ့ပါဘူး ဆိုတဲ့ ခံစားချက်ကို ငါ ရှုံရှာစက်ဆုပ်တယ်။

"သူဌေး . . . ကျွန်တော် ရောက်လာပါပြီ"

"အေးကွာ . . . ထိုင်၊ ဘယ့်နှယ်လဲ . . . အဆင်ပြေလား"

"ဟုတ်ကဲ့ . . . အဲဒီကောင်မလေးက အိမ်တန်းပြန်လို့ အဆင်ပြေပါတယ်၊ ဒီမှာ သူ့လိပ်စာ သူဌေး"

"ဩော် . . . အေး အေးကွာ . . . ကျေးဇူးပဲကွာ၊ ဒါနဲ့ မင်း သူ့နောက်ကလိုက်ခဲ့တာကို ရိပ်မိသေးလားကွ"

"မရိပ်မိဘူးထင်တယ်သူဌေး"

"အေး . . . မင်းသွားလို့ရပြီကွာ"

ညီသစ် ရုံးခန်းထဲက ထွက်သွားတော့မှ ရီမုတ်ကွန်ထရိုးကလေးနဲ့ ရုံးခန်းတံခါးကို ပြန်ပိတ်လိုက်သည်။ နေသစ်တစ်ယောက် ညီသစ်ပေးတဲ့ စာရွက်ကလေးကို ငေးကြည့်ရင်း ဆိုဖာကြီးပေါ် ခေါင်းမှီချလိုက်မိပါတော့သည်။

မင်းနဲ့ငါနဲ့ ပြန်ဆုံတွေ့ကြပြီပေါ့ မြင့်မခ။

မင်းနဲ့ငါ ပြန်ဆုံတွေ့တာ မင်းအတွက် ကံကောင်းခြင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လာမလား ဒါမှမဟုတ် ကံဆိုးခြင်းပဲ ဖြစ်လာမလား မြင့်မ
ငါတော့ထင်တယ် ညီ့အတွက် မင်းနှလုံးသား ပေးဆပ်ရမှာမို့ မင်း
ကံဆိုးမှာပဲလို့ ငါတစ်ထစ်ချ ယုံကြည်တယ်။

❁

အိမ်မှာ ကျန်ခဲ့သည့် ညီ့ကို စိတ်မချတာမို့ သူ ဒီညနေတော့ စောစောရှုံးဆင်းပြီး လိပ်စာထဲက လှိုင်သာယာရပ်ကွက်ထဲမှာနေတဲ့ မခတို့အိမ်ကို တန်းပြီး ကားမောင်းလိုက်လာခဲ့သည်။

သူ့ရင်ထဲမှာ ဘာကြောင့်မှန်းမသိ။ ခုနစ်နှစ်တာလုံးလုံး မတွေ့ မမြင်ဘဲ နေနိုင်ခဲ့သမျှ အခု မထင်မှတ်ဘဲ ပြန်ဆုံတွေ့လိုက်တော့ ရင်ထဲက ခံစားမှုကလေးတွေ လွတ်ထွက်သွားတော့သည်။

ကားမောင်းနေရင်းက ညီ့မျက်နှာလေးကို မြင်ယောင်ရင်း သူ့ရင်ထဲ ကျင်မြမြကြီး ခံစားလိုက်ရသည်။

တကယ်တော့ ညီ့ဘဝကို အခုလို လမ်းဆုံးရောက်အောင် ဖန်တီးခဲ့သူကတော့ မြင့်မခပဲလို့ သူစွပ်စွဲချင်သည်။





မြင့်မခရယ် မင်းနဲ့ငါ ပြန်လည်ဆုံစည်းကြပြီပေါ့ကွာ။ ညီ့အတွက် ငါ မင်းကို ရတဲ့နည်းနဲ့ လက်စားပြန်ချေဖို့ မင်းရှိတဲ့နေရာကို ရောက်လာခဲ့ပြီ မြင့်မခ။

သူမတို့လမ်းထဲ ကားဝင်လာတဲ့အချိန်မှာတော့ နေသစ်တစ်ယောက် ကိုယ့်လုပ်ရပ်ကိုယ် အံ့သြသွားခဲ့ရပါသည်။

ခုနစ်နှစ်တာလုံးလုံး ချစ်ခွင့်မရခဲ့သည့် သူမုန်းတီးနာကြည်းခဲ့သည့် မိန်းကလေးတစ်ယောက်ကို ရုတ်တရက် ပြန်ဆုံတွေ့ပြီး ခဏချင်းမှာပဲ သူမအနောက်သို့ သူလိုက်လာခဲ့မိတာ သူ့ကိုယ်သူ မယုံနိုင်အောင် အံ့သြသွားရပါသည်။

စိတ်ရဲ့ အံ့သြချက်တစ်ခုက မယုံနိုင်လောက်အောင် မြန်ဆန်ခဲ့လေသည်။

ဒီအကြောင်းတွေသာ ညီသိမယ်ဆိုရင် ဘယ်လိုခံစားရမည်မသိ။

ညီရယ် ...ငါ မင်းအတွက် ဒီကောင်မလေးကို ပြန်ပြီး လက်စားချေဖို့ မြင့်မခအရှေ့ကို ရောက်ခဲ့တာပါ။ မင်းထင်သလို ကိုကို မြင့်မခကို အခုချိန်အထိ မစွဲလမ်းခဲ့ပါဘူးကွာ။

အတွေးလေးတွေနဲ့ ရင်ထဲ မချိသလို ခံစားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမတို့ခြံရှေ့ကို ကားကို ဖြည်းဖြည်းချင်း မောင်းဝင်ကာ ခြံထဲကို လှမ်းကြည့်လိုက်သောအခါ ဥရောပတိုက်ပုကလေးက ဒါ သူမတို့ နေတဲ့အိမ်ပဲဆိုတာ သိလိုက်ရပါသည်။

နယ်မြို့က သူမတို့တိုက်အိမ်ကြီးနဲ့ အပြတ်အသတ် ကွာခြားသည့် သုံးပင်လေးပင် တိုက်ပုမျှောမျှောကလေးကို ငေးကြည့်ပြီး သူ သက်ပြင်းကလေး ကျိတ်ချလိုက်မိတော့သည်။

သူမတို့သားစုတွေ စီးပွားရေး ဒီထက်တိုးတက်မလာခဲ့ဘဲ လျော့ကျသွားခဲ့တာ သူ့ရင်ထဲ နာကျင်အောင် မျက်သွားရသည်။

ဒါကြောင့် ဒီကောင်မလေး မျက်နှာကလေးမှာ စိတ်ဆင်းရဲသည့် ဒဏ်ရာကလေးတွေ ငြိတွယ်နေခဲ့တာ။

ဒါပေမဲ့ ငါ မင်းကို မသနားပါဘူးကွာ၊ မင်းက မာနသိပ်ကြီးတဲ့ မိန်းကလေးတစ်ယောက်ပါ။ ဘဝဒဏ်ကိုတော့ ခံနိုင်ရည်ရှိလိမ့်မယ် ငါထင်တယ်။

အင်း . . . သူမ နေတဲ့ နေရာကလေးကို ကိုယ်တိုင်လေ့လာသိရှိခဲ့ပြီးမှ သူ ကားကို ပြန်ပြီး ခပ်ဖြည်းဖြည်း မောင်းထွက်လာခဲ့တော့သည်။

အဲဒီအချိန်မှာ သူမတို့ခြံကလေးထဲမှ ခေါင်းကလေးငုံ့ပြီး





တစ်လှမ်းချင်း လှမ်းထွက်လာတဲ့ မြင့်မခကို တွေ့လိုက်ရတဲ့ ခဏအတွင်း သူ ဆုံးဖြတ်ချက်တစ်ခုကို ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်လိုက်ပါတော့သည်။

အပေးအယူတစ်ခုပေါ့ မြင့်မခ။

မင်းနဲ့ငါ အခုချိန်ကစပြီး အပေးအယူလုပ်ချင်တယ်။ ဒီအပေးအယူတစ်ခုဟာ ညီ့ဘဝအတွက်ပါ။ ညီ့အတွက် ငါ မင်းကို အသုံးချရမယ် မြင့်မခ။

ဘယ်နေရာကကြည့်ကြည့် ထင်းထင်းကြီးပေါ်လွင်နေတဲ့ သူမမျက်နှာလေးကို ကားမှန်မည်းတပ်ကားသည့်အထဲမှ သူ ခပ်ငေးငေး စိုက်ကြည့်ပြီး ခေါင်းကြီးကို လေးပင်စွာ ခါယမ်းလိုက်ကာ ကားကို ခပ်ကြမ်းကြမ်းလေး ပြန်ပြီးမောင်းထွက်လာခဲ့ပါတော့သည်။

❁ ❁ ❁



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

နေသစ်တစ်ယောက်တည်း ညက တော်တော်နဲ့အိပ်မပျော်ဘဲ စိတ်တွေ ဂနာမငြိမ်ဖြစ်ကာ ယောက်ယက်ခပ် လှုပ်ရှားနေသည်။ ညီ့မျက်နှာလေးကို တစိမ့်စိမ့်ကြည့်ပြီး သနားကြင်နာစိတ်တွေနဲ့ သူ ဘာလုပ်သင့်သလဲဆိုတဲ့ အတွေးတစ်ခုက သူ့ကို နက်နက်နဲနဲ ဖိစီး ရိုက်ခတ်သွားလေသည်။

လေးနှစ်တာကာလအတွင်းမှာ ဘယ်လို ဆေးရုံမျိုးကိုမှ ဆေးကုသခွင့်မပေးခဲ့သည့် ညီကို ညီတစ်ချိန်က အရူးအမူးစွဲလမ်းခဲ့သည့် ညီချစ်ခဲ့သည့် ကောင်မလေးက ဆေးကုသခွင့်ရအောင် ပြောပေးခဲ့လို့ ညီများ လူကောင်းပကတိ ပြန်ဖြစ်သွားရင်၊ ဟာ





ဟုတ်တယ်၊ ငါ မြင့်မခကို ညီဆီ မရ ရအောင် ခေါ်ခဲ့ရမယ်။ ပြီးတော့ မြင့်မခကို ငါတောင်းဆိုရမယ်။

စိတ်ကူးသစ်လေးတစ်ခုနဲ့ သူ အပျော်ရွှင်ဆုံး တက်တက်ကြွကြွကြီးဖြစ်သွားကာ မြင့်မခဆီ ချက်ချင်းလိုက်သွားဖို့ ပြင်ဆင်လိုက်ပါသည်။

ကာဖီရောင်ဘောင်းဘီရှည်နဲ့ CHEQ လက်ရှည်အဖြူရောင်ကလေးကို ဝတ်ဆင်ကာ သူမဆီသွားဖို့ သူ စိတ်စောနေလေသည်။ ကားသော့ကလေးကို အံဆွဲထဲမှ ဆွဲထုတ်ယူလိုက်ပြီး သွက်လက်ချက်လတ်သည့်ခြေလှမ်းတွေနဲ့ သူ အခန်းအပြင်ကို လှမ်းထွက်လာခဲ့သည်။

အဲဒီအချိန်မှာ ညီကို ရုတ်တရက် သူ့အိပ်ခန်းတံခါးဝမှာ တွေ့လိုက်ရသဖြင့် ညီ့လက်ကလေးကို လှမ်းဆွဲကိုင်လိုက်ကာ သူ ညီကို ကရုဏာသက်စွာ ပြုံးကြည့်လိုက်မိသည်။

“ညီ မနက်စာ စားပြီးပြီလား၊ ကိုကို အပြင်သွားစရာရှိလို့ ခဏသွားလိုက်ဦးမယ်၊ ခဏနေ ကိုကို ပြန်လာခဲ့မယ်၊ ပြီးတော့ ညီ့ဘဝမှာ အပျော်ဆုံးဖြစ်ရမယ့် လူတစ်ယောက်ကို ကိုကိုခေါ်လာခဲ့မယ် ညီ”



www.burmeseclassic.com

www.burmeseclassic.com



"အင်း"

"အေး ...ငါ့ညီလေးက တကယ်လိမ္မာတယ်ကွာနော်... ဦးလေးရေ ကျွန်တော်အပြင်ခဏသွားလိုက်ဦးမယ်။ ညီ့ကို ဂရုစိုက်ပါနော်၊ နံနက်စာ စားရင်စားထားနှင့်၊ ညီ ကိုကို တစ်နာရီလောက်ကြာမှ ပြန်လာနိုင်မှာ"

နူးနူးညံ့ညံ့ မျက်လုံးလေးတွေနဲ့ ကြောင်ငေးငေးလေးကြည့်လာတဲ့ ညီ့မျက်လုံးကလေးတွေကို သူ သနားကြင်နာစွာ ငေးစိုက်ကြည့်ရင်း ရင်ထဲ နာကျင်သွားသည်။

အပြစ်မဲ့တဲ့ ညီ အခုလို ဖြစ်ရတာ မြင့်မခကြောင့်ပါ။

ဟုတ်တယ်၊ ညီ အရင်တုန်းက လူဆိုးတစ်ယောက်မဟုတ်ခဲ့... ညီ့မျက်နှာလေးကို သနားကြင်နာစွာ ငေးကြည့်နေတဲ့ သူ့မျက်လုံးထဲမှာ မြင့်မခရဲ့ မထိတထိ မျက်နှာလေးက သူ့နှလုံးသားကို တန့်နှံ့နှံ့ ရိုက်သတ်လိုက်သလို ခံစားလိုက်ရပါသည်။

ဒါပေမဲ့ ငါ မင်းဆီကို ညီ့အတွက်နဲ့ အောက်ကျခံပြီး ရောက်လာရမှာ မြင့်မခ။

"ညီ ... ကိုကိုသွားပြီနော်၊ တစ်နာရီလောက်ကလေးပဲ ခဏစောင့်၊ ညီ အတွေ့ချင်ဆုံးလူကို တွေ့ရမယ် ... သိလား"

ခုနစ်စဥ်ကြယ်စာပေ



ညီ့မျက်နှာလေးကို နွေးထွေးစွာ ပွတ်သပ်ချော့မော့ကာ ညီ့အခန်းထဲကနေ လှမ်းထွက်လာခဲ့သည်။

ရင်ထဲမှာ နွမ်းလျနာကျင်နေသည်။

လေးနှစ်တာကြီး စိတ်ဝေဒနာသယ်လို ခံစားခဲ့ရတဲ့ ညီလေးကို သနားကြင်နာစိတ်တွေနဲ့ ဆရာဝန်ကြီးတွေနဲ့ ပြသချင်ခဲ့ပေမယ့် ညီက လက်မခံခဲ့သဖြင့် သူ စိတ်လျှော့ခဲ့ရလေသည်။

အခုတော့ မထင်မှတ်ဘဲ ညီ တစ်ချိန်တုန်းက ချစ်ခဲ့သည့် မိန်းကလေးနဲ့ ပြန်ဆုံခဲ့ရပြီဆိုတော့ ညီ့အတွက် သူ ဒီကောင်မလေးနဲ့ တွေ့ဖို့ ဆုံးဖြတ်လိုက်တာဖြစ်သည်။

ဒီကောင်မလေးနဲ့ မျက်နှာချင်းဆိုင်ရမယ့်အရေး သူ တကယ် ရင်လေးပါသည်။

ဟိုး လွန်ခဲ့တဲ့ ကိုးနှစ်လောက်က သူ့ရင်ထဲမှာ မြတ်နိုးခဲ့ဖူးသည့် မိန်းကလေးတစ်ယောက်ကို ညီက ချစ်ခွင့်ပန်လိုက်သည့်အချိန်ကစပြီး သူ့ရင်ထဲမှာ အချစ်ဆိုတဲ့ ခံစားမှုတွေ မရှိခဲ့တော့။

နှလုံးသားက ခံစားချက်တွေကို မေ့ထားခဲ့တာကြာပြီ ဖြစ်သည်။ အခုတော့ ဒီမိန်းကလေးကို ညီနဲ့ပတ်သက်ပြီး သူ ဒုတိယအကြိမ် ရင်းနှီးကျွမ်းဝင်ဖို့ ပြန်လည်ကြိုးစားရဦးမည်။

ခုနစ်စဥ်ကြယ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



မလွယ်ပါလား။ သူ့ပါးကို ရက်ရက်စက်စက် ရိုက်ခဲ့သည့် မိန်းကလေးကို အခုချိန်အထိ သူကျေအေးလို့မရသေး။ ရင်ထဲမှာ အခုထိ နာကျင်ခဲ့သေးသည်။

ငါ မင်းကို ရင်ထဲက မုန်းတီးနာကြည်းနေခဲ့ပေမယ့် မေ့လို့ မရခဲ့ဘူးဆိုတာကိုတော့ ဝန်ခံပါတယ်။

နေသစ်တစ်ယောက် စိတ်တွေ ထွေပါးဝေဝါးစွာ ကားကို သူမတို့နေတဲ့ မြို့သစ်ကလေးဆီသို့ တရိပ်ရိပ် မောင်းထွက်လာခဲ့မိပါတော့သည်။

ရင်ထဲမှာ သူမနဲ့ တွေ့ဆုံရင်ဆိုင်ရမယ့်အရေးကို တွေးပြီး ရင်တထိတ်ထိတ် ခုန်ကာ စိုးရွံ့ရွံ့ကြီး ခံစားလိုက်ရပါသည်။

❋

နေသစ်မောင်းလာတဲ့ PRADO ကားကြီး သူမတို့နေတဲ့ လမ်းထဲသို့ ချိုးကွေ့ဝင်လိုက်တဲ့အချိန်မှာ ရုတ်တရက် မြင့်မခကို တွေ့လိုက်ရသဖြင့် သူ့မျက်လုံးတွေ ပြူးကျယ်ပိုင်းစက်သွားသည်အထိ





အံ့ဩသွားရပါသည်။

ဘယ်အချိန်ကြည့်ကြည့် အမြဲတမ်း နုပျိုချောမောနေသည့် သူမမျက်နှာကလေးကို ကားမှန်မှတစ်ဆင့် ငေးကြည့်ရင်း သူ့ရင်ထဲ နွေးရှိန်းရှိန်းကြီး ခံစားလိုက်ရပါသည်။

ကျောလယ်လောက်ရှိတဲ့ ဆံပင်ကလေးတွေကို သေသပ်စွာ စည်းထားတဲ့ သူမမျက်နှာကလေးမှာ ဟိုးအရင်တုန်းကလို ကလေးဆန်ဆန် အမူအရာတွေ မရှိတော့။ လေးနက်သည့် မျက်နှာကလေးက သူမရဲ့မျက်နှာလေးကို ထူးထူးခြားခြားကလေး လှပနေခဲ့လေသည်။

အင်း . . . မင်းနဲ့ ငါတို့ညီအစ်ကိုနှစ်ယောက်က ရေစက်မကုန်ကြသေးလို့ ပြန်ဆုံခဲ့ကြပြီ မြင့်မခ။

ခပ်နွဲ့နွဲ့ကလေး လျှောက်လာနေတဲ့ သူမအရှေ့သို့ ကားကို ခပ်ဖြည်းဖြည်းမောင်းလာခဲ့ပြီး သူမနဲ့အနီးဆုံးမှာ ထိုးရပ်လိုက်ပါသည်။

'ကျွိ'

"အမေ့"

အနီးကပ် ကပ်ရပ်လာတဲ့ကားကြီးကို မြင့်မခ စိတ်တိုတောင်း



www.burmeseclassic.com

www.burmeseclassic.com



စွာ ကားပိုင်ရှင်ကို ဆတ်ခနဲ မော့ကြည့်လိုက်ပါသည်။

ကားက မှန်မည်းတပ်ထားတာမို့ ကားမောင်းတဲ့လူကို မမြင်ရ။ ဒါ တမင်သက်သက်ကို လူ့အနားရောက်မှ ကပ်ရပ်လိုက်တာ။

ဒါ ဘယ်သူ့ကားလဲ။ မြတ်စွာဘုရား၊ မဟုတ်မှလွဲရော ဦးနေသစ်ကားများလား။ ဦးနေသစ်များ သူမနေတဲ့ နေရာကို သိသွားပြီလား။

မြင့်မခ ကားကြီးကို ငေးကြည့်ရင်း ခပ်ငိုင်ငိုင်လေး ဖြစ်သွားချိန် ကားမှန်မည်းတံခါးက တရွေ့ရွေ့ကျသွားကာ ခေါင်းပြူကြည့်လာတဲ့ လူတစ်ယောက်ကို သူမ အံ့ဩလွန်းလို့ ခပ်ကြောင်ကြောင်လေး ငေးစိုက်ကြည့်နေလိုက်မိသည်။

မတည်မပြုံးမျက်နှာကြီးနဲ့ ခံ့ခံ့တည်တည်ကြီး ချောမွေ့နေတဲ့ ဦးနေသစ်မျက်နှာကြီးကို အံ့ဩငေးကြောင်စွာ ငေးကြည့်ရင်း မျက်ရည်ကြည်ကလေးတွေ ဝိုင်းတက်လာတဲ့အထိ ကြေကွဲဝမ်းနည်းသွားပါသည်။

ဒါပေမဲ့ သူမရင်ထဲက မာန်မာနလေးက လုစ်ခနဲ ခေါင်းပြူထောင်ထသွားကာ ဆတ်ခနဲ မျက်နှာကလေးကို လွှဲပစ်ပြီး အရှေ့သို့ လမ်းဆက်လျှောက်လာခဲ့မိတော့သည်။





သူ ဒီလမ်းထဲကို ဘာလာလုပ်တာလဲ။ ခုနစ်နှစ်တာလုံးလုံး လွမ်းဆွတ်တမ်းတခဲ့ရသည့် ကိုယ်ချစ်ခဲ့ရသည့် လူတစ်ယောက်ကို ကိုယ့်ထက် အဆပေါင်းများစွာသာတဲ့ သူဌေးကြီးတစ်ယောက်အဖြစ် တွေ့မြင်လိုက်ရတဲ့ ခဏအတွင်း သူမ သတိလစ်မတတ် အံ့ဩသွားခဲ့သလို ဝမ်းသာကြည်နူးစိတ်ကလေးတွေလည်း ခံစားခဲ့ရသေးသည်။

ဒါပေမဲ့ တွေ့တွေ့ချင်း ရန်စကားပြောလာတဲ့ သူ့ကို မုန်းတီးနာကြည်းစိတ်ဖြင့် ကျောခိုင်းခဲ့သည်။

အခုတော့ သူက သူမနေတဲ့နေရာကို သိထားလို့ပါလား။ ဘုရား ဘုရား သူ ဘာရည်ရွယ်ချက်နဲ့ ဒီအထိလိုက်လာခဲ့ရတာလဲ။

"မြင့်မခ ခဏနေဦး"

မျက်ရည်ကလေးတွေနဲ့ သူ့ကို အံ့ဩငေးကြောင်စွာ ခပ်ရှူးရှူးစိုက်ကြည့်ပြီး ချာခနဲ လှည့်ထွက်သွားတဲ့ မြင့်မခကို သူ ခဏကြောင်ငေးကြည့်ပြီးမှ သတိရသွားကာ ကားတံခါးကို ဖျတ်ခနဲ ဖွင့်ဆင်းပြီး သူမအနောက်ကို ခြေလှမ်းကျဲကြီးတွေနဲ့ လိုက်လာခဲ့သည်။

သူမကလည်း အရှေ့ကနေ ခြေကုန်သုတ်ခြေတင်လိုက်ပါသည်။

"ခဏဆိုရင် ပြောနေတယ်နော် မြင့်မခ၊ မင်းသက်သက်



www.burmeseclassic.com

www.burmeseclassic.com



လမ်းထဲမှာ အရှက်ရချင်လို့လား''

''ရှင်က ကျွန်မကို ခြိမ်းခြောက်ရအောင် ဒီမှာ ရှင့်ကို ကျွန်မ မတွေ့ချင်ဘူး၊ ရှင်ပြန်ပါ''

''ကျွတ် ခက်ပါလား၊ မင်း ခေါင်းသိပ်မာပါလား မြင့်မခ၊ မင်း ဘာဖြစ်လို့ အခုထိ စိတ်ဓာတ်တွေ မပြောင်းလဲသေးတာလဲ''

''အို ဘာမှ မကြားချင်ဘူး၊ ရှင်ဖယ်''

နေသစ် ဂရုမစိုက်ဘဲ သူမအရှေ့ကနေ ပိတ်ကာ ရပ်လိုက်ကာ သူမမျက်နှာကလေးကို ငေးစိုက်ကြည့်လိုက်မိသည်။

ဟိုအရင်တုန်းက ပြုံးစားထားသည့် ရင်ထဲက အမုန်းတွေသည် သူမနဲ့ မျက်နှာချင်းဆိုင် ဆုံတွေ့လိုက်ရတဲ့ခဏအတွင်း အရည်ပျော်ကျသွားကာ သူ့နှလုံးသားတွေ နူးညံ့ညင်သာသွားခဲ့တာ အံ့သြစရာပင်။

မျက်ရည်ကလေးတွေ ဝိုင်းတက်လာတဲ့အထိ ဝမ်းနည်းကြေကွဲသွားတဲ့ သူမရဲ့မျက်နှာရဲရဲကလေးကို စိုက်ကြည့်ရင်း သူ့ရင်တွေ တထိတ်ထိတ် ခုန်ကာ သူမမျက်နှာကလေးကို ကရုဏာသက်စွာ စိုက်ငေးကြည့်နေမိပါသည်။

ဘာစကားတစ်ခွန်းမှ သူ မဆိုနိုင်ခဲ့။ ခုနစ်နှစ်တာလုံးလုံး





ကြီး ဝေးခဲ့ရသည့် သူမမျက်နှာကို လွမ်းဆွတ်သတိရစိတ်ဖြင့် တငေး တမောကြီး ငေးကြည့်နေလိုက်မိသည်။ အဲဒီအချိန်မှာ သူမက မျက်ရည်ကလေးတွေ စီးကျကာ စတင်ငိုကြွေးလေတော့သည်။

''ကျွန်မ ကျွန်မကို ရှင် စိတ်အနှောင့်အယှက်ဖြစ်အောင် မလုပ်ပါနဲ့''

''မြင့်မခ . . . မင်း ဘာတွေ ခံစားနေရတယ်ဆိုတာ ကိုယ်နား လည်ပါတယ် ကိုယ်''

''ကျွန်မသွားမယ်၊ ရှင် ကျွန်မအနောက်ကနေ မလိုက်ခဲ့ပါနဲ့''

ပြောပြောဆိုဆို သူမက သူ့အရှေ့ကနေ လှည့်ထွက်လိုက်သည်။ သူစိတ်တိုတောင်းသွားကာ သူမလက်ကို ခပ်ကြမ်းကြမ်း ဆွဲကိုင်လိုက်ပြီး ကားဆီသို့ ဆွဲခေါ်လာခဲ့တော့သည်။

''ဖယ် . . . ရှင် ကျွန်မကို နိုင်တိုင်းကျင့်ပြီး မခေါ်နဲ့နော်''

''ဟာ . . . ဘာတွေ လျှောက်ပြောနေတာလဲကွာ၊ မခက လည်း အရင်တုန်းကအတိုင်းပဲ . . . အခုထိ စွာတေးလန်တုန်း၊ လာ . . . ကားပေါ်တက်၊ ကိုယ် မင်းကို ပြောစရာရှိတယ်၊ ပြီးတော့ မင်း ကိုလည်း မေးစရာတွေရှိတယ်၊ မင်းနဲ့ကိုယ် ညီနဲ့ပတ်သက်ပြီး ဖြစ်ခဲ့တဲ့ ပြဿနာတွေကို မေးလိုက်ကြစို့နော်''



www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်ကလေးတွေ စီးကျလာတဲ့ မခမျက်နှာလေးကို သူသည် ကြင်နာစွာ ငေးကြည့်ရင်း ရင်ထဲနွမ်းလျနာကျင်သွားပါသည်။ ဒီမျက်နှာလေးကို ငါ လွန်ခဲ့တဲ့ ကိုးနှစ်လောက်ကတည်းက စွဲလမ်းရူးသွပ်ခဲ့တာပါ မခရယ်။

မင်း မငိုပါနဲ့ မငိုပါနဲ့ကွာ။ ငါ မခံစားနိုင်တော့ဘူး။ စိတ်တွေကို အတည်ငြိမ်ဆုံးဖြစ်အောင် ထိန်းချုပ်ထားသည့်ကြားက သူ့စိတ်တွေ လွတ်ထွက်သွားပါတော့သည်။

ဝမ်းနည်းကြေကွဲစွာ ငိုရှိုက်နေတဲ့ မခမျက်နှာလေးကို လက်နှစ်ဖက်နှင့်ပင် ညှပ်ကိုင်လိုက်ပြီး မျက်ရည်စလေးတွေကို လက်ဖဝါးနှင့် သုတ်ဖယ်ပေးလိုက်မိတော့သည်။

"မငိုပါနဲ့ကွာ၊ ကိုယ် စိတ်မကောင်းအောင် မငိုပါနဲ့ မြင့်မခရယ်"

သူက တောင်းတောင်းပန်ပန် ချော့မော့လိုက်သောအခါ သူမက ပိုပြီး ဝမ်းနည်းကြေကွဲစွာ ငိုချလိုက်ပါတော့သည်။

"အဟင့် ဟင့် ဟင့် ... ကျွန်မ စိတ်မထိန်းနိုင်တော့ဘူး။ ကျွန်မ ရှင့်ကို မရှက်တော့ပါဘူး၊ ကျွန်မ ကျွန်မ"

သူမ စိတ်လွတ်ကိုယ်လွတ် ငိုချနေတာလေးကို ငေးကြည့်





ရင်း သူ ရူးသွပ်သွားသူလို ခံစားလိုက်ရတော့သည်။

ဝမ်းနည်းကြေကွဲစွာ ငိုရှိုက်နေတဲ့ သူမမျက်နှာလေးကို သူ့ရင်ခွင်ထဲ ဆွဲပွေ့လိုက်ကာ သူမကိုယ်လုံးလေးကို တင်းတင်းကျပ်ကျပ်ကြီး ထွေးဖက်ထားလိုက်မိပါတော့သည်။

လွမ်းတယ် မခရယ်။ ငါ မင်းကို လွမ်းခဲ့ တမ်းတခဲ့ရတာတွေကို ငါ ငါ မခံစားနိုင်တော့ဘူး။ ဒါပေမဲ့ မင်းက မင်းက ငါ့ညီသိပ်ချစ်ခဲ့တဲ့ မိန်းကလေးဖြစ်နေခဲ့တယ်။

အဲဒီအတွက် ငါ စောင့်စည်းရမယ်၊ ငါ ထိန်းချုပ်မျိုသိပ်နိုင်ရမယ်ကွာ။

ရင်ခွင်ထဲမှာ တင်းကျပ်စွာ ပွေ့ဖက်ထားမိပြီးမှ သူ သတိရသွားကာ ခေါင်းကြီးကို ဆတ်ခနဲ မော့ချပစ်လိုက်ကာ သူမ ကိုယ်လုံးလေးကို ဖြေလွှတ်ပေးလိုက်သည်။

ဟား ငါ ငါ ဘာဖြစ်လို့ ဒီလောက်ရင်ခုန်ခဲ့ရတာလဲ။

ငါ မှားသွားပြီ ညီ၊ ငါမှားသွားပြီကွာ။

နေသစ်သည် ယိမ်းယိုင်းလှုပ်ရှားသွားတဲ့စိတ်တွေကို ထိန်းလိုက်ပြီး အံကိုတင်းဖိကြိတ်လိုက်ကာ ကားကို ခပ်ဖြည်းဖြည်း မောင်းထွက်လာခဲ့တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ဦးနေသစ်၊ ဘယ် ဘယ်ကိုသွားမှာလဲဟင်၊ ကျွန်မ ဈေးသွားမလို့"

"အပြန်ကျမှ ဈေးဝင်ကွာ၊ ကိုယ့်ကားနဲ့ ပြန်ပို့ပါ့မယ်၊ အန်တီတို့ကိုလည်း ကိုယ်တွေ့ချင်တယ်၊ မခ မင်းအကြောင်းကို ကိုယ့်ကိုပြောပြမလားဟင်၊ ကိုယ်အားလုံးသိချင်တယ်"

"ကျွန်မအကြောင်းကတော့ အဟင်း နယ်မှာနေတုန်းက ထက် စီးပွားရေးတွေ အရမ်းနိမ့်ကျသွားတယ်၊ ဖေဖေက ဆုံးသွားပြီ မေမေက ကျန်းမာရေးမကောင်းဘူး။ ဖေဖေက မဆုံးခင်မှာ ကျွန်မတို့ရဲ့ သိန်းချီပစ္စည်းတွေကို လောင်းကစားနဲ့ ဖြုန်းသွားခဲ့လို့ ကျွန်မနဲ့ မေမေ လောကဒဏ်ကို ခံလိုက်ရတယ်။ အတွင်းပစ္စည်းကျန်တာလေးနဲ့ ကျွန်မနဲ့မေမေ ဒီမှာ အိမ်တစ်လုံးဆောက်ပြီး အခြေချခဲ့တာ။ ရှင်နဲ့စတွေ့တုန်းက ကျွန်မ အရမ်းရှက်သွားတာ။ ကျွန်မအိမ်မှာ အခက်အခဲဖြစ်နေတယ်လေ။ မေမေက စီးပွားပျက်တော့ စိတ်တွေ အရမ်းခံစားရပြီး နှလုံးရောဂါ ဖြစ်နေတယ်။ မေမေကလည်း ကျန်းမာရေး မကောင်းပါဘူး ဦးနေသစ်ရယ်"

"ကိုယ် မင်းတို့အကြောင်းတွေ ကြားရတာ စိတ်မကောင်းပါဘူးကွာ၊ ဒီလိုပဲပေါ့ကွာ။ ဒါပေမဲ့ ဘာမှ အားမငယ်ရဘူးနော်။





မင်းရှေ့မှာ ကိုယ်တစ်ယောက်လုံးရှိတယ်။ မင်း လိုအပ်ချက်မှန်သမျှ ကိုယ် အားလုံးဖြည့်ဆည်းပေးပါ့မယ်၊ မင်းက မာနမထားနဲ့ပေါ့ကွာ"

ဟင် သူ့ ဘာစကားတွေ ပြောလိုက်မိပါလိမ့်။

ကိုယ့်ညီကို ဘဝပျက်လောက်အောင် လှည့်စားခဲ့လို့ အမုန်းကြီး မုန်းခဲ့မိတဲ့ မိန်းကလေးကို စိတ်ထဲက လိုက်လိုက်လှဲလှဲ ကြင်နာ နွေးထွေးစွာ အားပေးနှစ်သိမ့်ခဲ့မိတာ သူ့ကိုယ်သူမယုံနိုင်အောင် ခံစားလိုက်ရပါသည်။

ဒါပေမဲ့ မခရယ်၊ ငါလေ ငါ မင်းကို ဟိုးလွန်ခဲ့တဲ့ကိုးနှစ်တုန်းက ပြိုင်စက်ဘီးကလေးစီးလာတဲ့ မိန်းကလေးကို ဆိုင်ကယ်နဲ့ ဝင်တိုက်လိုက်မိတဲ့ အချိန်ကစပြီး ကလေးလို မိန်းကလေးတစ်ယောက်ကို ချစ်ခဲ့မိတယ်ဆိုတာ ငါ့ညီရိပ်မိသွားခဲ့ပြီ။

ညီ မရိပ်မိအောင် ငါမျိုသိပ်ခဲ့ပေမယ့် ညီက ငါ့ခံစားချက်တွေကို ရိပ်မိသွားပြီး အရမ်းကြေကွဲသွားတယ်။

အဲဒီအချိန်ကစပြီး ညီ့ဘဝလည်း ပြောင်းလဲသွားခဲ့တာပါပဲ၊ ညီ အခုလို ခံစားနေရတာတွေဟာ မင်းကြောင့်လို့ ငါ တစ်ထစ်ချကြီး စွပ်စွဲချင်ပေမယ့် တကယ်တော့ ငါတို့ညီအစ်ကိုနှစ်ယောက်ဟာ မင်းကြောင့် စိတ်ဒဏ်ရာတွေ ရခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



မင်းကို နာကြည်းစိတ်တွေနဲ့ မုန်းမေ့နိုင်အောင် ကြိုးစားရင်း ငါက အလုပ်တွေ ဖိလုပ်ခဲ့လို့ အခုလို ကုမ္ပဏီပိုင်ရှင်သူဌေးကြီး တစ်ယောက် ဖြစ်လာခဲ့တယ်။

ညီကတော့ သူငယ်ချင်းပေါင်းမှားပြီး လူဆိုးကလေး တစ်ယောက်ဖြစ်ခဲ့လို့ အခုတော့ ညီ့ဘဝ ဆေးကြောင်ကြောင်နေခဲ့ပြီ မခ။

ငါ့ညီဘဝ အလင်းတံခါးပေါက်ရအောင် မင်းပြန်ရှင်သန်ခွင့် ပေးပါကွာ။ ငါ တောင်းပန်ပါတယ်။

“မခ ဘာမှ စိတ်မဆင်းရဲတော့နဲ့နော်၊ ကိုယ် အခု အိမ်ကို သွားမှာ ခဏလိုက်ခဲ့ပါကွာ၊ ကိုယ်တောင်းပန်ပါတယ်။ အခုချိန်မှာ မင်းကို ညီတွေ့လိုက်ရင် ဘယ်လိုဖြစ်မလဲဆိုတာ ကိုယ်သိချင်တယ်၊ ပြီးတော့မှ မင်းကို ကိုယ်အိမ်ပြန်ပို့ပေးမယ်နော်၊ အခုချိန်ကစပြီး ကိုယ်တို့တွေက ရန်သူတွေ မဟုတ်တော့ဘူးနော် မခ”

“ကျွန်မကို ရှင်အထင်မှားခဲ့တာတွေကို ကျွန်မ ရှင့်ကို ရှင်းပြချင်ပါတယ် ဦးနေသစ်၊ ကျွန်မနဲ့ ဟန်းသာက ရှင်ထင်သလို ချစ်သူတွေ မဟုတ်ခဲ့ပါဘူး၊ သူငယ်ချင်းပါရှင်၊ ယုံပေးပါနော်”

“ကိုယ်နားလည်တယ်မြင့်မခ၊ ကိုယ်နားလည်သွားပါပြီ





မင်းကို စွပ်စွဲခဲ့တာတွေကိုလည်း မင်းကျေနပ်ဖို့ တောင်းပန်ပါတယ်နော်၊ ကိုယ်အရမ်းမှားသွားပါတယ်”

“ဦးနေသစ်”

“ဗျာ”

“ကျွန်မ အရမ်းရှက်တာပဲ၊ ပြီးတော့ အရမ်းလည်းခံစားရတယ်”

“ဟောဗျာ ... ထပ်တော့မငိုလိုက်ပါနဲ့ဗျာ၊ ဒီတစ်ခါ မင်းငိုရင် ငါ့အင်္ကျီမှာ မင်းမျက်ရည်တွေ ရွှဲနေလို့ လျှော်စရာတောင်မလိုတော့ဘူး”

“သွားပါ၊ ရှင့်ကိုမုန်းတယ် သိလား”

“အဟွန်း ... မုန်းပါဗျာ၊ ကြိုက်သလောက်မုန်းစမ်းပါ၊ ဒါပေမဲ့ နောက်ထပ်ထပ်ပြီးတော့ မခွဲပါရစေနဲ့နော်၊ ကိုယ် မင်းတို့ရှိတဲ့ နယ်မြို့အိမ်ကို လိုက်လာသေးတယ်၊ မင်းတို့ပြောင်းသွားပြီလို့ အိမ်ရှင်က ပြောလာတော့ ကိုယ့်စိတ်ထဲ လွင့်သွားတာပဲ၊ ကိုယ့်ရင်ထဲမှာ နာကျင်ခဲ့ရတယ်”

ဦးနေသစ်စကားတွေက သူမနှလုံးသားလေးထဲကို တစိမ့်စိမ့် စီးဝင်ရိုက်ခတ်သွားကာ မူးဝေဝေကြီး ခံစားလိုက်ရပါတော့သည်။ ရှုတည်တည်ကြီး ကားမောင်းနေတဲ့ ဦးနေသစ်မျက်နှာကြီးကို ငေး



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရင်း ခွင့်လွှတ်တတ်တဲ့ သူ့စိတ်ဓာတ်ကြီးကို လေးစားချစ်ခင်သွား ခဲ့ပါသည်။

ဦးနေသစ်ရယ် ကျွန်မကို ရှင် တကယ်ခွင့်လွှတ်တယ် ဆိုတာ ကျွန်မတော့ မယုံနိုင်အောင် ခံစားရပါတယ်။

ပြီးတော့ ရှင့်ကို ပြန်တွေ့ရတော့ ကျွန်မ အရမ်းရှက်တယ် အရမ်းလည်းခံစားရပါတယ်။

အခုတော့ အရင်က မာနတွေကိုလည်း ကျွန်မ မေ့ပစ်လိုက်ပါပြီ။ အခုချိန်မှာ ကျွန်မက သူဌေးသမီးမဟုတ်တော့ဘူးလေ။ သိန်းတစ်ရာတန် အိမ်တစ်လုံးပဲ ကျန်တော့တဲ့ သူမနဲ့မေမေဘဝကို သူမက အိမ်မှာ မုန့်ဟင်းခါးဆိုင်ဖွင့်ရင်း ဝမ်းစာအတွက် ဖြေရှင်းခဲ့ရလေသည်။

နံနက်ပိုင်း မုန့်ဆိုင်ထွက်ပြီး ကွန်ပျူတာဝန်ထမ်းလုပ်ဖို့ ကုမ္ပဏီကို သွားလျှောက်တဲ့အချိန်မှာ မထင်မှတ်ဘဲ ဦးနေသစ်နဲ့ ဆုံတွေ့ခဲ့ရတာ သူမအတွက် အိပ်မက်ပါပဲ။

အခုထိ သူမ အိပ်မက်မက်နေသလိုကြီး ခံစားရပါသည်။

❁ ❁ ❁



## အခန်း (၁၉)

သူ့ရဲ့ PRADO ကားကြီး ပေါ်တီကိုအောက်မှာ ထိုးရပ်လိုက်တဲ့အချိန်မှာ သူမရင်ထဲ လှိုက်ခနဲ ဆို့တက်ကြေကွဲသွားပါသည်။

အုံ့ဆိုင်းစရာကောင်းလောက်အောင် ကျိုကျိုတက်ချမ်းသာကြွယ်ဝလွန်းတဲ့ ဦးနေသစ်တို့ရဲ့ အရှိန်အဝါကြီးအောက်မှာ သူမကိုယ်ခန္ဓာလေး ကျုံ့ဝင်သွားသလိုကြီး ခံစားလိုက်ရပါသည်။

ကြီးမားကျယ်ပြန့်လှသည့် နှစ်ထပ်တိုက်အိမ်လှလှကြီးကို မြင်လိုက်ရကတည်းက သူတို့ ဘယ်လောက်အထိ ချမ်းသာတယ်ဆိုတာ သိရှိလိုက်ရပြီး သူမကိုယ်သူမ သိမ်ငယ်ရှက်ရွံ့သွားခဲ့ရပါသည်။

သူမက အခုချိန်မှာ သူတို့နဲ့ ဘာမှမဆိုင်အောင် နိမ့်ကျတဲ့



www.burmeseclassic.com

www.burmeseclassic.com



အဆင့်အတန်းနဲ့ ရပ်တည်နေခဲ့ရလေပြီ။

ရင်ထဲက လှိုက်ဆို့တက်လာသည့် ကြေကွဲမှုတွေကို သူမ ရိပ်မိအောင် မျက်နှာကလေးကို တစ်ဖက်လွှဲလိုက်ရင်း ငြိမ်ငြိမ်ကလေး ငေးကြည့်နေလိုက်မိသည်။

အဲဒီအချိန်မှာ သူမဘက်က ကားတံခါး ဖျတ်ခနဲ ပွင့်လာပြီး

"မြင့်မခ"

"ရှင်"

"လာ . . . ဆင်းလေ၊ ကိုယ် တစ်ခုတောင်းပန်ချင်ပါတယ်၊ ညီ့ကိုတွေ့ရင် ညီက မင်းကို မမှတ်မိတောင် မင်းက အရင်ကလို ရင်းနှီးနွေးထွေးစွာ ဆက်ဆံပေးပါနော်၊ ကိုယ်တောင်းပန်ပါတယ်"

သူမ ဦးနေသစ်မျက်နှာကြီးကို ခပ်ငေးငေးလေး စိုက်ကြည့်ပြီး သူ့စကားကို နားမလည်ခဲ့။

ခပ်တွေတွေလေး ငြိမ်သက်နေတဲ့ သူမကို ဦးနေသစ်က ခပ်စိုက်စိုက်ကလေး စိုက်ကြည့်လိုက်သောအခါ သူမရင်ထဲ ကျင်ခနဲ လှိုက်ခါတုန်ယင်သွားပါသည်။

ဦးနေသစ်ရယ်၊ ရှင့်ဘဝနဲ့ကျွန်မဘဝက အရမ်းကွာခြားသွားပါပြီ။ ရှင် ကျွန်မကို ရှင့်ညီဘဝအတွက် အခုလို ရင်းရင်းနှီးနှီး





ဆက်ဆံတယ်ဆိုတာ ကျွန်မနားလည်ပါတယ်။

"ဟန်းသာအတွက် ကျွန်မ စိတ်မကောင်းပါဘူး"

"လာ ညီနဲ့တွေ့ရင်လေ၊ ကိုယ့်ကို ဘယ်လိုမှ မထင်ပါနဲ့ကွာ၊ ညီက စိတ္တဇဝေဒနာခံစားနေရတော့ ရင်းနှီးတဲ့ ဖေးမမှု လိုအပ်တယ်၊ အဲဒါ ညီ့ကို ဟို"

"ကျွန်မ နားလည်ပါတယ် ဦးနေသစ်၊ ကျွန်မ ဟန်းသာ အတွက် အကောင်းဆုံးဖြစ်အောင် ဖေးမကူညီပါ့မယ်၊ ဟန်းသာက ကျွန်မသူငယ်ချင်းပဲ ဦးနေသစ်ရယ်"

သူငယ်ချင်းပဲလား မြင့်မခရယ်။ မင်း ညီ့ကို တကယ်မချစ် မနှစ်သက်နိုင်ဘဲနဲ့ ချစ်ဟန်ဆောင်ခဲ့လို့ ညီဟာ မင်းကို သိပ်ချစ်တဲ့ စိတ်တွေနဲ့ အခုလို လမ်းမှားရောက်ခဲ့ပြီး စိတ္တဇဝေဒနာကို ခံစားခဲ့ရတာ။

အဲဒါမင်းကြောင့်ပဲ မင်းကို ငါသနားစိတ်ကလေးဝင်ခဲ့ပေမယ့် မင်းကို နာကြည်းစိတ်ကတော့ ဘယ်တော့မှ ပျောက်ကွယ်မသွားဘူး မြင့်မခ။

အခုလို မင်းကို ရင်းရင်းနှီးနှီးဆက်ဆံနေတာ ညီ့အတွက် မင်းကိုအသုံးချနေတယ်ဆိုတာ မင်းနားလည်လိုက်စမ်းပါ။



www.burmeseclassic.com

www.burmeseclassic.com



သူ့ရင်ထဲက စကားတွေကို သူမ နားလည်နိုင်မည်မထင်။ သူ့စိတ်ထဲ မလုံမလဲကြီးခံစားလိုက်ရပြီး သူမ မျက်နှာလေးကို ငေးစိုက်ကြည့်လိုက်မိသည်။

မင်းမျက်နှာလေးမြင်ရပြန်တော့လည်း ငါမင်းကို သနားမိပြန်ပြီးကွာ။ ဟား ငါတို့ညီအစ်ကိုနှစ်ယောက်ဟာ ဘယ်ဘဝရေစက်ကြောင့် မင်းတစ်ယောက်တည်းနဲ့မှ လာပြီး ပတ်သက်ခဲ့ရတာလဲ။

"ဦးနေသစ်"

"ဟင်"

"အိမ်ထဲဝင်ကြမယ်လေ"

"ဟော် . . . အေးကွာ"

သူမမျက်နှာလေးကို ခပ်စူးစူးစိုက်ကြည့်ကာ ဘာစကားမှ မပြောဘဲ အကြာကြီး ငြိမ်သက်နေသည့် ဦးနေသစ်စိတ်ထဲမှာ ဘာတွေ ခံစားနေရတယ်ဆိုတာ သူမ နှလုံးသားက နားလည်လိုက်မိပါသည်။

ဦးနေသစ် သူမကို တကယ်ကျေနပ်မှု မရှိခဲ့ဘူးဆိုတာ သူမ သိတာပေါ့။

ဘာပဲဖြစ်ဖြစ် ကျွန်မ ရှင့်ကို ခွင့်လွှတ်ပါတယ် ဦးနေသစ်





ရယ်၊ ရှင်လည်း ရှင့်ညီအတွက် ကျွန်မကို ကျေအေးမှုမရှိနိုင်ဘူးဆိုတာ သိပါတယ်။

ဒါပေမဲ့ ကျွန်မကြောင့် ရှင့်ညီဘဝပျက်တယ်လို့ ရှင် ယုံကြည်ထားတာတွေကို တစ်နေ့နေ့တော့ ကျွန်မ ရှင်သိအောင် ဖွင့်ပြောရမှာပဲ။

"ဟင်"

သူမမျက်လုံးကလေးတွေ ညို့ဖျော့ရီဝေသွားပါသည်။ မြင်တွေ့လိုက်ရသည့်မြင်ကွင်းက သူမနှလုံးသားလေးကို ထွင်းဖောက်နာကျင်သွားခဲ့ရတော့သည်။

မြတ်စွာဘုရား၊ ဟန်းသာ ဟန်းသာ ဒီလောက်အထိ စိတ္တဇဖြစ်ခဲ့တာ၊ အို ဟန်းသာရယ်။

ညိုးနွမ်းဖျော့တော့သည့် မျက်လုံးတွေနဲ့ ခပ်ကြောင်ကြောင်သူမကို စိုက်ကြည့်ကာ ခေါင်းကြီးငုတ်သလို ငုံ့ကိုင်းချလိုက်တာတွေ့လိုက်ရသဖြင့် သူမ စိတ်မကောင်းစွာ ဟန်းသာမျက်နှာလေးကို ငေးစိုက်ကြည့်နေမိပြီးမှ ဦးနေသစ်ကို ရီဝေဆွေးမြည့်သည့်မျက်လုံးတွေနဲ့မော့ကြည့်လိုက်ပါသည်။

ဦးနေသစ် မျက်လုံးအိမ်ထဲမှာ ကြေကွဲဝမ်းနည်းမှုတွေ ပြည့်



www.burmeseclassic.com

www.burmeseclassic.com



သိပ်ကာ ကြေကြေကွဲကွဲကြီး ခံစားလိုက်ရသည့်အဖြစ်ကို သူမ မကြည့်ရက်တော့။ ခေါင်းကြီးငုံ့ကာ စားပွဲပေါ် မျက်နှာအပ်ငုံ့ကာ ဝှက်လိုက်တဲ့ ဟန်းသာပခုံးလေးကို နှစ်သိမ့်အားပေးသလို ဆုပ်ကိုင်ပြီး သူ့မျက်နှာလေးကို ပင့်မော့စေလိုက်သည်။

"ဟန်းသာ၊ ငါ့ကိုမှတ်မိလား၊ ကြည့်ပါဦး … ငါ့မျက်နှာကို အသေအချာကြည့်ပါဦး"

"အင်း … ဟင့်အင်း"

ခေါင်းကြီး ခါတယမ်းယမ်းလှုပ်ပြီး မျက်နှာကြီးကို စားပွဲ အပ်ချပြီး ဝှက်လိုက်တဲ့ ဟန်းသာကိုကြည့်ပြီး သူမ မျက်ရည်လေးတွေ ဝဲတက်လာသည်အထိ ဝမ်းနည်းကြေကွဲသွားပါသည်။

ဖြစ်ရလေ ဟန်းသာရယ်၊ နင် ဘာဖြစ်လို့ ဒီလောက်အထိ အခြေအနေဆိုးသွားရတာလဲ။ ငါစိတ်မကောင်းပါဘူးဟာ။ နင် အခုလို ဖြစ်တာကို နင့်အစ်ကိုက ငါ့ကြောင့်လို့ စွပ်စွဲလာခဲ့တယ်။

ငါ နင့်ကို အခုလိုမြင်တွေ့ရတော့ စိတ်မကောင်းဘူး၊ အရမ်း ခံစားရတယ် ဟန်းသာ။

"ဟန်းသာ"

သူမအသံထဲမှာ ငိုရှိုက်သံကလေးပါသွားသည်အထိ သူမ





စိတ်မထိန်းနိုင်တော့တဲ့ မျက်နှာကို လက်ဝါးနှင့်အုပ်ချလိုက်ကာ ငိုရှိုက်လိုက်မိပါတော့သည်။

ငါ့ကြောင့် နင်အခုလို ဖြစ်ရတာဆိုရင် နင့်စိတ်ဓာတ်တွေကို ငါ အထင်သေးတယ်။

ဟန်းသာ ငါ့ကိုပြန်ပြီး စကားပြောပါ။ ငါ့ကိုမှတ်မိတယ်ဆိုတဲ့ အသိတစ်ခုခု မျက်လုံးနဲ့လှုပ်ရှားမှုလေးဖြစ်ဖြစ် ငါမြင်ချင်တယ်။ နင် အခုလို ဖြစ်ရတာမြင်တော့ ငါတကယ်စိတ်မကောင်းပါဘူး ဟန်းသာရယ်။

"မြင့်မခ မငိုတော့ပါနဲ့လေ၊ ကိုယ်တို့ညီလေး စိတ်မကောင်း ဖြစ်နေဦးမယ်၊ ညီ ဒီမှာ မင်းသူငယ်ချင်းလေ၊ မြင့်မခ မင်း ဟို တုန်းက အရမ်းခင်ခဲ့တဲ့ သူငယ်ချင်းလေ၊ မင်းတို့နှစ်ယောက် အရမ်း ခင်ခဲ့တာတွေကို ညီ ပြန်မြင်ယောင်ကြည့်စမ်း၊ ညီ ဟင်"

"ဟင့်အင်း … မကြားချင်ဘူး၊ မြင့်မခလည်း မသိဘူး၊ ကိုကို့လည်း မသိဘူး၊ ကြောက်တယ်၊ ကျွန်တော် လူတွေကို ကြောက်တယ်ဗျာ … အီး ဟီး ဟီး"

ပြောရင်းဆိုရင်း ညီက အသည်းအသန် ငိုရှိုက်လိုက်ပြီး သူနဲ့ မခအရှေ့ကနေ လှစ်ခနဲ ပြေးထွက်သွားပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ညီ ရုတ်တရက်ကြီး စိတ်ဖောက်ပြန်သွားပြန်သဖြင့် သူ စိတ်မသက်မသာခံစားလိုက်ရကာ စိတ်ဆင်းရဲစွာ မျက်နှာကြီးကို လက်ဖဝါးနဲ့ ဖိအုပ်ပစ်လိုက်ပြီး ကြေကွဲစွာ ငိုပစ်ချင်သည့် စိတ်တွေကို ထိန်းချုပ်မျိုသိပ်လိုက်ရပါသည်။

"မင်းမြင်ရပြီမဟုတ်လား၊ ငါ့ညီ ဘာကြောင့် အခုလို ဖြစ်ရတယ်ဆိုတာ ငါ့တစ်သက်မှာ မင်းကို ခင်ခင်မင်မင် ဆက်ခံနေရပေမယ့် ဘယ်တော့မှ မကျေနပ်ဘူး မြင့်မခ"

"ဦးနေသစ်"

ငိုရှိုက်သံတွေနဲ့ ခေါ်လိုက်တဲ့ သူမအသံကလေးက သူ့နှလုံးသားထဲကို အေးစိမ့်စီးဝင်သွားခဲ့တော့သည်။

ဟာ . . . ဒါ မဖြစ်သင့်ပါဘူး။ ငါ ဘာဖြစ်လို့ ဒီလောက်အထိ စိတ်လှုပ်ရှားခဲ့ရတာလဲ၊ တစ်ချိန်တုန်းက ငါ သူ့ကို ချစ်ခဲ့မိပေမယ့် အခုချိန်မှာ ညီနဲ့ပတ်သက်ပြီး သူက ငါ့ရန်သူပဲ၊ သူ့ကို ငါ ပြန်ပြီး လက်စားချေနိုင်ရမယ်။

ငါခံစားခဲ့ရသလို မင်းလည်း ပြန်ပြီး ခံစားရမယ် မြင့်မခ။

"ကျွန်မ ဟန်းသာအတွက် တကယ် စိတ်မကောင်းပါဘူး ရှင်"





"အဟွန်း . . . ရပါတယ်ကွာ၊ သူ့မှာ အတိတ်ကံပါလာလို့ အခုလို ဖြစ်ရတာ၊ ငါတို့က ဘာတတ်နိုင်မှာလဲ"

"ကျွန်မ ပိုပြီးစိတ်မကောင်းတာက ရှင်က ဟန်းသာ အခုလို ဖြစ်ရတာ ကျွန်မကြောင့်လို့ စွပ်စွဲလာခဲ့တာ၊ ကျွန်မ တကယ် စိတ်မကောင်းဘူး . . . သိလား၊ ကျွန်မက သူ့သူငယ်ချင်းပါ၊ သူ အခုလို ဘာကြောင့်ဖြစ်တယ်ဆိုတာ ကျွန်မသိတယ် ဦးနေသစ်၊ သူက ဟိုတုန်းကတည်းက လူပေါင်းများတယ် ဦးနေသစ်"

"ငါသိပါတယ်ကွာ၊ ဒါတွေ ပြန်ပြီး အစဖော်မနေပါတော့နဲ့၊ ငါ မင်းကို တောင်းဆိုချင်တာ မင်းကူညီနိုင်မလားဟင်"

"ကျွန်မ ဟန်းသာအတွက်ဆိုရင် ကူညီပေးနိုင်ပါတယ်"

နေသစ် ရင်ထဲမှာ နွမ်းလျနာကျသွားရလေသည်။

သူ့စိတ်ထဲမှာ ဘယ်လောက်ငြိုးတေးကြိမ်းဝါးနေနေ ဒီကောင်မလေးကတော့ သူ့ရင်ထဲက ငြိုးတေးမှုတွေကို မသိရှိခဲ့။

မင်းမျက်နှာလေးမြင်ပြန်တော့လည်း ငါ တကယ်သနားတယ်။ ပြီးတော့ ရင်ခုန်တယ်ကွာ။ မင်း ငါ့နှလုံးသားကို ညှို့ငင်ဖမ်းစားနိုင်လွန်းတယ်။ ဒီ ခုနစ်နှစ်တာကာလအတွင်းမှာ ဘယ်လိုမှ မင်းကို မေ့ထားလို့မရအောင် ငါ ရူးသွပ်ခဲ့တယ်ဆိုတာ မင်းကို ဝန်မခံနိုင်ခဲ့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



အဲဒါ ဘာကြောင့်လဲသိလား မြင့်မခ။

ညီက မင်းကို သိပ်ချစ်တယ်ဆိုတာ ငါ့နှလုံးသားကို ရူးသွပ်ကြေကွဲစေခဲ့တယ်။ ဒါပေမဲ့ မင်းကတော့ ညီ့ကို မချစ်ခဲ့ဘူး မဟုတ်လား။

"ကျေးဇူးပဲကွာ၊ ကိုယ် ဖြစ်စေချင်တာကတော့ ညီ့ကို မင်း အနီးကပ်ရင်းနှီးမှုပြန်ယူပြီး ဆရာဝန်ညွှန်ကြားတဲ့ ဆေးတွေကို ချော့ချော့မော့မော့လေး တိုက်ပေးစေချင်တယ်၊ သူ အခုလို စိတ်ကြောင်သွားတာ လေးနှစ်ရှိပြီ၊ ဆေးပြားတွေ စွဲသောက်လို့လို့ ကိုယ်တော့ ထင်တယ်၊ အဲဒါ ဆရာဝန်ညွှန်ကြားတဲ့ဆေးကို စွဲစွဲမြဲမြဲ သောက်ရင် ပြန်ကောင်းမှာပါ၊ အဲဒါ သူက ဆေးတွေ ဘယ်လိုမှ တိုက်လို့မရဘူးလေ၊ သူ ဆေးသောက်လာအောင် အကူအညီပေးပါလို့ တောင်းပန်ပါတယ်ကွာ"

သူမကို လှိုက်လှိုက်လှဲလှဲ တောင်းပန်လာတဲ့ ဦးနေသစ်ကို ကြည့်ပြီး သူမ မျက်ရည်လေးတွေ ဝဲတက်လာတဲ့အထိ ဝမ်းနည်းကြေကွဲစွာ ဦးနေသစ်မျက်နှာကြီးကို စိုက်ကြည့်နေလိုက်မိသည်။

"ဟင် ... ကိုယ့်ကို ကူညီနိုင်မယ် မဟုတ်လားဟင် မခ"

သူမ ပခုံးနှစ်ဖက်ကို အားကိုးတကြီးဆုပ်ကိုင်ပြီး ညီ့အတွက်





စိတ်သောကရောက်နေတဲ့ ဦးနေသစ်ကို ငေးကြည့်ရင်း သူမနှလုံးသားလေးတွေ အေးစက်ထုံထိုင်းသွားတော့သည်။

ရှင့်စိတ်ထဲမှာ ရှင့်ညီကို ချစ်တဲ့စိတ်တွေပဲ ရှိခဲတယ်ဆိုတာ ကျွန်မ ခံစားလို့ရပါပြီ ဦးနေသစ်ရယ်။

ထိုနေ့က အိမ်အပြန်လမ်းတစ်လျှောက်လုံး သူမ ဦးနေသစ်ကို ဘာစကားမှ မပြောမိတော့။

စိတ်တွေ ဂနာမငြိမ်ဖြစ်ကာ အိပ်မက်ထဲမှာ လမ်းလျှောက်နေသလိုကြီးခံစားခဲ့ရသည်။

တကယ်တော့ ဦးနေသစ်ရယ် ရှင် ကျွန်မကို ကူညီခဲ့တာတွေဟာ ရှင့်အတွက် ရှင်အသုံးချလိုက်တယ်ဆိုတာ ကျွန်မ နားလည်ယုံကြည်ခဲ့ပါတယ်။

ဘာပဲဖြစ်ဖြစ် ရှင်ကျွန်မကို ဘယ်လောက်အထိ မကျေနပ်မကျေနပ် ကျွန်မကတော့ ရှင့်ကိုနားလည်ပေးနိုင်ဖို့ ဆုံးဖြတ်လိုက်ပါပြီ။

တစ်နေ့နေ့မှာတော့ ရှင် ကျွန်မရဲ့ခံစားချက်တွေကို နားလည်လာလိမ့်မယ်လို့ ကျွန်မယုံကြည်ပါတယ်။

အဲဒီအချိန်အထိ ကျွန်မစောင့်ပါ့မယ် ဦးနေသစ်။ ဟု တစ်



www.burmeseclassic.com

www.burmeseclassic.com



[illegible]တုန်းက ဦးနေသစ်ရဲ့ စကားသံတွေက မခနှလုံးသားလေးထဲကို တစိမ့်စိမ့် စီးဝင်ရိုက်ခတ်လာခဲ့သည်။

"မင်းကို ငါ သိပ်မုန်းတယ် မြင့်မခ၊ မင်းကို ငါ့ညီမုန်းတာထက် ငါက ပိုပြီး မုန်းတယ်"

လို့ သူ့မမျက်နှာကို စေ့စေ့ကြည့်ပြီး အမုန်းစကားတွေ တရစပ်ပြောခဲ့တဲ့ လူတစ်ယောက်နဲ့ အခုချိန်မှာ အနီးစပ်ဆုံး အရင်းနှီးဆုံး လုပ်ရမယ့် အလုပ်တစ်ခုကို သူမက လိုလိုလားလား လက်ခံခဲ့သည်တဲ့။

အံ့ဩစရာပင်။ တစ်ချိန်တုန်းက သူမကို ညီ့ကိစ္စနဲ့ ပတ်သက်ပြီး အမုန်းကြီးမုန်းခဲ့တဲ့လူသားက အခုချိန်မှာ သူ့ရဲ့စက္ကူထရီအဖြစ် သူမဘဝရဲ့ အခက်အခဲကို ကူညီခဲ့သည်တဲ့လေ။

မြင့်မခဘဝက ရယ်စရာပါတကား။

သူမရဲ့အဖြစ်တွေကို တွေးမိတိုင်း သူမ ကြေကြေကွဲကွဲ ငိုပစ်ချင်ပါသည်။

ကိုယ်သိပ်ချစ်ခဲ့ရသည့် ချစ်သူရဲ့ဘဝထဲကို ဂုဏ်သိမ်ငယ်စွာ ပြန်နိုဝင်ခဲ့ရသည့် သူမကိုယ်သူမ နာနာကြည်းကြည်း ခံစားခဲ့ရသေးသည်။



"ဒီလိုဖြစ်ရမယ့် ကံကြမ္မာက သူမဘဝမှာ ဖန်တီးပေးလာခဲ့ပြီပဲ။ ဘာပဲဖြစ်ဖြစ် ကျွန်မ ရင်ဆိုင်ပါ့မယ် ဦးနေသစ်ရယ်။

❁ ❁ ❁

ခုနစ်စဥ်ကြယ်စာပေ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

ညီတစ်ယောက် မခနဲ့ဆုံတွေ့ပြီးကတည်းက မခရဲ့ရင်းနှီးခင်တွယ်မှုအောက်မှာ ပြန်ပြီး အသက်ဝင်လာကာ ဆေးကိုလည်းပုံမှန်သောက်လာခဲ့သဖြင့် လအနည်းငယ်အတွင်းမှာပဲ ညီ စိတ်ဓာတ်လေးဟာ တဖြည်းဖြည်း ပြောင်းလဲလာခဲ့တာကို သူ မယုံနိုင်အောင်ခံစားခဲ့ရသည်။

ဒါဆို ညီ စိတ်ဓာတ်ဟာ သူမနဲ့အများကြီး သက်ဆိုင်ခဲ့တာပေါ့။ ညီ ဒီလောက်အထိ မခအပေါ် စွဲလမ်းခဲ့တာ သူ မယုံနိုင်အောင်ဖြစ်ခဲ့ရသည်။

ဘာပဲပြောပြော ညီ ချစ်ခဲ့သည့် မိန်းကလေးကိုတော့ သူ့





ရင်ထဲက ဘယ်လောက် ငြိတွယ်ခံစားခဲ့ပါစေ နှလုံးသားက မငြိတွယ်နိုင်အောင် သူ ထိန်းချုပ်ခဲ့သည်။

မင်းကို ငါ့နှလုံးသားက ဘယ်လောက်စွဲလမ်းစွဲလမ်း ငါမင်းကို မုန်းမေ့နိုင်အောင် ကြိုးစားပစ်ရမယ် မြင့်မခ။

ဘာဖြစ်လို့လဲဆိုတော့ မင်းဟာ ငါ့ညီသိပ်ချစ်ခဲ့တဲ့မိန်းမဖြစ်နေခဲ့လို့ပဲ မြင့်မခ။

ငါ့ဘဝ ငါ့နှလုံးသားထဲကို မင်း ဝင်ရောက် မငြိတွယ်နိုင်အောင် ငါ ကြိုးစားရမယ်ကွာ။

နေသစ်ရင်ထဲ နွမ်းလျလျကြီး ခံစားလိုက်ရသည်။ အရင်တုန်းကနဲ့ ဘာမှ မဆိုင်အောင် ပြောင်းလဲသွားသည့် မြင့်မခမျက်နှာနုနုချောချောကလေးကို မြင်ယောင်ရင်း သက်ပြင်းမောတွေ အကြိမ်ကြိမ်ချလိုက်မိတော့သည်။

မင်းနဲ့ငါနဲ့ ဘယ်လိုမှ မဖြစ်နိုင်တော့ပါဘူးကွာ။ ငါ့ရဲ့မသိစိတ်ကနေ ခုနစ်နှစ်လုံးလုံးကြီး မင်းကို မျှော်လင့်တမ်းတခဲ့မိပေမယ့်အခုချိန်မှာ ညီက မင်းကြောင့် ဘဝဆက်ရှင်သန်မယ့် ဘဝတစ်ခုကိုငါ မဖျက်ဆီးရက်ပါဘူး။ မင်း ညီ့ကို ချစ်ချစ်မချစ်ချစ် ငါကတော့မင်းကို ချစ်နိုင်ခွင့်ပေးမှာ မဟုတ်တော့ပါဘူး မြင့်မခရယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဦးနေသစ်"

"------"

စာရင်းဖိုင်တွဲကို ငုံ့ရေးနေတဲ့ မြင့်မခမျက်နှာနုနုချောချော ကလေးကို ငေးရီရီစိုက်ကြည့်ပြီး ရင်ထဲမှာ ဆွတ်ကျင်ကျင်ကြီး ခံစားလိုက်ရပါသည်။

တစ်ချိန်တုန်းက သိပ်ချစ်ခဲ့ဖူးသည့် မိန်းကလေးတစ်ယောက် သူနဲ့ အနီးဆုံးမှာရှိနေတယ်ဆိုတဲ့ ခံစားမှုအသိက သူ့နှလုံးသားကို ကြည်နူးခွင့်မပေးခဲ့။

ဘာဖြစ်လို့များ ငါက ကံမကောင်းခဲ့ရတာလဲ။ ဟာကွာ ဘာပဲဖြစ်ဖြစ် ညီ့ စိတ်ပျော်ရွှင်ရင် ငါ ကျေနပ်ပါတယ်ကွာ၊ ညီ အခုလို မင်းကြောင့် သူ့ဘဝကလေး ပြန်လည်ပြီး ရှင်သန်တက်ကြွတဲ့ လူကောင်းပကတိ ပြန်ဖြစ်လာမှာကိုပဲ ငါ ပျော်ရွှင်ကျေနပ်ပါတယ်။

"ဦးနေသစ်"

အနီးကပ် ကပ်ခေါ်လိုက်သည့်အသံကလေးက သူ့နှလုံးသား ကို လှုပ်လှုပ်ခါယမ်းသွားရလေသည်။

ငေးငေးကြီး စိုက်ကြည့်နေမိသည့် သူ့ကိုယ်သူ အရှက်ရသွား ကာ မျက်နှာကြီးတစ်ခုလုံး ထူပူစွာ မျက်လုံးအကြည့်တွေကို ကမန်း





ကတန်း လွှဲဖယ်ပစ်လိုက်မိတော့သည်။

ဟား . . . ငါကြည့်နေတာကြီးကို ဒီကောင်မလေးများ ရိပ်မိ သွားခဲ့ရင် ရင်တွေ တထိတ်ထိတ်ခုန်လှုပ်လာကာ သူ့မျက်နှာကြီး တစ်ခုလုံး နီရဲလာခဲ့သည်။

"ဦးနေသစ် ကျွန်မ"

"ဟင် ဘာလဲ . . . ဘာမေးစရာရှိလို့လဲ၊ နားမလည်တာရှိရင် မေးလေ"

"ဟို . . . မဟုတ်ပါဘူး။ ကျွန်မ ညနေကျ ရုံးဆင်းချိန်ထက် တစ်နာရီလောက်ကလေးစောပြီး ရုံးဆင်းချင်လို့ပါ၊ မေမေ ဒီရက်မှာ နေမကောင်းလို့"

မျက်လွှာကလေးချပြီး မဝံ့မရဲကလေးပြောလာတဲ့ မခမျက်နှာ လေးကို သူ အသက်မရှူမိဘဲ စိုက်ကြည့်လိုက်မိသည်။

အရင်တုန်းက သွက်သွက်လက်လက် မာနခဲကလေးက အခုချိန်မှာ သူ့အရှေ့မှာ ရိုရိုကျိုးကျိုးကလေး ခွင့်တောင်းနေခဲ့တာလေး ကို ကြည့်ပြီး သူ သနားကြင်နာစိတ်တွေ လွှမ်းမိုးသွားရလေသည်။

မခရယ် မင်းကို သနားစိတ်တွေက ငါ့ကို ထိန်းချုပ်မျိုသိပ် လို့ ရမှာမဟုတ်တော့ဘူး။ အစတုန်းက မင်းကို တွေ့တွေ့ချင်း



www.burmeseclassic.com

www.burmeseclassic.com



မုန်းတီးစိတ်ကလေးတွေ ဝင်ခဲ့မိပေမယ့် မင်းရဲ့ ရိုးသားတဲ့ စိတ်ရင်း အမှန်လေးကို သိလိုက်ရတော့ ကိုယ် တကယ် စိတ်မကောင်းဖြစ် ခဲ့ရတယ်။

"ဟင် ဘာဖြစ်လို့လဲ၊ ကျွန်မ ခွင့်တောင်းတာကို ခွင့်မပေး နိုင်ဘူးလားဟင်"

"ဪ ... ရပါတယ်၊ အန်တီ့ကို ဆေးခန်းလိုက်ပို့မှာ မဟုတ်လား၊ ကိုယ့်ကားနဲ့ လိုက်ပို့ပေးပါ့မယ်"

"ဟင့်အင်း ... ရပါတယ်၊ ဆေးခန်းက လမ်းထဲမှာပဲ နီးနီးလေးပါ"

"ကောင်းပြီလေ၊ ဒါနဲ့ မင်းစာရင်းတွေ စစ်ပြီးရင်၊ ကိုယ့် အတွက် ကော်ဖီတစ်ခွက် ဖျော်ခဲ့ကွာ"

သူ့ကို နားမလည်သလို ငေးကြည့်လာတဲ့ မြင့်မခကို သူ မျက်မှောင်တွန့်ကြည့်လိုက်ရင်း စိတ်တွေ တင်းပစ်လိုက်ကာ ဆိုဖာ နောက်မှီကို ခေါင်းမှီချလိုက်ရင်း သက်ပြင်းကလေး မှုတ်ထုတ်လိုက်မိ သည်။

ငါ ရင်ထဲမှာ မွန်းကျပ်တယ် မြင့်မခရယ်။ တစ်ခန်းတည်းမှာ အတူလုပ်ရမယ့်အလုပ်တာဝန်ကို ပေးအပ်ခဲ့မိတဲ့ ကိုယ့်ကိုယ်ကိုယ်





တောင် ဒေါသထွက်မိသည်။

စိတ်ပျက်ညစ်ညူးစွာ မှိတ်ထားတဲ့ မျက်လုံးထဲမှာ သူမ မျက်နှာလေးက တရစ်ဝဲဝဲ ရောက်ရှိလာခဲ့လေသည်။

မဖြစ်ပါဘူးကွာ။ မင်းက ငါ့ညီချစ်ခဲ့ဖူးတဲ့ မိန်းကလေးစိတ် တွေ ဂနာမငြိမ် ယောက်ယက်ခတ်ကာ အတွေးတွေနဲ့တင် စိတ် ချောက်ချားရူးသွပ်နေတဲ့ အဖြစ်ကြီးက သူ့ကို တစ်သက်လုံး နှိပ်စက် သွားမည်လားမသိ။

အရှေ့ကနေ လှည့်ထွက်သွားတဲ့ ခြေသံကလေးကို ကြား တော့မှ သူ မျက်လုံးဖွင့်ကြည့်ပြီး သူမကို ငေးကြည့်လိုက်မိသည်။

သူမက သွက်လက်စွာ သူ့အတွက် ကော်ဖီကို စတင်ဖျော် နေပြီဖြစ်သည်။

တစ်သက်လုံး သူမ ဖျော်ပေးတဲ့ကော်ဖီလေးကို သောက်ရ ရင် သူ့အတွက် ဘယ်လောက်ကံကောင်းလိုက်မလဲ။

မင်းနဲ့ဝေးခဲ့တဲ့ နှစ်တွေမှာ ငါ ဘယ်လောက် အထီးကျန်ဆန် ခဲ့တယ်ဆိုတာ ငါ မင်းကို ဝန်မခံချင်တော့ပါဘူး။

အခုချိန်မှာ ငါ့ဘဝမှာ အရေးအကြီးဆုံးက ငါ့ညီစိတ်ချမ်းသာ ဖို့နဲ့ အရင်ဘဝလို ဆက်လက်ရပ်တည်နိုင်ဖို့ပဲ။



www.burmeseclassic.com

www.burmeseclassic.com



"ဦးနေသစ် ကော်ဖီရပါပြီ"

"ဩော် အေး"

စိတ်ကူးယဉ်အတွေးတွေနဲ့ ရူးသွပ်နေတဲ့ သူ့စိတ်ကူးတွေကို သူမ ရိပ်မိသွားမှာကို သူ မလိုလား။

ရုံးခန်းထဲမှာ တစ်ယောက်နဲ့တစ်ယောက် အနီးဆုံးတွေ့မြင်နေရသည့် ခံစားမှုကြီးက သူ့ရင်ခုန်သံတွေကို နွေးထွေးပူလောင်လာခဲ့သည်။

နွေးထွေးစွာ မော့ကြည့်လာတဲ့ သူမမျက်ဝန်းဝိုင်းဝိုင်းကြီးတွေက သူ့နှလုံးသွေးကို ရပ်တန့်ငြိမ်သက်ငေးမောသွားရပါသည်။

မြတ်စွာဘုရား ငါ ငါ ...

"မင်းရောသောက်လေ၊ အရင်သောက်လိုက်ပါ။ ပြီးတော့မှ ကျန်တာ ကိုယ်သောက်မယ်"

"ဟင့်အင်း ... ကျွန်မ မသောက်ချင်ပါဘူး"

နူးနူးညံ့ညံ့ကလေး ခေါင်းခါငြင်းဆန်လိုက်တဲ့ သူမမျက်နှာလေးကို ငေးကြည့်ပြီး သူ့ရင်ထဲက ခံစားချက်တွေ ပွင့်ထွက်သွားတော့သည်။ သူမမျက်နှာလေးကို အနီးကပ်ငေးစိုက်ကြည့်နေမိရာမှ ဆတ်ခနဲ ထရပ်လိုက်ပြီး သူမလက်ကလေးကို လှမ်းဆွဲကိုင်လိုက်ကာ





သူနဲ့အတူ ဆိုဖာမှာ ယှဉ်ထိုင်စေလိုက်သည်။

သူမက သူ့ကို မျက်လုံးအဝိုင်းသားလေးနဲ့ မော့ကြည့်လိုက်သောအခါ သူ ရူးသွပ်သွားသလိုကြီး ခံစားလိုက်ရကာ ကော်ဖီကို တစ်ကျိုက်တည်း မော့သောက်ချလိုက်မိသည်။

"အား ... ဖရူး ဖရူး ... ပူလိုက်တာကွာ"

ပါးစပ်ထဲက အပူကော်ဖီတွေကို ထွီးခနဲ ထွေးချလိုက်သောအခါ သူမအင်္ကျီလေး အနည်းငယ် စိုရွှဲသွားခဲ့တာကြီးကို အားနာနာနဲ့ တောင်းပန်မလို့ မတ်တတ်ထရပ်လိုက်သည့်အချိန်မှာပဲ စားပွဲပေါ်က လက်ကျန်ကော်ဖီ ပန်းကန်ကလေး ဝုန်းခနဲ ပစ်ကျသွားကာ သူ့မှာဆိုး တစ်ထည်လုံး စိုရွှဲသွားရလေသည်။

"ဟင် ... ဒါ ဒါ ဘာလုပ်တာလဲ"

"အို ... ကျွန်မ ကျွန်မ"

"မင်း မင်း ဒါ တမင်လုပ်တာ မဟုတ်လား။ ကြည့်စမ်း။ မင်းဟာ ယယ်ယယ်ကအကျင့်ကို မပျောက်သေးဘူး။ ငါက မင်းကို တမင်စဉ်အောင် ထွေးထည့်တာမှ မဟုတ်တာ၊ ဒါ ငါက မင်းကို ကော်ဖီထွေးတယ်ဆိုပြီး ငါ့ကို ပြန်ပြီး ကော်ဖီအပူတွေ လောင်းအောင် ပြန်မှောက်ပစ်လိုက်တာပေါ့ ... ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ကျွန်မကို အခုထိ အခုထိ အို ကျွန်မ"

သူမက မျက်နှာလေးကို ငုံ့ချပစ်လိုက်ကာ ကြေကွဲစွာ ငိုရှိုက်လိုက်လေသည်။

ပြောလိုက်ရင် ဝမ်းနည်းပြီး မျက်ရည်ကျဖို့ပဲ တတ်တော့တဲ့ ကောင်မလေးကို သူ အံ့ဩမယုံကြည်အောင် ငေးစိုက်ကြည့်လိုက်မိသည်။

အရင်တုန်းက ဆတ်ဆတ်ကြဲ စွာတေးလန်တဲ့ မာနခဲလေးက အခုချိန်မှာ သူ့အရှေ့မှာ ကျရှုံးစွာ မျက်ရည်တွေနဲ့ ပေးဆပ်နေတာ သူ အံ့ဩမိသလို စိတ်မကောင်းစွာဖြင့် သနားကြင်နာသွားခဲ့ရပါသည်။

ကောင်မလေးရယ်၊ ဘာဖြစ်လို့ မင်းစိတ်ဓာတ်တွေ ဒီလောက်အထိ ပြောင်းလဲသွားရတာလဲကွာ။ မင်းကို ငါ အရမ်းသနားတာပဲကွာ။ ပြီးတော့ ငါ မင်းကို သိပ်ချစ်ခဲ့တဲ့ ခံစားချက်တွေ ပေါက်ကွဲကုန်ပါပြီ။ မင်းမငိုပါနဲ့၊ မင်း ငါ့အရှေ့မှာ ဆက်ပြီး မငိုတော့ပါနဲ့ တောင်းပန်ပါတယ်ကွာ။

"ရှင် ကျွန်မကို အခုထိ အယုံကြည်ကင်းမဲ့နေခဲ့မယ်လို့ ကျွန်မ မထင်ခဲ့မိဘူး၊ ရှင် ဘာဖြစ်လို့ ကျွန်မကိုမုန်းနေရတာလဲ





ရှင့်ညီအခုလို ဖြစ်ရတာ ကျွန်မကြောင့်ပဲလို့ ရှင့်စိတ်ထဲမှာ စွဲမြဲယုံကြည်ထားတယ် မဟုတ်လား။ ကျွန်မနားလည်ခံစားလို့ရသွားပါပြီ"

"တော်စမ်းကွာ၊ မင်းပါးစပ်ပိတ်ထား"

ဒေါသတကြီး ထအော်ပစ်လိုက်မိပြီး အရှေ့မှာ မျက်ရည်တွေနဲ့ သူ့ကို ခပ်စိမ်းစိမ်းစိုက်ကြည့်လာတဲ့ သူမကို သူ စူးစူးစိုက်စိုက်ကြည့်နေမိရာမှ စိတ်တွေ လွတ်ထွက်သွားတော့သည်။

သူမကိုယ်လုံးလေးကို ဆွဲဖက်ပစ်လိုက်မိကာ စိတ်ခံစားချက်များ လွတ်ထွက်သွားပါတော့သည်။

အနှစ်နှစ်အလလ မြိုသိပ်ချုပ်ထိန်းထားခဲ့ရသည့် သူ့ရင်ထဲက ခံစားချက်တွေက သူမရဲ့ ရန်တွေ့စကားတွေအောက် ပျော်ဝင်ပေးဆပ်သွားရလေပြီ။

"မင်း ငါ့ကို မစွပ်စွဲနဲ့၊ ငါ မင်းကို ဘယ်တုန်းကမှ မမုန်းခဲ့ဘူး။ ပါးစပ်နဲ့ပြောခဲ့တဲ့ အမုန်းစကားတွေက ငါ့ရင်ထဲက စကားတွေ မဟုတ်ဘူး၊ မင်း ငါ့ရင်ထဲက ခံစားချက်တွေကို အခုထိ နားမလည်သေးဘူးလား။ ငါ မင်းကို သိပ်ချစ်ခဲ့တယ်၊ မင်းကိုသိပ်ချစ်တဲ့ ခံစားချက်တွေနဲ့ ငါ အရှင်လတ်လတ် ရူးသွပ်ကြေကွဲခဲ့ရတာတွေကို မင်း ကြည့်ရက်တယ်ပေါ့ ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"အို ဟင့်အင်း၊ ရှင် ကျွန်မကို အငြိုးနဲ့ လှည့်စားနေတာ ကျွန်မ ရှင့်စကားတွေကို မယုံဘူး"

"မင်း ပါးစပ်ပိတ်ထားနော် မခ"

"ရှင် ကျွန်မကို ရှင့်ညီနဲ့ပတ်သက်ပြီး အခဲမကျေတဲ့ရန်သူကြီးလို သိပ်မုန်းနေခဲ့တာကို ကျွန်မသိတယ်"

"ဟင် မင်း ပြောလို့အားရပြီလား၊ တဲ"

သူ ဘယ်လိုမှ သည်းခံမျိုသိပ်လို့မရအောင် စိတ်တွေ ပေါက်ကွဲသွားရလေပြီ။ ကျိတ်မနိုင်ခဲမရဖြစ်ကာ ရန်တွေ့နေတဲ့ နှုတ်ခမ်းကလေးဆီ သူ့မျက်နှာကြီး တွေးအပ်ပစ်လိုက်ကာ သူမမျက်နှာကလေးအနှံ့ အရှုးအမူး နမ်းရှိုက်ပစ်လိုက်မိတော့သည်။

သူမက သူ့ရင်ခွင်ထဲမှာ ငြိမ်သက်ငေးမောစွာ မျက်ရည်ကလေးတွေ ကျကာ ကျိတ်ငိုရှိုက်ရင်း သူ့ကို အဆက်မပြတ် ရန်တွေ့လာခဲ့သည်။

"အဟင့် ဟင့်၊ ရှင့်ကိုမုန်းတယ်၊ ရှင်ကြီးကို မုန်းတယ်၊ ကျွန်မကို ခုနစ်နှစ်လုံး ရှောင်ပစ်သွားခဲ့တဲ့ ရှင့်ကိုမုန်းတယ်၊ အခု ဒါ မထင်မှတ်ဘဲ ပြန်တွေ့လို့ ရှင် ကြုံတုန်း ရည်းစားစကား ပြောခဲ့တာ မဟုတ်လား။ ကျွန်မ ရှင့်စိတ်ဓာတ်တွေကို သိပ်မုန်းတယ်





သိလား"

"အေး မုန်းကွာ၊ ငါကတော့ သိပ်ချစ်တယ်၊ ခုနစ်နှစ်လုံးလုံး တမ်းတခဲ့ရလို့ သိပ်ချစ်တယ်၊ မင်း ငါ့ကို ကလန်ကဆန် မလုပ်စမ်းပါနဲ့ကွာ၊ အရင်တုန်းက မင်းနဲ့ငါနဲ့ ဖြစ်ခဲ့တဲ့ကိစ္စတွေကို မေ့ပစ်လိုက်ပြီး မင်းက မမေ့ဘဲ ငါ့ကို အငြိုးထားနေရင်လည်း ထားပေါ့ကွာ"

"အငြိုးထားတာက ကျွန်မ မဟုတ်ဘူး . . . ရှင်"

"ဟာကွာ မခနော် . . . မင်း နာချင်ပြီလား"

"အား . . . ရှင်· ရှင် ကျွန်မကို နိုင်တိုင်းမကျင့်နဲ့၊ ရှင့်ရဲ့ အဲဒီ အကျင့်တွေကို ကျွန်မရွံတယ် သိလား"

"ဟာကွာ မခနော်၊ မင်းသေချင်ပြီ ထင်တယ်"

နေသစ် ဒေါသတွေ ရှန်းကြွပေါက်ကွဲသွားကာ ရင်ခွင်ထဲက သူမကိုယ်လုံးကလေးကို တအားဆွဲကိုင်ခါယမ်းပစ်လိုက်မိတော့သည်။ သူမက နာကျင်စွာဖြင့် မျက်ရည်ကလေးတွေ ရစ်ဝဲကာ နှုတ်ခမ်းကလေးကို ဖိကိုက်ပြီး ခေါင်းကလေးငုံ့ချပစ်လိုက်ကာ တအိအိ ငိုရှိုက်နေတော့သည်။

သူမ ဝမ်းနည်းကြေကွဲစွာ ငိုရှိုက်နေတာလေးကို ကြည့်ပြီး သူ ရင်ထဲ နင့်နင့်နဲနဲကြီး ခံစားလိုက်ရကာ သူမကို ချော့မော့နှစ်သိမ့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်မိသည်။

သူ့ရင်ထဲမှာ ခပ်ကြမ်းကြမ်းကြီး ရင်တွေ တထိတ်ထိတ်ခုန်ကာ စိတ်တွေလှုပ်ရှားကာ မျက်နှာကြီးတစ်ခုလုံး ရဲရဲနီမြန်းနေတဲ့အထိ ရှက်ရွံ့ရွံ့ကြီးခံစားခဲ့ရသည်။

ကိုယ်သိပ်ချစ်ခဲ့ရသည့် ချစ်သူကြောင့် သူ ဒီလောက်အထိ အောက်ကျအရှုံးပေးခဲ့မိတာ။

ဟား မခရယ်၊ မင်းကို ငါချစ်မိတာတွေ ပေါက်ကွဲကုန်ပြီး ရှေ့ဖြစ်လာမယ့် ပြဿနာတွေရှိရင် ငါတို့ ရဲရဲကြီးရင်ဆိုင်မယ်ကွာ"

"မခရယ် . . . မင်းကလည်းကွာ သက်သက်ဝမ်းနည်းမနေစမ်းပါနဲ့၊ တိတ်ကွာ . . . မျက်ရည်တွေ သုတ်လိုက်စမ်း၊ တော်ကြာ သူများတွေ ဝင်လာရင် အထင်လွဲနေဦးမယ်"

သူ့မက သူ့ချော့မော့နှစ်သိမ့်ခါမှ ပိုပြီးဝမ်းနည်းကြေကွဲစွာ ငိုချလိုက်ပါတော့သည်။

"အိုး ကျွန်မကိုယ်ကျွန်မ သိပ်မုန်းတယ်၊ ကျွန်မ ရှင့်အရှေ့မှာ မျက်ရည်ကျမိပြီး အဟင့် ဟင့် ကျွန်မကိုယ့်ကိုယ်ကိုယ် သိပ်မုန်းတယ်"

"ဟာကွာ၊ ကိုယ်က တခြားသူလား၊ မင်းကလည်း မင်းကိုယ့်ကို ဘာလို ဒီလောက်မာနထားနေရတာလဲ၊ ကိုယ်နဲ့မင်းနဲ့က





တစ်စိမ်းတွေလား ပြော၊ အခုမှသိကြတဲ့လူတွေလား၊ မှတ်ထား။ မင်းနဲ့ကိုယ်ဟာ အရင်းနှီးဆုံးချစ်သူတွေပဲ၊ မင်း ငါ့ရှေ့မှာ ငိုငိုရယ်ရယ် မင်းရဲ့အမှုအရာ အပြုအမူခံစားချက်တိုင်းကို မင်းနဲ့ထပ်တူခံစားရတယ် မခ၊ မင်းနောက်တစ်ခါ ငါ့ကို သူစိမ်းစကား မပြောစမ်းပါနဲ့ကွာ၊ တိတ်တော့၊ မျက်ရည်တွေကို သုတ်ပစ်ရအောင်နော်၊ ထပ်မငိုတော့နဲ့ ထပ်ငိုရင် မင်းကို ကိုယ်ဒဏ်ပေးတော့မှာနော်"

ချစ်သူကလေးရဲ့မျက်ရည်လေးတွေကို လက်ကလေးနဲ့ သုတ်ပေးရင်း သူ့မမျက်နှာလေးကို နွေးထွေးကြည်လင်စွာ ဖွဖွလေး ပြုံးပြီး စိုက်ကြည့်လိုက်မိသည်။

မခက သူ့အကြည့်တွေကို ရှက်ရွံ့စွာ မျက်လွှာကလေး ချသွားတာလေးကို သူအသည်းယားစွာ သူ့မပါးပြင်ကလေးကို ခပ်ဖွဖွကလေး ဖျစ်လိုက်ပြီး သူ့မခေါင်းကလေးကို ပွတ်သပ်ချော့မော့ လိုက်ပါသည်။

သူ့မမျက်လုံးကလေးတွေမှာ ပျော်ရွှင်ကြည်နူးရိပ်ကလေး တွေကို တွေ့လိုက်ရတော့မှ သူ စိတ်ချလက်ချ ရင်ထဲမှာ ပျော်ရွှင် ကျေနပ်သွားတော့သည်။

ငါ မင်းကို ချစ်ခဲ့လို့ ဖွင့်ပြောခဲ့မိတာ ညီ ငါ့ကို ဘာတွေ



www.burmeseclassic.com

www.burmeseclassic.com



ပြောလာမလဲ။ ညီရယ် ကိုကို့ရင်ထဲက ခံစားချက်တွေကို နားလည်ပေးပါတော့ကွာ။

ကိုကို့ရဲ့ခံစားချက်တွေ ပေါက်ကွဲကုန်ပြီ ညီရယ်။ ဒါပေမဲ့ ညီရယ် ညီ ကိုကို့ကို နားလည်မှုမပေးခဲ့ရင် ကိုကို သိပ်ချစ်တဲ့ မိန်းကလေးကို စွန့်ပစ်ဖို့ ဝန်မလေးပါဘူးကွာ။

ကိုကို ဘယ်လောက်ခံစားရ ခံစားရ ညီနဲ့ယှဉ်ရင် ကိုကို သူ့ကိုပဲ စွန့်ပစ်မယ်ဆိုတာကို ညီယုံပါကွာ။

"ဦးနေသစ်"

"------"

"ဦးနေသစ်"

သူ့ပခုံးလေးကို ဆုပ်ကိုင်ခါယမ်းလိုက်တော့မှ သူ သတိလက်လွတ်ဖြစ်သွားတဲ့ ခံစားမှုကြီးကို သတိရသွားကာ မခ မျက်နှာလေးကို ငွေးတွေးသည့်မျက်လုံးတွေနဲ့ ပြန်လည်ငေးမောကြည့်လိုက်မိသည်။

"ဘာတွေတွေးနေတာလဲဟင် ဦးနေသစ်"

"အဟွန်း ... ဘာရယ်မဟုတ်ပါဘူးကွာ၊ ကိုယ့်ဘဝမှာ မင်းကိုသာ ပြန်မဆုံခဲ့ရင် အထီးကျန်မှာပဲလို့ တွေးနေတာပါ၊ ဟိုးအရင်က





တည်းကသာ မင်းနဲ့ကိုယ် ချစ်သူတွေဖြစ်ခဲ့ရင် အခုလောက်ဆို သားသားလေးတွေ၊ မီးမီးလေးတွေနဲ့ ဝေစည်နေပြီလို့ စဉ်းစားနေတာ ... အဟွန်း ဟွန်း"

"ဟင်း ဦးနေသစ်နော် ... ဆံပင်ပဲဖြူတော့မယ်၊ အခုထိ ကလေးကလား စကားတွေ ပြောတုန်း"

ရှက်မျက်နှာရဲရဲလေးနဲ့ သူ့ကို မျက်စောင်းခပ်ဝဲဝဲကလေး ချိတ်လိုက်တဲ့ မခမျက်နှာလေးကို ကြည့်ပြီး ချစ်မြတ်နိုးမဆုံးဖြစ်သွားရပါတော့သည်။

ဒီမျက်နှာလေး ဒီမူဟန်ဇလေးတွေကို ဟိုးလွန်ခဲ့တဲ့ ကိုးနှစ်လောက်ကတည်းက စွဲလမ်းရူးသွပ်ခဲ့တာ။

ဒါပေမဲ့ အဲဒီတုန်းက ညီက သူသိပ်ချစ်ခဲ့တဲ့ မိန်းကလေးကို စွဲလမ်းခဲ့တာမို့ သူ့ရင်မှာ အနာတရတွေနဲ့ နောက်ဆုတ်ခဲ့ရတာ။

အခုတော့ မထင်မှတ် မမျှော်လင့်ဘဲ သူမနဲ့ ချစ်သူတွေ ဖြစ်သွားခဲ့တာ။ ဒီအကြောင်းတွေကို ညီကိုသာ ဖွင့်ပြောလိုက်ရင် ညီ လက်ခံနိုင်ပါ့မလား။

ပြီးတော့ ညီက စိတ်ကောင်းတဲ့သူလည်းမဟုတ်။

ဟား ညီရယ်၊ မင်းမရှူးဘဲ ငါပဲ ရူးသွားရင် သိပ်ကောင်းမှာ



www.burmeseclassic.com

www.burmeseclassic.com



ပါကွာ။ အခုတလော ညီတစ်ယောက် မခနဲ့တွေ့ပြီး မခ ချော့ချော့မော့မော့နဲ့ ဆေးကလေးတွေတိုက်ပြီးကတည်းက ဆေးတွေ ပုံမှန်သောက်လာခဲ့လို့ သူစိတ်ချမ်းသာနေရသည်။

ဒီအတိုင်းဆို ညီ လူကောင်းပကာတိ ချက်ချင်းကြီး ပြန်မဖြစ်တောင် စိတ်တွေ ပြန်လည်ရှင်သန်လာခဲ့တော့မည်။ စိတ်ကောင်းရှိလိုက်တဲ့ မိန်းကလေး။ မင်းကြောင့် ညီ အခုလို စိတ်ဓာတ်တွေ ပြန်ရှင်သန်လာခဲ့တာ ငါ အရမ်းကျေးဇူးတင်တယ် မခလေးရယ်။

မင်းကို ကိုယ်အထင်မှားပြီး မုန်းတီးနာကြည်းခဲ့မိတာတွေကို ခွင့်လွှတ်ပါကွာ။

"အဟွန်း ဘာတဲ့ . . . ငါ့ကိုများ ဆံပင်ဖြူနေပြီ . . . ဟုတ်လား။ ဟား ဟား . . . မဖြူသေးပါဘူးကွာ၊ ကိုယ် အခုမှ အသက်သုံးဆယ့်လေး ရှိသေးတာပါကွာ၊ အဟား ဟား . . . နိုပ်တယ်ကွာ ကိုယ့်ချစ်သူလေးက တော့"

"ဘာ . . . ကိုယ့်ချစ်သူလဲ"

"ရော် . . . ချစ်သူမဟုတ်လို့ ဘာလဲ၊ အဟား ဟား . . . ညည်း ကျုပ်ကို လွှန်ခဲ့တဲ့ကိုးနှစ်လောက်ကတည်းက ကြိတ်ချစ်နေတာ ကျုပ်သိသားပဲ၊ ကျုပ်က အဲဒီတုန်းက ညည်းငယ်သေးလို့ အလွတ်





ပေးပြီး လက်ပိုက်ကြည့်နေတော့ ညီက ညည်းကို လက်ဦးသွားတာ"

"ဦးနေသစ်နော်၊ ရှင့်ညီကိုလည်း ကျွန်မ မချစ်ခဲ့ပါဘူးနော်၊ သူ့ဘာသာ တစ်ဖက်သတ် ချစ်နေတာတော့ မတတ်နိုင်ဘူး၊ ကျွန်မ သူ့ကို မချစ်ဘူးဆိုတာလည်း သူသိသားပဲ"

"ဒါဆို မင်းချစ်နေတာ ဘယ်သူလဲ"

"ဦးနေသစ်နော်"

"ကိုကိုပါ"

ရင်ထဲက ခံစားချက်ကလေးတွေအလျောက် စိတ်ကို လွှတ်ပေးလိုက်တော့ အနှစ်နှစ်အလလက မျိုသိပ်ခဲ့သည့် ရင်ခုန်သံတွေက ကြမ်းကြမ်းကြီး မြည်ဟည်းသွားပါတော့သည်။

ဟား မခရယ် ကိုယ် မင်းကို အရမ်းချစ်တယ်ကွာ။

ရှက်သွေးလေးတွေနဲ့ ရဲရဲနီမြန်းသွားသည့် မခမျက်နှာလေးကို ကြည့်ပြီး သူ့ရင်ထဲ ကတုန်ကရင်ကြီးဖြစ်သွားကာ သူမမျက်နှာလေးကို ရင်ခုန်စွာ ငေးမောကြည့်နေမိရာမှ ခေါင်းကြီးငုံ့ချပစ်လိုက်ပြီး စာရင်းစာရွက်တွေကို တစ်ရွက်ချင်း လှန်ကြည့်လိုက်ကာ စိတ်ကို တည်ငြိမ်အောင် ထိန်းချုပ်လိုက်ရပါသည်။

"ဦးနေသစ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟောကွာ သွားတော့၊ မင်းအလုပ် မင်းဆက်လုပ်တော့"

"ဟင် ဒီမှာ မသိလို့မေးမလို့"

"မမေးနဲ့ဦး။ သွားကွာ၊ သွား စားပွဲမှာ သွားထိုင်နေတော့"

"ဘာဖြစ်နေတာလဲ"

"ဟ အလိုက်ကန်းဆိုးမသိတဲ့ မိန်းကလေးရဲ့ပါးစပ်ကလေး ခဏလောက် ပိတ်ထားစမ်းပါကွ"

"အဟိ ... ဦးနေသစ် အရှူး"

"ဟမ် ... ဘာပြောတယ်"

"ဟင့်အင်း ... ဘာ ဘာမှ မပြောဘူး"

"မင်းနော် နာချင်ပြီထင်တယ်၊ သွား ... ကိုယ့်အလုပ် ကိုယ် ဆက်လုပ်"

"ဟုတ်ကဲ့"

အနားက လှည့်ထွက်သွားတဲ့ ခြေသံလေးကြားတော့မှ ငုံ့ ကိုင်းထားတဲ့ ခေါင်းကြီးကို ဆတ်ခနဲ မော့ကြည့်လိုက်မိသည်။

သူမက သူနဲ့မျက်နှာချင်းဆိုင် စားပွဲလေးမှာ ထိုင်ချလိုက်ပြီး သူ့ကို မကျေမနပ် မျက်စောင်းထိုးကာ ခြေထောက်ကလေးတွေကို ဆောင့်ပြလိုက်သေးသည်။





ကလေးဆန်ဆန် သူမ အမူအရာလေးကိုကြည့်ပြီး သူ သဘောကျစွာ ကျိတ်ပြုံးလိုက်မိပါတော့သည်။

ဟား ... အခုမှပဲ မွန်းကျပ်ရင်ခုန်နေတဲ့ သူ့နှလုံးသားလေး တွေ နွေးနွေးထွေးထွေးကလေး စီးမျောသွားရတော့သည်။

မလေးရယ်၊ ... ရှေ့ရေးကို မတွေးဘဲ ကိုယ်တို့ ရှုံသွပ်ခဲ့ တာတွေကို ဘာမှပြန်ပြီးမစဉ်းစားချင်တော့ပါဘူး။

ဒါပေမဲ့ ကိုယ် ယုံကြည်ပါတယ်။ မင်းနဲ့ကိုယ်တို့ ပေါင်းဆုံရ မှာပဲလို့ မင်းကို ကိုယ်ခွင့်လွှတ်လိုက်တဲ့အချိန်ကစပြီး ကိုယ့်ရင်ထဲက မွန်းကျပ်နင့်သိုးနေတဲ့ခံစားချက်တွေ ဒေါသစိတ်တွေ အလိုလိုပြေပျောက် သွားခဲ့ရတယ်။

တကယ်တော့ ညီဖြစ်ခဲ့တဲ့ကိစ္စမှာ မင်းကြောင့်မဟုတ်ဘူးလို့ ကိုယ်လက်ခံယုံကြည်လိုက်ပါတယ်။ ကိုယ် မင်းကို စွပ်စွဲခဲ့မိတာတွေ အတွက် စိတ်မကောင်းပါဘူးကလေးရယ်။

အပြစ်ကင်းစင်စွာ ဘာမာနမှ မရှိတော့တဲ့မျက်နှာကလေးနဲ့ တရင်းတွေ ငုံ့ရေးနေတဲ့ မလေးရဲ့မျက်နှာလေးကို တစိမ့်စိမ့် ငေး ကြည့်ရင်း ရင်ခုန်သံလေးတွေ ဆူညံသွားပါတော့သည်။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

ခုနစ်နှစ်လုံးလုံး နာကြည်းမုန်းတီးစိတ်တွေနဲ့ တမ်းတမေ့လို့မရတဲ့ ကောင်မလေးကို လအပိုင်းအခြားအတွင်းမှာပဲ မယုံကြည်နိုင်လောက်အောင် ခွင့်လွှတ်ကြည်ဖြူနားလည်ကာ ကြင်နာစိတ်ဖြင့် ချစ်ခင်မြတ်နိုးသွားခဲ့ရတဲ့ သူ့နှလုံးသားလေးကို သူမယုံကြည်နိုင်အောင် ခံစားခဲ့ရသည်။

ဟာ ... ဒါကလည်း တစ်ချိန်တုန်းက သူ ချစ်ခင်မြတ်နိုးခဲ့ဖူးတဲ့ မိန်းကလေးကို မထင်မှတ်ဘဲ ပြန်ဆုံတွေ့တဲ့အချိန်မှာ အရင်က မာနခဲလေးနဲ့ လုံးဝ ပြောင်းလဲသွားတဲ့ သူမလေးရဲ့ ဖြူစင်ရိုးသားတဲ့ စိတ်ဓာတ်ကလေးကို သူ အရမ်းမြတ်နိုးသွားခဲ့ရပါသည်။





အရင်တုန်းက ဆတ်ဆတ်ကြဲစွာတေးလန် မာနခဲလေးကို သူ တိတ်တဆိတ် ကျိတ်ချစ်ခဲ့တုန်းက မထင်မှတ်ဘဲ ညီ့ရဲ့ခံစားချက်ကလေးကို ဦးစားပေးပြီး နောက်ဆုတ်ခဲ့ပြီးမှ ခုနစ်နှစ်ကြာမှ မထင်မှတ်ဘဲ သူမနဲ့ပြန်ဆုံတွေ့ကာ သူ့ရင်ထဲက အနှစ်နှစ်အလလက မျိုသိပ်ထိန်းချုပ်ထားခဲ့ရတဲ့ ခံစားမှုတွေ တစ်ရှိန်ထိုးပေါက်ကွဲသွားခဲ့ရတော့သည်။

ခွင့်လွှတ်ပါ ညီရယ်၊ ကိုကိုနဲ့မခ ချစ်သူဖြစ်သွားတာကို မင်း သိသွားခဲ့ရင် မင်း ဘယ်လိုခံစားရမလဲဟင်။

ကိုကိုရင်ထဲမှာ မချိအောင် ခံစားရတယ် ညီ။ ဒါပေမဲ့ ကိုကို သူ့ကို ဘယ်လိုမှ စွန့်လွှတ်လို့မရအောင် ချစ်သွားခဲ့တာ ခွင့်လွှတ်ပါ ညီရယ်။ ကိုကို့ကို ခွင့်လွှတ်နားလည်ပေးပါကွာ။

မခရဲ့ ရှင်းသန့်တည်ကြည်နေတဲ့ မျက်နှာလှလှလေးကို ငေးကြည့်ရင်း သူ့ရင်ခုန်သံလေးတွေ မြန်ဆန်လာကာ နှလုံးသားတစ်ခုလုံး နွေးထွေးအသက်ဝင်လျက်။

ကားစတီယာရင်ကို ကိုင်ထားတဲ့ သူ့လက်ဖဝါးနုနုကြီးက သူမမျက်နှာကလေးဆီ ဖွဖွကလေး ရောက်ရှိသွားတော့သည်။

သူမက သူ့မျက်နှာကြီးကို ရှက်ဝဲဝဲကလေး မော့ကြည့်လာ



www.burmeseclassic.com

www.burmeseclassic.com

ပြီး ရှက်မျက်စောင်းကလေး ချိတ်လျက် သူ့ပခုံးဆီသို့ ခေါင်းကလေး မှေးထင်လိုက်သောအခါ သူ့နှလုံးသားတစ်ခုလုံး ပွင့်ရင်ခုန်ကာ ထူပူရှိန်းဖိန်းကာ ကယောင်ကတန်း မျက်လုံးကြီးကို ဖိမှိတ်ပစ်လိုက်မိတော့သည်။

"အို ဦးနေသစ်၊ ကားမောင်းနေတာ ဘာလို့မျက်လုံးမှိတ်ရတာလဲ"

"ချစ်လို့"

"ဘုရားရေ"

"ဦးနေသစ်"

"အပွန်း ပွန်း မင်းကို သိပ်ချစ်တယ် ကလေးရယ်၊ မင်းကို သိပ်ချစ်လွန်းလို့ ကိုယ် ရူးသွပ်ခဲ့တာတွေကို မင်းကို နှလုံးသား သာ ခွဲပြီးပြလိုက်ချင်တယ်၊ ဒါ ကိုယ်တို့ ဖူးစာမှန်လို့ ပြန်ဆုံတွေ့ရတာ တကာတဲ မာနခဲလေးက ကျုပ်နဲ့ပြန်ဆုံရတာကိုတောင် အရေးမစိုက်တဲ လှည့်ထွက်သွားလိုက်တာ၊ ဒီက မင်းကို တွေ့ချင်လွန်းလို့ ရူးနေတဲ့လူကြီးတစ်ယောက်က အကြံဉာဏ်တွေနဲ့ တပည့်ကို အနောက်က အလိုက်ခိုင်းလိုက်လို့ အခုလို ချစ်ခွင့်ရခဲ့တာ၊ သိပ်မာနကြီးတဲ့ မိန်းကလေး၊ အမြင်ကတတ်ဖို့ကောင်းတယ်"

ခုနစ်စဉ်ကြယ်စာပေ



"အံ့မယ် … ရှင်ကရော သိပ်မုန်းဖို့ကောင်းအောင် သူများကို ဘာလို့ ရန်တွေ့လွှတ်သလဲ၊ သူ့ကိုယ်သူ သိန်းပေါင်း ထောင်သောင်းချီ ချမ်းသာတဲ့ သူဌေးကြီးဆိုပြီး"

နှုတ်ခမ်းကလေးစူကာ ခပ်ထန်ထန်ဖလေး ရန်တွေ့လာတဲ့ ချစ်သူလေးကို အသည်းယားစွာ ခပ်တင်းတင်း ထွေးဖက်ပစ်လိုက်ပြီး ကားကို လမ်းဘေးမှ ထိုးရပ်ပစ်လိုက်ကာ သူမစကားတွေကို ဒေါသ ဖောင်းသွားရတော့သည်။

"ဟော့ … မင်း စကားကြည့်ပြောနော်၊ ငါ ဘယ်တော့မှ သူဌေးဆိုပြီး မာန်မာန မတက်ဘူး"

"အဟင်း ဟင်း … ယုံစရာပဲ၊ ဒီလောက်မာနကြီးတဲ့ လူကြီးက မာနမတက်ဘူးဆိုတာ"

"ဟော့ … တော်ပြီနော် ကောင်မလေး"

နေသစ်တစ်ယောက် မခစကားလေးကြောင့် စိတ်မကောင်း ဖြစ်သွားပြီး သူမကိုယ်လုံးကလေးကို ခပ်တင်းတင်း ထွေးဖက်ပစ်လိုက်ကာ စကားဆက်ပြောခွင့်မပေးတော့။

တမ်းတခဲ့ရတဲ့နှစ်တွေ လတွေ အတွက် သူမမျက်နှာကလေးကို ချစ်အနမ်းလေး ဝဲလိုက်မိတော့သည်။

ခုနစ်စဉ်ကြယ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ရင်ခုန်သံလေးတွေ ရပ်တန့်ပြီမိသက်သွားမတတ် သူမကိုယ်လုံးကို ခပ်တင်းတင်းကြီး ပွေ့ဖက်ထားလိုက်ရင်းက ရှူးရှူးမှူးမှူး ချစ်ခွန်းလေးတွေ ခြွေချလိုက်ပါသည်။

"ကိုယ့်အချစ်တွေကို ယုံပြီလားဟင်၊ ကိုယ် မင်းကို ဟိုးလွန်ခဲ့တဲ့ ကိုးနှစ်လောက်ကတည်းက သိပ်ချစ်ခဲ့တယ်၊ အဲဒီတုန်းက ကိုယ့်အချစ်တွေကို မင်းမရိပ်မိလို့ နားမလည်ခဲ့လို့ ကိုယ်တို့နှလုံးသားတွေ အနာတရ ဖြစ်ခဲ့တာပါ။ မင်းကို မထင်မှတ်ဘဲ အခုလို ပြန်တွေ့ရတော့ ကိုယ် လက်လွှတ်လုံးဝမပေးတော့ဘူး၊ မင်းကို သိပ်ချစ်တယ် မခရယ်၊ ညီက ခွင့်လွှတ်ကြည်ဖြူပေးရင် လက်ထပ်ကြစို့နော် အချစ်"

"အို ဦးနေသစ်၊ ကျွန်မ ကျွန်မ အသက်ရှူလို့ မရတော့ဘူး လွှတ်ပါဦး"

"ဟာ ... အဟွန်း ကြည့်စမ်း ... အဟွန်း ဟွန်း"

"ဘာရယ်တာလဲ"

"ဟား ဟား ... ရယ်တာတောင် ရယ်ခွင့်မရှိတော့ဘူးလား မိန်းကလေးရဲ့"

"မရှိဘူး မရှိဘူး ရှင်ရယ်တာက"

"ဟား ဟား ... ရယ်ရတယ်ကွာ"





ရင်ခွင်ထဲကနေ အတင်းရုန်းထွက်နေတဲ့ ချစ်သူမျက်နှာလေးကို ရင်ခုန်စွာ ငေးကြည့်ရင်း မျက်နှာကြီးပြုံးယောင်သန်းကာ ရှက်ဝဲဝဲကြီး ခံစားလိုက်ရတော့သည်။

မျက်နှာကြီးတစ်ခုလုံး ထူပူနီရဲသွားတဲ့ အဖြစ်ကြီးကို တဟဲဟဲ ရယ်သွမ်းသွေးလိုက်မိတော့သည်။

"အဟွန်း ဟွန်း"

"အိုး ဘာမှန်းမသိဘူး၊ အရှက်လည်းမရှိဘူး ရယ်နေတာပဲ၊ ကျွန်မမျက်နှာကို ကြည့်ပြီး ဘာလို့ရယ်နေတာလဲ ဦးနေသစ်နော်။ ကျွန်မ ငိုပစ်လိုက်မှာ သိလား"

"ဟော့ ... ငိုတော့မငိုလိုက်နဲ့နော်၊ မှန်ပါလား"

"ဟင် ... ဘာမှန်လဲ"

"ဟာ ... အလိုက်တာကွာ၊ မင်းမျက်နှာမှာ ... အဟွန်း ဟွန်း"

"ဟင် ... ဘာဖြစ်လို့လဲ"

"နှုတ်ခမ်းနီ"

"ဟင်"

နားရွက်ကလေးနီရဲသွားတဲ့အထိ အရှက်ရသွားတဲ့ မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



ရဲရဲလေးကို စိုက်ကြည့်ရင်း ချစ်မြတ်နိုးမဆုံးခံစားလိုက်ရပြီး သူမ မျက်နှာကလေးကို ပင့်မော့လိုက်ကာ တစ်သျှူးလေးနဲ့ ပေးနေတဲ့ နှုတ်ခမ်းနီလေးတွေကို ပွတ်သုတ်ပေးလိုက်ရင်း ပြုံးစိစိ သူမကို စိုက်ကြည့်လိုက်မိသည်။

"ဖယ် . . . ဖယ်တော့ ရပြီ"

"ဘယ်သူ့ကိုပြောတာလဲ"

"မသိဘူး မသိဘူး"

"ဦးနေသစ်နော် . . . ကျွန်မ စိတ်ညစ်လာပြီ"

"စိတ်ညစ်ရင်, လွှတ်ပေးစေချင်ရင် ကိုယ့်ကိုချစ်ပါတယ်လို့ မင်းပါးစပ်ကလေးက, ပြော . . . မပြောရင် မလွှတ်ဘူး"

"မပြောဘူး မပြောဘူး၊ အဟင့် ဟင့် . . . လွှတ်နော်၊ ကိုက်ဆွဲပစ်လိုက်မှာနော်"

"ကိုက်ဆွဲရဲရင်ဆွဲလေ"

"ဦးနေသစ်"

မျက်ရည်လေးတွေ စီးကျလာတဲ့ချစ်သူလေးကို သူ လွှတ်မပေးဘဲ အတင်းအကျပ်ကြီး တောင်းဆိုလိုက်ပါသည်။

"ကိုကိုလို့ခေါ် ချစ်တယ်လို့ပြော"





သူမက မျက်နှာလေးကို ဝှက်ပြီး မျက်ရည်လေးတွေ စီးကျကာ ရှက်မျက်နှာရဲရဲလေးနဲ့ ဆတ်ခနဲမော့ကြည့်လာပြီး သူ့မျက်လုံးတည့်တည့်ကို မကျေမနပ်ကြည့်လာလေသည်။

သူက ရင်တထိတ်ထိတ်နဲ့ သူမပြောလာမယ့်စကားသံလေးကို နားစွင့်နေလိုက်သည်။

"ကိုကို"

"ချစ်တယ်"

စိတ်အချဉ်ပေါက်စွာ သူမ ကျိုးအော်ပစ်လိုက်ကာ မျက်လုံးကလေးတွေကို စုံမှိတ်ပစ်လိုက်မိတော့သည်။

လူကြီးတစ်ယောက်ဖြစ်ပြီး လူကြီးမဆန်လွန်းတဲ့ သူ့အပြုအမူကြီးကို ချစ်ခင်မြတ်နိုးခဲ့ပေမယ့် သူမက ရှက်ရွံ့စွာ တစ်ကိုယ်လုံး ထူပူရှိန်းဖိန်းကာ ရင်ခုန်သံတွေ မြန်ဆန်သွားပါသည်။

"ဟား ဟား . . . ကိုယ့်ချစ်သူလေးကတော့ကွာ အခုမှ ကြွပ်ဆတ်ဆတ် မာကျောတျော ရုပ်ကလေး ပြန်ပေါ်လာပြီ၊ ဟော့ . . . ညည်း အသက်မငယ်တော့ဘူးနော်၊ နှစ်ဆယ့်လေးထဲရောက်နေပြီ၊ ကိုယ့်ကို နွဲ့ဆိုးဆိုးလို့ မရဘူးနော်"

ချစ်သူလေးရဲ့နှုတ်ခမ်းလေးကို ချစ်စနိုးနဲ့ ခပ်ဖွဖွကလေး နမ်းရှိုက်



www.burmeseclassic.com

www.burmeseclassic.com



ပြီး ကားကလေးကို မောင်းထွက်လာခဲ့တော့သည်။

ရင်ထဲမှာ ပျော်ရွှင်ကြည်နူးမှုတွေနဲ့ နွေးထွေးရင်ခုန်ကာ မိန့်မိန့်ကြီးပြုံးလိုက်မိရင်း ကျေကျေနပ်နပ်ကြီး ခံစားလိုက်ရပါသည်။

ဘာပဲဖြစ်ဖြစ် ညီကတော့ သူနဲ့မခ ချစ်သူဖြစ်သွားတာကို ကျေနပ်ကြည်ဖြူလိမ့်မယ်လို့ ယုံကြည်ထားခဲ့သည်။

အရင်ကတည်းက ညီက သူနဲ့မခတို့အကြောင်းကို နားလည် သိရှိထားကာ သူ့ကိုယ်သူ ရှက်ရွံ့သိမ်ငယ်စွာ ခံစားခဲ့ဖူးသေးသည်။

ညီရယ် မင်းကျန်းမာရေး ကောင်းလာမယ့်နေ့မှာ ကိုကို့ကို နားလည်ပေးနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။

ကားပြတင်းအပြင်ဘက်ကို ငေးမောလိုက်ပါလာသည့် မခ မျက်နှာလေးကို နွေးထွေးကြင်နာစွာငေးကြည့်ရင်း သက်ပြင်းမော ကလေး ကျိုတ်ချလိုက်မိသည်။

စိတ်ကောင်းရှိလိုက်တဲ့မိန်းကလေး။ ညီ့ကို ဂရုတစိုက် ဆေးတိုက်လာခဲ့တာ လချီကြာခဲ့ပြီမို့ အခုဆိုရင် ညီက မှတ်ဉာဏ်တွေ တော်တော် တိုးတက်လာတာ လူကောင်းနီးပါး ခံစားသိရှိလာခဲ့ပြီ ဖြစ်သည်။

ချစ်သူလေးရဲ့ ဖြူစင်ရိုးသားတဲ့ စိတ်ဓာတ်ကလေးကို သူ





အမြတ်နိုးဆုံး စွဲမက်ခဲ့ပါသည်။

"ကိုကို"

"ဗျာ"

တိုးဖွဖွကလေး ခေါ်လိုက်တဲ့ ချစ်သူလေးကို ကားမောင်းနေရင်းက အကြင်နာမျက်လုံးတွေနဲ့ စိုက်ကြည့်ပြုံးပြလိုက်မိသည်။

ချစ်သူလေးက သူ့ကို ငူငူငေးငေးလေးကြည့်ပြီး ဘာစကားမှ မပြောဘဲ ငြိမ်သက်နေသဖြင့် သူ့ရင်ထဲ ထိတ်လန့်တကြားဖြစ်သွားရသည်။

"ဟင် . . . ချစ် ဘာဖြစ်လို့လဲ"

"စဉ်းစားနေတာပ၊ ဟန်းသာက ကျွန်မနဲ့ကိုကို့ကို အခုလို အခြေအနေကြီးနဲ့ လက်ခံပါ့မလားလို့၊ ပြီးတော့ သူ စိတ်ဓာတ်ကလေး က နုတယ်၊ သူက အခု အရင်လို လူကောင်းလည်း မဖြစ်သေးဘူး"

"ဘာပဲဖြစ်ဖြစ် ဟန်းသာက ကိုယ် မင်းကို ချစ်နေခဲ့တာ ဟိုးလွန်ခဲ့တဲ့ ကိုးနှစ်လောက်ကတည်းက သိထားခဲ့တာ၊ ဒီကြားထဲ သူက ချစ်ကို ချစ်ခွင့်တောင်းလိုက်တော့ ကိုယ်နဲ့ချစ်တို့ ဘယ်လိုမှ ဆက်စပ်လို့မရ ဖြစ်သွားတာကိုလည်း သူ အရမ်းစိတ်မကောင်းဖြစ်သွား တာလည်းပါတယ်၊ ချစ် ဘာမှ စိတ်မပူနဲ့နော်"



www.burmeseclassic.com

www.burmeseclassic.com



"ပြီးတော့ ကျွန်မစိုးရိမ်နေတာတစ်ခုက ကိုကိုက ကျွန်မကို များ အပျော်ရည်းစားထားတာလားလို့ တစ်ချိန်တုန်းက ကိုကိုက ကျွန်မကို အရမ်းမုန်းခဲ့တယ်လေ၊ ဒီအမုန်းစိတ်တွေက ဘယ်လို ဖျောက်ဖျောက် ခွင့်လွှတ်နိုင်မှာ မဟုတ်ဘူးလို့ ကျွန်မထင်တယ်"

"မင်း ယုံပေမယ့် ကိုယ်မယုံဘူး ကလေးမ"

"ဘာပဲဖြစ်ဖြစ် ကိုကို ကျွန်မကို တကယ်ချစ်တာ ဟုတ် ဟုတ် မဟုတ်ဟုတ် ကျွန်မကတော့ ကိုကို့ကို ဟိုးငယ်ငယ်ကတည်း က ချစ်ခဲ့ရတာမို့ ကိုကိုလှည့်စားသွားလည်း ကျေနပ်ပါတယ် ကိုကို၊ ဘယ်သူ့ကိုလက်ထပ် လက်ထပ် ကျွန်မကျေနပ်ပါတယ်"

"ဟုတ်လား ... ဒါဆို ကိုယ် တခြားမိန်းမတစ်ယောက်ကို လက်ထပ်မယ်လေ၊ ညည်းက ညီ့ကို"

"တော်ပြီ ကိုကို"

သူမရင်ထဲက ဝမ်းနည်းအားငယ်စွာ လှိုက်ဆို့တက်လာသည့် မျက်ရည်ကြည်ကလေးတွေကို ကိုကိုမမြင်အောင် ဆံပင်လေးတွေနဲ့ ဖုံးကွယ်ပစ်လိုက်ရင်း မျက်လုံးလေးတွေ ခပ်တင်းတင်းမှိတ်ပစ်လိုက် မိသည်။

ဟိုးလွန်ခဲ့တဲ့ ကိုးနှစ်လောက်က ကြင်နာနွေးထွေးစွာ ကြည့်ခဲ့





တဲ့ ကိုကို့မျက်ဝန်းတွေက သူမနှလုံးသားလေးကို နွမ်းလျစွာ ရိုက်ခတ် ပျော်ဝင်ခဲ့လေသည်။

ဘာပဲပြောပြော ကိုကို သူမကို တကယ်ချစ်ခင်မြတ်နိုးမှု မရှိဘဲ အငြိုးတစ်ခုနဲ့ ပြန်ပြီး လက်စားချေမယ်ဆိုရင်လည်း ကျွန်မ ကျေနပ်ပါတယ်။

ဒါပေမဲ့ မှန်ရည်ပြီး တည်ကြည်မြင့်မြတ်တဲ့ ကိုကို့မျက်နှာကို ဒီလို လက်စားချေတုံ့ပြန်တတ်တဲ့ လှည့်စားမှုတွေ မရှိဘူးလို့ ကျွန်မ ယုံကြည်ပါတယ်။

သူမ ပခုံးလေးကို နွေးထွေးစွာ သိုင်းဖက်ထားတဲ့ ကိုကို့ လက်မောင်းကြီးကို ပြန်လည်ဖက်တွယ်လိုက်ပြီး ကိုကို့ပခုံးပေါ်သို့ ခေါင်းကလေး မှေးတင်ရင်း ရင်ထဲမှာ ကြည်ကြည်နူးနူးကလေး ခံစားလိုက်ရပါတော့သည်။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

ကုမ္ပဏီအပေါ်ထပ်လှေကားထစ်ကို လှမ်းတက်လာသည့် သူမခြေလှမ်းတွေ တုံ့ခနဲ ရပ်တန့်သွားကာ ကိုကိုနှဲ့ အမျိုးသမီး တစ်ယောက် ရင်းနှီးကျွမ်းဝင်စွာ ရယ်ရယ်မောမော စကားပြောနေတာ ကြီးကို အံ့သြသလိုကြီး ငေးကြည့်လိုက်မိသည်။

တစ်ခါမှ ကိုကို့ကို သူစိမ်းမိန်းကလေးတွေနဲ့ ရင်းရင်းနှီးနှီး ဆက်ဆံခဲ့တာ မမြင်တွေ့ခဲ့ဖူးသည့် သူမမှာ မြင်တွေ့လိုက်ရသည့် မြင်ကွင်းကြောင့် မှုးမေ့မတတ် ကြောင်ငေးသွားရပါသည်။

အမျိုးသမီးက ကိုကို့ကို ဘာတွေပြောပြီး သဘောကျနေ တယ် မသိ။ ကိုကို့လက်မောင်းကိုပါ ဆုပ်ကိုင်နှိတ်ခဲ့လိုက်သေးသည်။





မြတ်စွာဘုရား။ အမျိုးသမီးမျက်လုံးတွေက အရည်ရွှန်းလက် ကာ ကိုကို့ကို မော့ကြည့်နေတာ။ ဒါဆို ကိုကိုဟာ သူမအပြင် ချစ်သူရှိထားခဲ့ပြီပေါ့။

ရိုးသားတည်ကြည်လှပြီလို့ ထင်မှတ်ထားမိတဲ့ လူတစ် ယောက်ရဲ့ သစ္စာမဲ့မှုကို သူမ လျစ်လျူပြုလိုက်ဖို့ ဆုံးဖြတ်လိုက်ပါ သည်။

"နေ ... ရှင် ဆက်ဆက်လာခဲ့ရမယ်နော်"

"အိုကေ ... ကိုယ်လာမှာပါ နဒီ ... စိတ်ချ"

ကုမ္ပဏီအပေါ်ဆုံးထပ် ဧည့်သည်ခန်းမဆောင်ထဲက ဧည့် ခန်းမှာ ကိုကိုနဲ့အမျိုးသမီးတစ်ယောက် ကြည်နူးနေတာကို သူမ ငေးကြည့်ရင်း မျက်ရည်လေးတွေ ဝဲတက်လာခဲ့သည်။

တကယ်တော့ ကိုကို့ဘဝနဲ့ သူမဘဝဟာ ပေါင်းဆုံလို့ မရနိုင်အောင် ကိုကို့ဘဝက အရမ်းကြီးမြင့်မားသွားခဲ့ပြီဖြစ်သည်။

ချစ်တယ်ဆိုတဲ့ နှလုံးသားက ဖြစ်တည်လာတဲ့ခံစားမှုကလေး ကို ဘဝနဲ့ယှဉ်လိုက်ရင် သေးငယ်တဲ့အရာဝတ္ထုကလေး ဖြစ်သွားမှာ ဆိုတာ သူမနားလည်ခံစားလို့ရသွားပါသည်။

အမျိုးသမီးကလည်း ခေတ်ဆန်စွာဖြင့် လှပချောမောသလို



www.burmeseclassic.com

www.burmeseclassic.com



သူမဝတ်ထားတဲ့ လက်မခွံလောက်ရှိတဲ့ တစ်လုံးစိန်နားကပ်ကြီးကို ကြည့်တာနဲ့တင် သူမဟာ ကျိုကျိုတက် ချမ်းသာကြွယ်ဝတဲ့ သူဌေးမ ပဲဆိုတာ မြင်တာနဲ့သိရှိလိုက်ရသည်။

ကိုကိုနဲ့ရှင်ဟာ လိုက်ဖက်ညီပါတယ်။ ကျွန်မနဲ့ကိုကို့ဘဝဟာ အရမ်းကွာခြားသွားပါပြီ။ အခုချိန်မှာ ကိုကိုက ကျွန်မရဲ့အလုပ်ရှင် ကျွန်မက ကိုကို့ရဲ့ ဝန်ထမ်းပေါ့။

"ဘိုင့် ဘိုင် နေ"

ဧည့်ခန်းအဝင်ဝကလေးမှာ ထိတ်ဆိတ်ငေးမောနေတဲ့ သူမ နားထဲသို့ တက်ကြွပျော်မြူးနေတဲ့ ကိုကို့အသံ၊ အမျိုးသမီးအသံတွေ က သူမနှလုံးသားလေးကို နာကျင်စူးရှစွာ ဖွင်းဖောက်ဝင်ရောက်သွား တော့သည်။

ရက်စက်လိုက်တာ ကိုကိုရယ်၊ ဘာဖြစ်လို့ ကျွန်မကို လှည့် စားချင်ရတာလဲ၊ ရှင့်မှာ ချစ်သူရှိရက်သားနဲ့ ကျွန်မကို ဘာဖြစ်လို့ လိမ်ညာလှည့်စားပြီး ချစ်ခဲ့ရတာလဲ။

ကျွန်မနှလုံးသားကို ရှင့်လို အနာတရဖြစ်အောင် ပြုန်ပြီး လက်စားချေဖို့ ရည်ရွယ်ပြီး ကျွန်မကို ချစ်ခဲ့တာမဟုတ်လား။

ကျွန်မနားလည်ပါတယ် ကိုကို။ သူမခြေလှမ်းကလေးတွေ





ဧည့်ခန်းအဝင်ဝမှ ဆောဘက်လမ်းမဆီသို့ ဖြတ်လျှောက်အလာ အခန်း ထဲမှ လှမ်းထွက်လာသည့် အမျိုးသမီးနဲ့ မထင်မှတ်ဘဲ ဖြုန်းခနဲ ဝင်တိုက်လိုက်မိသည်။

"အို"

"အမေ့"

"အိုကွာ . . . မင်း လူတစ်ယောက်လုံး ထွက်လာတာတောင် မမြင်ဘူးလား"

"တောင်းပန်ပါတယ် အစ်မ"

သူမက ကိုကို့မျက်နှာကို ခပ်စိမ်းစိမ်း စိုက်ကြည့်ပြီး ကိုကို့ ရုံးခန်းထဲကို ဆက်သွားဖို့ စိတ်မကူးတော့ဘဲ အောက်ထပ်ဝန်ထမ်း ဆောင် ခန်းမဆီသို့ ပြန်ဆင်းဖို့ ဆုံးဖြတ်လိုက်သည်။

"ဩော် မခ . . . ညည်း ဒီနေ့စောသားပဲ"

"ဟုတ်ကဲ့"

ဟန်ဆောင်ကောင်းလွန်းတဲ့ ကိုကိုနဲ့ စကားဆက်ပြောချင် စိတ် မရှိတော့။ ဒါကြောင့် ပိုက်ဆံများများ ချမ်းသာလာလေလေ ဟန်ဆောင်မှုတွေများလာလေပဲဆိုတာ သူမ နားလည်ယုံကြည်လိုက်မိ တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်ဆို ကိုကိုဟာ သူမကို ချစ်သူဆိုတဲ့အသိနဲ့ ဆက်ဆံခဲ့တာမဟုတ်တဲ့ သူ့ရဲ့လက်အောက်က ဝန်ထမ်းတစ်ယောက်လို ဆက်ဆံခဲ့တာ ရိုးသားမှုမရှိ။

ကျွန်မ ရှင့်အကြောင်းတွေကို ဒီကနေ့ပဲ သိအောင် စုံစမ်းတော့မယ် ကိုကို။ ရှင်ဟာ ချစ်သူနှစ်ယောက်ကို ပြိုင်ထားတဲ့သူတစ်ယောက်ဆိုရင် ကျွန်မ ရှင့်ကို စွန့်လွှတ်မှာပါကိုကို၊ ရှင့်ရဲ့စွန့်ပစ်မှုကို စတင်ပြီး ကျွန်မ မခံဘူးကိုကို။

သူမက အမျိုးသမီးကို မော့မကြည့်ဘဲ တောင်းပန်လိုက်ပြီး ချာခနဲ လှည့်ထွက်လာခဲ့သည်။

သူမလှည့်ထွက်လာတာကို ကိုကိုက ဘာမှ မမေးမြန်းခဲ့။ အဟင်း ဟင်း ... ကိုကိုရယ် ... ရှင်နဲ့ဒီအစ်မဟာ ချစ်သူတွေဆိုရင် ကျွန်မ ဒီကုမ္ပဏီက ချက်ချင်းအလုပ်ထွက်မှာပါ။

အို ... ကျွန်မရင်ထဲမှာ မခံစားနိုင်တော့ဘူး။ ဝမ်းနည်းကြေကွဲစွာဖြင့် တစိမ့်စိမ့် စီးကျလာတဲ့ မျက်ရည်ကလေးတွေကို လက်ဖဝါးနဲ့ ပွတ်သုတ်လိုက်ပြီး အံကိုတင်းတင်းဖိကြိတ်လိုက်မိသည်။

အို ... ငါမငိုဘူး၊ ဘာလို့ငိုရမှာလဲ။ သစ္စာမရှိတဲ့လူ၊ လက်စားချေချင်တဲ့လူ၊ ကိုယ့်ကို တကယ်မချစ်ဘဲ အပြုံးအမျက်နဲ့ လက်စား





ချေတာ၊ ကျွန်မ ရှင့်ကို သိပ်မုန်းတယ် ကိုကို။

အို ... ကျွန်မ မခံစားနိုင်တော့ဘူး။ ကျွန်မ ဘာလုပ်ရမလဲ။ သူမ အတွေးလေးတွေနဲ့တင် ဦးနှောက်တစ်ခုလုံး ချာလည်လည် မူးနောက်သွားရလေသည်။

သူမဘဝနဲ့ ကိုကို့ဘဝဟာ ဖြစ်နိုင်ပါ့မလား။ အခုချိန်မှာ ကိုကိုဟာ သိန်းပေါင်း မြောက်မြားစွာ ချမ်းသာတဲ့ ကုမ္ပဏီပိုင်ရှင် သူဌေးတစ်ယောက်။

သူမက သူသနားလို့ ခန့်အပ်ထားတဲ့ သူ့ရဲ့စက္ကထေရီ။

"အမေ့"

"ဩော် ... ဟဲ့ ဟဲ့ ညီမရယ် ... ငါတစ်ယောက်လုံး အရှေ့က ဝင်လာတာတောင် မမြင်ဘူး။ ငါ့ညီမကတော့ ဘာတွေများ ဒီလောက် တွေးလာရတာလဲ"

ကွန်ပျူတာဝန်ထမ်း အစ်မကြီးရဲ့ ရယ်ရယ်မောမော ပြောလိုက်တဲ့ စကားသံကြားလိုက်ရတော့မှ သူမ ရှက်ကိုးရှက်ကန်း လိုက်ရယ်လိုက်မိပြီး သူမအသိချင်ဆုံးစကားကို မေးဖို့ ဆုံးဖြတ်လိုက်သည်။

ဒီစကားတွေကို မေးလိုက်ရမှ သူမရင်ထဲ ရှင်းသွားမည်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည်။ သူမက အခုမှ ဒီကမ္ဘာကြီးကိုရောက်တာ ခုနစ်လကျော်လောက်ကလေးပဲရှိသေးတော့ ဘာမှ မသိခဲ့ရသေး။

စောစောက ကိုကိုနဲ့ ရွှန်းရွှန်းဝေအောင် စကားပြောနေတဲ့ အမျိုးသမီးဟာ ကိုကို့ချစ်သူများ ဖြစ်ခဲ့ရင်။ မြတ်စွာဘုရား –

"ညီမ ဘာကြည့်နေတာလဲ၊ သူဌေးရုံးခန်းမှာ မရောက်သေးဘူးလား"

"ဟို ရောက်ပါပြီအစ်မ၊ ဟို အစ်မကို မေးစရာလေးရှိလို့ခဏနော်"

"အင်း ... ဘာလဲ မေးလေ ညီမရဲ့"

ဒီစကားကြီး မေးရမှာ သူမရင်ထဲ မဝံ့မရဲကြီး ဖြစ်နေသည်။ ဒါပေမဲ့ မမေးလို့ကလည်း မဖြစ်။ သူမရင်ထဲမှာ ကိုကိုနဲ့ပတ်သက်ပြီး ခံစားခဲ့ရတဲ့ ခံစားမှုတွေက ပူလောင်နေရပြီ။

"ဟို ... မမနုဒီဆိုတဲ့ အစ်မကို သိလားဟင်"

"သြော် ... သိတာပေါ့ ညီမရဲ့၊ တကယ့် ရောမသူဌေးမပဲ၊ တို့သူဌေးနဲ့ မကြာခင်လက်ထပ်တော့မှာလေ၊ အင်း ... ဒီနှစ်ကုန်ဒီဇင်ဘာမှာ သူတို့ လက်ထပ်ကြတော့မှာ၊ သူဌေးနဲ့နုဒီကတော့ တကယ်လိုက်ဖက်ညီတဲ့ စုံတွဲပဲလေ၊ နုဒီက ဩစတြေးလျမှာ စီးပွား





ရေး ထူထောင်ထားတယ်၊ သူဌေးထက်တောင် ချမ်းသာလွန်းတယ်၊ သူဌေးက သူ့တစ်ဝက်လောက်ပဲ ချမ်းသာမယ်ထင်တယ်၊ လောကမှာ အဲဒီလို အရမ်းကံကောင်းတဲ့မိန်းကလေးတွေလည်း ရှိသေးတာပဲနော် ညီမ"

"အဟင်း ... ဟုတ်တယ်နော်၊ သူဌေးနဲ့ အဲဒီအစ်မက တကယ်လိုက်ဖက်ညီတာ၊ သွားတော့မယ်နော် မမ"

ရင်ထဲက ပူလောင်ကြေကွဲမှုတွေကို ဟန်ဆောင်မျိုသိပ်ပြီး သူမ ရယ်မောကာ အပေါ်ထပ်ရုံးခန်းဆီသို့ ပြန်တက်လာခဲ့သည်။

ရုံးခန်းလှေကားထစ်ပေါ်သို့ တစ်လှမ်းချင်းလှမ်းတက်လိုက်တဲ့ သူမခြေလှမ်းတွေ ပျော့ခွေညွတ်ကျသွားကာ မျက်ရည်လေးတွေ တစိမ့်စိမ့် စီးကျလာခဲ့သည်။

ရက်စက်လိုက်တာ ကိုကိုရယ်။ ရှင့်မှာ လက်ထပ်မယ့်ချစ်သူ ရှိနေခဲ့တာတောင် ကျွန်မကိုဘာလို့ အပြုံးနဲ့လှည့်စားချင်ရတာလဲ။ ကျွန်မကို ရှင် လက်စားချေ တုံ့ပြန်ဖို့ ကျွန်မနှလုံးသားကို တိုက်ခိုက်ယူလိုက်တာ မဟုတ်လား။

ဘာပဲဖြစ်ဖြစ် ကျွန်မနှလုံးသားတစ်ခုကို နင်းချေကျော်သွားပြီးမှ ရှင် ပျော်ရွှင်ကျေနပ်မယ်ဆိုရင် ကျွန်မကျေနပ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းနည်းကြေကွဲစွာ စီးကျလာတဲ့ မျက်ရည်ကလေးတွေကိုပဲ ကြိတ်ထိန်းချုပ်ပစ်လိုက်ကာ မာန်မာနဖြင့် မျက်နှာကလေးကို ခပ်ထန်ထန် မော့ပစ်လိုက်ကာ ရုံးခန်းဆီသို့ တစ်လှမ်းချင်း လျှောက်လာခဲ့သည်။

ကျွန်မ ရှင့်ကို ကျောခိုင်းဖို့ ဆုံးဖြတ်လိုက်ပါပြီ။ သူ့ရွှေယောက်ျားတစ်ယောက်က အလိုမရှိတော့လို့ စွန့်ပစ်ခံမိန်းမသာဝအဖြစ်တော့ ကျွန်မ ဘယ်တော့မှ အောက်ကျအရှုံးမပေးဘူး ဦးနေသစ်။

ရုံးခန်းတံခါးဝမှာ တွေတွေကလေးရပ်ပြီး တံခါးခေါက်တဲ့ ခဏအတွင်းမှာပဲ ရုံးခန်းမှန်တံခါး တကျိုကျို ပွင့်ဟသွားပြီး တံခါးဝကို မျက်နှာကြီးလှည့်ကာ သူမကို လှမ်းကြည့်လာတဲ့ ကိုကို့မျက်လုံးတွေကို သူမ ခပ်စိမ်းစိမ်းစိုက်ကြည့်လိုက်ပြီး သူမ အလုပ်စားပွဲကို တန်းလျှောက်သွားလိုက်သည်။

"ညည်း စောစောက ဘယ်သွားတာလဲ"

သူ့စားပွဲမှာ မထိုင်ဘဲ သူမစားပွဲဆီ လျှောက်သွားခဲ့တာမို့ ကိုကိုက မကျေမနပ် မေးလာပြီး သူမ စားပွဲဆီ လျှောက်လာတော့သည်။

သူမရင်တွေ တဒိတ်ဒိတ်ခုန်ကာ သူ့ကို မော့မကြည့်ရဲဘဲ





မျက်လွှာကလေးချကာ အိတ်ထဲကစာအုပ်ကို စားပွဲပေါ်တင်ချပစ်လိုက်မိသည်။

"ဟော့ . . . မေးနေတယ်လေ၊ ညည်း စောစောက ဘယ်သွားနေတာလဲလို့ ငါမေးနေတယ်လေ"

"သန့်စင်ခန်းသွားတာ"

သူက ခပ်ပြတ်ပြတ်ပြောပြီး အလုပ်ထဲ အာရုံစိုက်ဟန်ဆောင်ပစ်လိုက်ကာ စာရင်းစာအုပ်ကြီးကို စတင်လှန်လှောကြည့်လိုက်သည်။ စိတ်ထဲမှာတော့ နာကျင်လွန်းလို့ ရှူးမတတ်ခံစားနေခဲ့ရလေသည်။

ရီဝေဝေမျက်လုံးကြီးတွေနဲ့ ငေးကြည့်လာတဲ့ သူ့အကြည့်တွေ ကို သူမ မသိကျိုးကျွန်ဟန်ဆောင်ကာ လျစ်လျူပြုထားရတဲ့ ခံစားမှုကြီးက နှလုံးသားလေးကို ဆတ်ဆတ်ခါ နာကျင်စေခဲ့သည်။

"ကျွတ် . . . မင်းကို ငါစကားပြောနေတယ်လေ၊ မင်း ဘာကိစ္စ မခန့်လေးစား လုပ်နေရတာလဲ မြင့်မခ"

သူ့ကို မလေးမစားနဲ့ မော့လို့တောင် ကြည့်မလာတဲ့ မြင့်မခကိုကြည့်ပြီး သူ စိတ်တွေ လွတ်ထွက်သွားတော့သည်။ ဒါ တမင်သူ့ကို အရေးမစိုက်ဘူးဆိုတဲ့အကြောင်းပြနေတာပဲ။

ကျွတ် . . . မင်း ငါ့ကို ဒီအချိုးလာချိုးလို့ ဘယ်ရမလဲ မြင့်မခ



www.burmeseclassic.com

ရယ်။

သူ့ရင်ထဲက ချုပ်ထိန်းမျိုသိပ်ထားသည့် ဒေါသတွေက သူမမျက်နှာပေးကြောင့် ပွင့်ထွက်သွားတော့သည်။

သူမရဲ့ ပခုံးလေးနှစ်ဖက်ကို ခပ်တင်းတင်း ဆုပ်ညှစ်ခါယမ်း ပစ်လိုက်ကာ သူမမျက်နှာကို စေ့စေ့စိုက်ကြည့်ပစ်လိုက်မိသည်။

"မင်းက ဒါ ဘာသဘောလဲ၊ ငါ့ကို ပမာမခန့် လုပ်ရအောင် ဟင်"

"အို … ဘာလုပ်လို့လဲ၊ ကျွန်မ ကျွန်မ နေမကောင်းဘူး။ အား ခေါင်းတွေအရမ်းကိုက်နေတာ၊ ရှင် ကျွန်မကို ကိုယ်ချင်းမစာ ဘူး"

"ဟင်"

ညိုးဖျော့နေတဲ့ မခမျက်နှာလေးကို သူ အသေအချာ စိုက်ကြည့်လိုက်တော့ သူမမျက်လုံးလေးတွေက သိသိသာသာကလေး စင်းကျနွမ်းလျနေတာ တွေ့လိုက်ရသဖြင့် သူ့ရင်ထဲ စိုးရိမ်ထိတ်လန့် သွားပါသည်။

"နေမကောင်းဘူး … ဟုတ်လား မှန်းစမ်း"

သူမရဲ့နဖူးပြင်ကလေးကို နွေးထွေးစွာ စမ်းလိုက်မိသည်။





"ဟ … ကိုယ်လည်းမပူပါဘူး။ ခေါင်းကိုက်နေတယ် … ဟုတ်လား၊ ကိုယ် ဆေးပေးမယ်၊ အလုပ်မလုပ်ဘဲ နားနေလိုက်"

"ရပါတယ် … ကျွန်မ အိမ်က ဆေးတွေသောက်လာတယ်၊ ကျွန်မ ခေါင်းတွေ အရမ်းကိုက်နေတယ်၊ ဟို … အိမ်ပြန်ချင်တယ်၊ ရမလားဟင် ကိုကို"

ကိုကို့အရှေ့မှာ မျက်ရည်မကျအောင် သူမ ကြိုးစားထိန်းချုပ် လိုက်ရပါသည်။ နှုတ်ခမ်းသားလေးတွေကို ခပ်တင်းတင်းစေ့ကြိတ် လိုက်ပြီး ကိုကို့မျက်နှာကို ဆွေးမြည့်ကြေကွဲစွာ စိုက်ကြည့်လိုက်သည်။

မထင်ရက်စရာဘဲ။ ဘယ်လိုမှ မထင်ရက်လောက်အောင် ကိုကိုက ချစ်သူကို ချစ်ခင်ယုယစွာ ထွေးပွေ့နှစ်သိမ့်နေတာကို သူမ ငေးငေးလေး စိုက်ကြည့်လိုက်မိကာ မျက်ရည်လေးတွေ ဝိုင်းတက် လာခဲ့တော့သည်။

"အေး … ကိုယ်လိုက်ပို့ပေးမယ်၊ ခဏနားပြီးမှ ပြန်မလား မခ"

"ဟင့်အင်း … အခုပြန်ချင်တယ်"

သူမအသံလေးထဲမှာ ငိုရှိုက်သံကလေး ပါသွားတာကို ကိုကို က မရိပ်မိဘဲ သူမမျက်နှာကလေးဆီ နူးညံ့ကြင်နာသည့် အနမ်း



www.burmeseclassic.com

www.burmeseclassic.com



ကလေးတွေ ပေးအပ်ခဲ့သေးသည်။

ဒီတစ်ခါတော့ သူ့ရဲ့အကြောင်းနာတွေကို သူမရင်ခုန်ကြည်နူးသာယာမှုမရှိတော့။ ရင်ထဲမှာ နွမ်းလျနာကျင်ကြေကွဲသွားပါတော့သည်။ ဒီအကြောင်းနာတွေက သူ့ရဲ့ ဟန်ဆောင်မှုတွေဆိုတာကို သူမနားလည်ယုံကြည်ထားခဲ့သည်။

ဦးနေသစ်ရယ် ... ကိုယ် တကယ် မချစ်မနှစ်သက်ဘဲနဲ့ ဟန်ဆောင်ခြင်းတွေနဲ့ ချစ်ဟန်ဆောင်ပြနိုင်ခဲ့တဲ့ ရှင့်ကို ကျွန်မ ချီးကျူးပါတယ်။

ကျွန်မ ရှင့်ကို ယုံကြည်လိုက်ပါပြီ။ ရှင့်ရင်ထဲမှာ တစ်ချိန်တုန်းက ကျွန်မကိုမုန်းခဲ့တဲ့ အမုန်းတွေ မပြေပျောက်ခဲ့ဘူးဆိုတာ ယုံကြည်လိုက်ပါပြီ။

ကားမောင်းရင်းနဲ့ သူမမျက်နှာဆီသို့ အကြောင်းနာမျက်လုံးတွေနဲ့ ခဏခဏ ငေးစိုက်ကြည့်လာတဲ့ ကိုကို့မျက်လုံးတွေကို သူမက ခပ်ကြာကြာ စိုက်ကြည့်လိုက်ပြီး ငိုချင်စိတ်တွေကို ထိန်းချုပ်ကာ မျက်လုံးတွေကို ခပ်တင်းတင်း ဖိမှိတ်ပစ်လိုက်ပါတော့သည်။

❀ ❀ ❀



## အခန်း (၂၃)

"မခ"

"မခ"

ဟင့်အင်း မကြားချင်ဘူး။ ရှင့်အသံကို လုံးဝမကြားချင်ဘူး။ လူလိမ်လူညာ၊ ရှင်ဟာ ကျွန်မအချစ်တွေကို ဟန်ဆောင်လိမ်ညာပြီး ရယူခဲ့တာ။

ရှင့်ကိုမုန်းတယ်၊ ရှင့်ကို ကျွန်မ သိပ်မုန်းတယ် ဦးနေသစ်"

"မခ"

"သမီး"

"မုန်းတယ်၊ ရှင့်ကိုသိပ်မုန်းတယ်၊ သွား ရှင်ထွက်သွား



www.burmeseclassic.com

www.burmeseclassic.com

ထွက်သွား''

ဗလုံးဗထွေး ထဲအော်လိုက်တဲ့ မခစကားအဆုံး သူ့ရင်ထဲ မွန်းကျပ်ပိတ်ဆို့သွားရပါသည်။ ညှိုးဖျော့နွမ်းလျနေတဲ့ မခမျက်နှာလေးကို ငေးကြည့်ပြီး ဆို့နင့်ကြေကွဲသွားသည်။

တစ်ပတ်လုံးလုံး သူ့ကို လုံးဝအတွေ့မခံဘဲ အခန်းအောင်းနေခဲ့သည့် မခရဲ့အပြုအမူတွေကို ဘာမှန်းမသိခဲ့ပေမယ့် သူမရင်ထဲမှာ သူနဲ့ပတ်သက်ပြီး တစ်ခုခု ခံစားနေရပြီဆိုတာ သိရှိလိုက်ရပါသည်။

အခုချိန်မှာ မထင်မှတ်ဘဲ ကြားလိုက်ရတဲ့ မခရဲ့အမုန်းစကားတွေက သူ့နှလုံးသားတစ်ခုလုံးကို အေးစက်ထုံထိုင်းသွားလေသည်။ အိပ်မက်ထဲမှာတောင် မင်း ငါ့ကိုမုန်းနေတယ်ပေါ့ ဟုတ်လား။ မင်း ဘာဖြစ်လို့ ငါ့ကိုမုန်းတယ်ဆိုတာ ပြောပြစမ်းပါ မခရယ်။

သွေးရောင်လေးတွေ ဖျော့တော့သွားတဲ့ မခရဲ့ နှုတ်ခမ်းလေးတွေဆီ သူ့အကြည့်တို့ ရပ်တန့်ငြိမ်သက် ငေးမောသွားကာ ရင်ခုန်သံတွေ ဆူညံစွာ မြည်ဟည်းသွားတော့သည်။

''မခရယ်''

ခွေးမြည်သံလိုက်လုံ့စွာ ရှေ့တက်လိုက်ပြီး သူမလက်ကလေးကို ခပ်တင်းတင်း ဆွဲကိုင်ထားလိုက်မိသည်။





''အန်တီ ကျွန်တော့်ကို သူ ဘာဖြစ်လို့ အဆက်အသွယ် မလုပ်တာလဲ သိလားဟင်''

''မသိပါဘူး သားရယ်၊ ဒါပေမဲ့ ဒီတစ်ပတ်အတွင်း မင်းညီမ ဘာတွေဖြစ်လာလဲမသိပါဘူး။ မင်းနဲ့ပတ်သက်တဲ့စကားကိုပြောတာ နားမထောင်ဘူး။ မကြိုက်ဘူး၊ မင်းတို့နှစ်ယောက် ဘာဖြစ်ထားကြလဲ လို့ အန်တီတောင်မေးမလို့''

''ကျွန်တော်လည်း ဘာမှ နားမလည်တော့ဘူး အန်တီရယ်''

ခေါင်းကြီးငိုက်စိုက်ချလိုက်ပြီး သူ ကြေကြေကွဲကွဲ ညည်းညူလိုက်မိသည်။

ဒီကောင်မလေး ဘာတွေ စိတ်ရှုပ်ပေါက်သွားတယ်မသိ။ သူ့မှာ ညီတစ်ယောက် လူကောင်းတစ်ယောက်လို ဖြစ်လာတဲ့အချိန် ရောက်ခါမှ၊ ပြီးတော့ ညီ့ကို သူနဲ့မခရဲ့အကြောင်းတွေကို ပြောပြခဲ့ပြီးလို့ ညီ့ရဲ့ခွင့်လွှတ်နားလည်မှုတွေ ရခဲ့ပြီးခါမှ . . .

ဟား . . . ဘာတွေလဲကွာ မခရယ်၊ ငါရူးတော့မယ်၊ ငါ ပေါက်ကွဲမိတော့မယ်ကွာ။

အတွေးတွေနဲ့ ဘာမှစဉ်းစားလို့ မရအောင် ဦးခေါင်းတစ်ခုလုံး ချာလည်လည်သွားတော့သည်။ မင်းလေး ကိုယ့်ကို ဘာဖြစ်လို့


www.burmeseclassic.com

www.burmeseclassic.com



မုန်းရတာလဲ၊ ကိုယ် မင်းအတွက် အကောင်းဆုံးဖြစ်အောင် ဖန်တီးနေခဲ့တယ်ဆိုတာ မင်းနားမလည်တာလား။ နားလည်ရက်နဲ့ ကိုယ့်ကို ဆိုးနွဲ့ခဲ့တာလား။

ဟာ ဒါလည်းမဖြစ်နိုင်ပါဘူး။ သူမစိတ်ထဲမှာ သူနဲ့ပတ်သက်ပြီး တစ်ခုခု ခံစားခဲ့ရပြီဆိုတာကို သူသိရှိခဲ့ပါသည်။

"အင်း မေမေ"

"ဦးနေသစ်"

"ဟင် ... ဒီမှာ ကိုယ်ရှိတယ်၊ ညည်း နိုးလာပြီလား၊ ကောင်းကောင်း သတိရပြီလား မခ"

နူးညံ့နွေးထွေးစွာ ဆုပ်ကိုင်ထားတဲ့ လက်ကလေးကို သူ ခပ်တင်းတင်း ဆုပ်ကိုင်ပြီး သူမမျက်နှာလေးကို ငေးကြည့်ကာ နှစ်သိမ့်အားပေးလိုက်သည်။

အဖျားရှိန်ကြောင့် ရဲရဲနီမြန်းနေတဲ့ သူမမျက်နှာကလေးမှာ အလိုမကျရိပ်ကလေးတွေ ယှက်သန်းသွားပါသည်။ သူ့ကို ခပ်ငေးငေး စိုက်ကြည့်နေတဲ့ မျက်လုံးကလေးတွေက အရောင်ပြောင်းသွားကာ သူ့လက်ထဲက လက်ကလေးကို ဆွဲယူပစ်လိုက်သည်။

သူမရဲ့လုပ်ရပ်ကလေးကြောင့် သူ့ရင်ထဲ တစစ်စစ် နာကျင်





သွားကာ သူမမျက်နှာလေးကို ရီဝေစွာ စိုက်ကြည့်လိုက်မိသည်။ အခုချိန်ထိ ဘာမုန်းမသိဘဲ သူမရဲ့ အမုန်းတွေကို ခါးစည်းခံနေရတဲ့ ကိုယ့်ကိုယ်ကိုယ် ဒေါသဖြစ်သွားကာ လက်သီးကို ခပ်တင်းတင်းဆုပ်ထားလိုက်သည်။

"မခ ဘာလဲကွာ၊ ကိုယ့်ကို အဲဒီလို မဆက်ဆံနဲ့၊ ကိုယ် မကြိုက်ဘူး။ မင်းဘာဖြစ်နေတာလဲ၊ ဖြစ်နေတာကို ကိုယ့်ကို ပြောပြပါကွာ၊ အခုတော့ နေမကောင်းတာတောင် ကျိတ်မှိတ်မျိုသိပ်မယ့် မိန်းကလေးမျိုးပေါ့ ... ဟုတ်လား။ သိပ်ပြီး သတ္တိတွေ ရှိနေတယ်ပေါ့လေ"

"သားနဲ့သမီး အေးအေးဆေးဆေး စကားပြောကြဦး။ မေမေ ဈေးသွားလိုက်ဦးမယ်"

အန်တီက အလိုက်တသိ ရှောင်ထွက်သွားတော့မှ သူ့စိတ်ထဲ မျိုသိပ်ထားသည့် ခံစားချက်တွေ ပေါက်ကွဲသွားတော့သည်။

လဲလျောင်းအိပ်စက်နေသည့် မခကိုယ်လုံးကလေးကို ဆတ်ခနဲ ဆွဲထူပစ်လိုက်ပြီး သူနဲ့မျက်နှာချင်းဆိုင်ကာ သူမမျက်လုံးလေးတွေကို တည့်တည့်မတ်မတ် စိုက်ကြည့်ပစ်လိုက်သည်။

သူမကလည်း အခဲမကျေစွာ မျက်လုံးကလေးတွေ မရှိဘဲ



www.burmeseclassic.com

www.burmeseclassic.com



ဘဲ သူ့ကို စိုက်ကြည့်လျက် နှုတ်ခမ်းသားလေးတွေကို ဖိကိုက်ပစ်လိုက်လေသည်။

"ရှင်ထွက်သွား ဦးနေသစ်၊ ကျွန်မ ရှင့်ကို သိပ်မုန်းတယ်၊ ရှင် ဘာမှ ကျွန်မကို ဖြေရှင်းစရာမလိုဘူး"

"ဟာ မခ မင်းလွန်ပြီနော်၊ မင်း ကျွတ် နေမကောင်းနေတဲ့ သူမို့လို့ ငါသည်းခံနေတာနော်၊ ဘာလဲ မင်းက ငါ့ကိုနှင်ထုတ်ရအောင် မင်းရူးနေသလားဟင်၊ အမိပွာယ်မရှိကွာ၊ လူကိုလာပြီးရမ်းနေတာ"

"ဒါပေမဲ့ ကျွန်မကတော့ ရှင့်ကို လမ်းခွဲပစ်လိုက်ပြီ၊ ရှင့်အလုပ်က ကျွန်မထွက်တယ်၊ ရှင်နဲ့ကျွန်မ ဘာမှမဆိုင်တော့ဘူး"

"ဟာ မှခ ... မင်းနော်၊ မင်း ဒါ ဘာဖြစ်နေတာလဲကွ၊ ငါ့ကို အကျိုးအကြောင်းရှင်းပြစမ်း၊ မင်း ငါ့ကို အကြောင်းမဲ့ကြီး အပြစ်ရှာနေတာ ကောင်းသလားကွ၊ မင်း ဘာဖြစ်နေသလဲ၊ ကိုယ့်ကို ပြောပြပေါ့ မခရယ်၊ မင်းနဲ့ငါနဲ့က မကြာခင် လက်ထပ်ကြတော့မယ့် ချစ်သူတွေလေ၊ ညီကလည်း ကိုယ့်ကိုနားလည်တယ်၊ ကိုယ်တို့ အားလုံး အစစအရာရာ အဆင်ပြေမယ့် အချိန်ရောက်မှ ဘာဖြစ်ရတာလဲကွာ"

မျက်မှောင်ကြီးတွန့်ကာ သူမမျက်နှာလေးကို စိတ်ရှုပ်ထွေး





စွာ စိုက်ကြည့်လာတဲ့ သူ့မျက်နှာကြီးကိုကြည့်ပြီး သူမ ဘာပြန်ပြောရမှန်း မသိအောင် ဆို့နင့်သွားရသည်။

ဒီစကားတွေဟာ သူ့ရင်ထဲက စကားအမှန်တွေလား၊ ဒါဆို ဟိုအမျိုးသမီးနဲ့ ကိုကိုဟာ လက်ထပ်မယ့်ချစ်သူတွေ မဟုတ်ဘူးပေါ့။

သူမရင်ထဲက ခံစားမှုလေးတွေ ပြေလျော့သွားသလိုကြီး ခံစားလိုက်ရပြီး ကိုကို့မျက်နှာကြီးကို ခပ်ငေးငေးလေး စိုက်ကြည့်ကာ ရင်ခုန်သံလေးတွေ မြန်ဆန်သွားပါသည်။

"ဟင် အချစ် ... မင်း ဘာတွေဖြစ်နေလဲ၊ ကိုယ့်ကို အထင်မှားနေတာ မဟုတ်လား"

ဟင့်အင်း ... ကျွန်မ ရှင့်ကို မယုံကြည်ဘူးကိုကို။ ရှင် ကျွန်မကို လှည့်စားနေတာ။ သူမ ကိုကို့မျက်နှာချောချောကြီးကို ငေးကြည့်ရင်း ဝမ်းနည်းကြေကွဲစွာ မျက်ရည်များ စီးကျလာသည်။

"ချစ်ရယ် ... ဘာတွေ ကျိတ်ပြီးခံစားရတာလဲကွာ၊ ကိုယ့်ကို ပြောစမ်းပါ၊ ကြည့်စမ်းကွာ ... သက်သက် ကိုယ့်ကိုယ်ကိုယ် ညှဉ်းဆဲနေတယ်၊ တိတ်ကွာ ... မျက်ရည်တွေ သုတ်ပစ်လိုက်ကွာ၊ ခေါင်းကိုက်နေဦးမယ်၊ အခုမှ ကိုယ်ပူကျရုံရှိသေးတယ်၊ ထပ်ဖျားနေဦးမယ်"

ရင်ခွင်ထဲမှာ မျက်နှာကလေးဝှက်ပြီး ကျိတ်ငိုရှိုက်နေတဲ့



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူလေးကို ကြင်နာစွာ ထွေးပွေ့နှစ်သိမ့်လိုက်သည်။ တကယ်လည်း သူ့ကိုမပြတ်ဘဲ ဟန်ဆောင်ကောင်းစွာ အမုန်းစကားတွေ ပြောလာတဲ့ ချစ်သူလေးရဲ့ နှလုံးသားနုနုလေးကို ကိုယ်ချင်းစာနားလည်ပေးမိသည်။

"ဟင် ... ဘယ်သူက အချစ်ကို ဘာတွေပြောလို့လဲ၊ ကိုယ်တို့ ချစ်သူနှစ်ယောက်ကြားမှာ ဘယ်သူ ခလောက်ဆန် ဝင်လုပ်ခဲ့တာလဲ၊ ကိုယ်နားလည်တယ်၊ ညည်း ဘာတွေ ခံစားနေရတယ်ဆိုတာ ကိုယ်နားလည်တယ်"

"ဦးနေသစ်"

"သူစိမ်းဆန်တဲ့ အခေါ်အဝေါ်ကြီး မခေါ်စမ်းပါနဲ့ကွာ၊ ကိုယ်နားခါးတယ်"

နေသစ်တစ်ယောက် စိတ်ညစ်ညူးစွာ ချစ်သူလေးကို ငုံ့ကြည့်ပြီး သက်ပြင်းမောကြီးချလိုက်မိပါသည်။ ရင်ခွင်ထဲမှာ မျက်နှာလေး ဝှက်ပြီး ကျိတ်ရှိုက်နေတဲ့ ချစ်သူလေးရဲ့ မျက်နှာလေးကို ဆွဲယူမော့ပစ်လိုက်ကာ နွမ်းလျနေတဲ့ချစ်သူလေးကို သနားကြင်နာသွားရပါသည်။

အချစ်ရယ် မင်းကို ကိုယ်ဘယ်လောက် ချစ်တယ်ဆိုတာ





မင်းအခုထိ မယုံသေးဘူးလား။ ကိုယ် မင်းကို သိပ်ချစ်ခဲ့ရလို့ ရူးတော့မယ်။

မျက်ရည်လေးတွေ စီးကျနေတဲ့ ချစ်သူမျက်နှာလေးကို ကြင်နာစွာ ခပ်ဖွဖွကလေး နမ်းရှိုက်ပြီး ခပ်တင်းတင်းကလေး ပွေ့ဖက်ထားလိုက်မိသည်။

"ကိုယ့်ကို ဘာလို့ ဒီလောက်မယုံ ဖြစ်နေရတာလဲဟင်၊ ကိုယ် မင်းကို သိပ်ချစ်တာကို ဘာလို့မယုံချင်ရတာလဲ မိန်းကလေးရယ်"

"ဦးနေသစ် ကျွန်မကို လှည့်စားနေတာတော့ မဟုတ်ပါဘူးနော်၊ ကျွန်မ စိတ်ထဲမှာ"

"တော်ပြီကွာ ... ကိုယ်စိတ်ဆိုးလာပြီ"

"ဟင့်အင်း ... ကျွန်မစိတ်ထဲမှာ ရှင်းရှင်းလင်းလင်း သိချင်တယ်"

"ဘာလဲ ... ကဲ ပြော ... ညည်း ကျုပ်ကို နဲဒီနဲ့ အထင်မှားနေတာ မဟုတ်လား၊ ကောင်မလေးတစ်ယောက် သနားပါတယ်ကွာ၊ အဟား ဟား ... ဘာမသိ ညာမသိနဲ့ အညာခံလိုက်ရပြီ"

"ဟင် ... ဒါဆို တကယ်မဟုတ်ဘူးပေါ့၊ ကိုကိုနဲ့ အဲဒီအင်းမ



www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်တော့မယ်ဆို၊ တကယ်မဟုတ်ဘူးလား''

''အဟွန်း ဟွန်း ... အလိုက်တဲ့ အေမလေးရဲ့၊ ငါက သူနဲ့ လက်ထပ်မှ အစောကြီးကတည်းက လက်ထပ်ပြီးနေပြီ ... သိလား။ ညည်းကို ငါက အသက်သုံးဆယ့်လေးလောက်အထိ စောင့်နေပါဦး မလားကွ''

''ဟင်''

မျက်လုံးဝိုင်းဝိုင်းကလေးတွေ တလည်လည်နဲ့ မယုံကြည် နိုင်သေးစွာ မော့ကြည့်လာတဲ့ ချစ်သူလေးကို ချစ်မြတ်နိုးမဆုံး ချစ်သွားကာ သွယ်လှလှကိုယ်လုံးကလေးကို ခပ်တင်းတင်းကြီး ထွေး ဖက်ပစ်လိုက်မိတော့သည်။

''ဟင် ... ကိုကိုနော်၊ ကျွန်မ ရှင့်ကို မကြည်ဖြူဘူးနော်''

''အဟွန်း ဟွန်း ... မကြည်လည်း ကိုယ်က ချစ်ခွင့်ရှိတယ် နော်၊ ကိုယ်တို့က မကြာခင် လက်ထပ်ကြတော့မယ့် ဖနီးမောင်နှံ လောင်းတွေပဲ''

''ကိုကိုနော်''

''ဟင် ... ဘာလဲ''

''မဆိုးနဲ့ကွာ၊ ကျွန်မကို လွှတ်ပေးတော့၊ ကျွန်မ ခေါင်းတွေ





အရမ်းမူးလာပြီ''

''နောက် ကိုယ့်ကို ဘာမှမမေးမြန်းဘဲ တစ်ယောက်တည်း ထင်ရာစိုင်းဦးမလား''

''စိုင်းမှာပဲ ... ရှင်ပြောတိုင်း ယုံရမှာလား။ အခုထိ မယုံ''

''တကယ်မယုံဘူးပေါ့ ဟုတ်လား''

အခုထိ သူ့ကို အယုံအကြည်ကင်းမဲ့နေသေးသည့် ချစ်သူ လေးကို စကားဆက်ခွင့်မပေးတော့။ ဘာမှန်းမသိဘဲ စိတ်ကောက် စိတ်ဆိုးနေတဲ့ ချစ်သူလေးကို ချစ်မြတ်နိုးစွာ ခပ်တင်းတင်းကြီး ထွေးဖက်ထားလိုက်ပြီး ချစ်အနမ်းပွင့်ကလေးတွေ ခြွေချလိုက်ပါသည်။

''အဟွန်း ဟွန်း''

''အိုး ... ဘာရယ်တာလဲ၊ ဦးနေသစ်နော် ကျွန်မ ရှင့်ကို မယုံဘူး ... ဖယ်''

''ဘာကိုမယုံတာလဲ''

''ရှင် ကျွန်မကို ရှင့်ညီနဲ့ပတ်သက်ပြီး ငြူးနေမှာပဲ''

''အဟား ဟား ကောင်မလေးနော်၊ မင်း ကျုပ်ကို အသည်း ယားအောင် သိပ်မပြောနဲ့၊ ဟော့ မင်း ကျုပ်ကို ဒီလောက် အယုံ အကြည်ကင်းရင်လည်း ဒီနေ့ မင်းကိုလက်ထပ်မယ် ဟုတ်ပြီလား''



www.burmeseclassic.com

www.burmeseclassic.com



မျက်စောင်းကလေး ခပ်ဝဲဝဲချိတ်ပြီး ခပ်စူစူ နှုတ်ခမ်းကလေးနဲ့ ဆိုးနွဲ့နေတဲ့ ချစ်သူကလေးကို ချစ်ကြင်နာမဆုံး ထွေးဖက်ထားလိုက်ရင်း နွေးထွေးတဲ့မိသားစုဘဝကလေးကို တည်ဆောက်ဖို့ ဆုံးဖြတ်ချက်ကလေးနဲ့ ရင်ခုန်သံလေးတွေ မြန်ဆန်သွားပါတော့သည်။

ခုနစ်နှစ်လုံးလုံးကြီး တမ်းတခဲ့ရသည့် ချစ်ရသူကလေးကို ညီနဲ့ပတ်သက်ပြီး အငြိုးအမျက်တွေ ထားခဲ့မိတဲ့ သူ့ကိုယ်သူ မုန်းတီးသလိုကြီးခံစားလိုက်ရသည်။

ညီရဲ့ဖွင့်ဟဝန်ခံစကားတွေကြောင့် သူ ပိုပြီး သူမလေးကို ချစ်ကြင်မြတ်နိုးသွားပါသည်။

ရင်ခွင်ထဲမှာ သူ့ကို ခပ်ငေးငေးလေး မော့ကြည့်လာတဲ့ ချစ်သူလေးကို နူးညံ့စွာ ပြုံးပြလိုက်ကာ ချစ်သူလေးရဲ့ပါးပြင်လေးကို နွေးထွေးစွာ ချော့မော့ပွတ်သပ်ပေးလိုက်သည်။

"အချစ်၊ ညီက ကိုယ် မင်းကို ချစ်နေတာ ဟိုးလွန်ခဲ့တဲ့ ကိုးနှစ်လောက်ကတည်းက ချစ်နေတာတွေအားလုံး သူပြန်မှတ်မိပြီ။ အချစ်ရဲ့ကျေးဇူးကြောင့် ညီ လူကောင်းတစ်ယောက် ပြန်ဖြစ်လာရတာ ကိုယ်တော့ ဘယ်လိုဝမ်းသာမှန်းမသိဘူး ချစ်ရယ်၊ ချစ်ရောဟင် မပျော်ဘူးလား"





လှိုက်လှိုက်လှဲလှဲ ပျော်ရွှင်ကြည်နူးစွာဆိုလာတဲ့ ကိုကို့မျက်နှာကြီးကို ငေးကြည့်ရင်း သူမရင်ထဲကအပူတွေ လွင့်စဉ်ပျောက်ကွယ်သွားကာ နွေးထွေးပျော်ရွှင်သွားပါတော့သည်။

တကယ်တော့ ဘာမဟုတ်တဲ့ကိစ္စနဲ့ သူမ ကိုကို့ကို အထင်မှားပြီး ကိုယ့်ကိုယ်ကိုယ် ဒဏ်ခတ်လိုက်သလိုကြီး ဖြစ်သွားရလေသည်။

အခုတော့ ကိုကို့ရဲ့ ကြည်နူးပျော်ရွှင်နေတဲ့ မျက်နှာချောချောကြီးကို မြင်တွေ့လိုက်ရတော့မှ သူမ ကိုကို့ကို အကြင်းမဲ့ပုံကြည်လိုက်မိပါတော့သည်။

"ဟင် အချစ် . . . ညီ အခုလို ပြန်ကောင်းလာတာကို မပျော်ဘူးလားဟင်"

"ပျော်တာပေါ့ ကိုကိုရယ်၊ သူ သတိရလာပြီဆိုတော့ အရင်တုန်းက ကျွန်မတို့အကြောင်းတွေကို ဘာပြန်ပြောသေးလဲဟင်"

"အဟွန်း . . . သူက ကိုယ့်ကို ဝန်ခံတယ်၊ ကိုယ်သိပ်ချစ်ခဲ့တဲ့ မိန်းမကို သူက တစ်ဖက်သတ်လိုက်ချစ်မိလို့ ဘုရားက သူ့ကို အခုလိုဖြစ်အောင် ဆုံးမလိုက်တာတဲ့ကွာ၊ ကိုယ်တို့ကို အမြန်ဆုံး လက်ထပ်ပါတဲ့ကွာ၊ ညီက တူတွေ့တူမတွေ ချီချင်ပြီတဲ့ကွာ . . အဟွန်း ဟွန်း"

"ကိုကိုနော်"

www.burmeseclassic.com



"ရော် ... တကယ်ပြောတာ"

"သွားပါ ... ခုနစ်နှစ်လုံးလုံးကြီး ပစ်ထားတာ တွေးမိရင် သိပ်မုန်းတာပဲ သိလား။ မသိရင်ခက်မယ်၊ ဒီကြားထဲ မထင်မှတ်ဘဲ ကျွန်မနဲ့ပြန်ဆုံလို့ ဟိုအစ်မကို လက်မထပ်တာ မဟုတ်လား။ ကျွန်မနဲ့ မတွေ့ရင် အဲဒီ မမနဒီကို လက်ထပ်ဖို့ ဆုံးဖြတ်ပြီးသားမဟုတ်လား"

"ဟဲ ဟဲ ... လူပျိုကြီးတစ်ကိုယ်တည်းနေရတာ ငြီးငွေ့သွားရင် ချစ်ကို မြန်မာပြည်အနှံ့ လိုက်ရှာလို့ မတွေ့တော့ဘူးဆိုရင်တော့လည်း နီးစပ်ရာလေး ကပ်ထားရမှာပေါ့"

"သွား သွား ... အဲဒါကြောင့် ရှင်တို့ယောကျ်ားတွေကို မုန်းတာ၊ ကြုံရာကို လှေကြုံစီးချင်ကြတဲ့လူစားတွေ"

"အဟား ဟား ... အလကား စတာပါကွ၊ မခလေးရ"

ငိုမဲ့မဲ့ မျက်နှာလေးနဲ့ သူ့ရင်ခွင်ထဲမှ အတင်းရုန်းထွက်နေတဲ့ ချစ်သူလေးကို ခပ်တင်းတင်းကလေး ဆွဲဖက်ပစ်လိုက်ပြီး အနမ်းမူးမူး ကလေးတွေ ခြွေချလိုက်မိပါတော့သည်။

မျက်ရည်ကလေးတွေ စီးကျလာတဲ့အထိ ဝမ်းနည်းအားငယ်သွားတဲ့ မခမျက်နှာကလေးဆီ သူ့မျက်နှာကြီးနဲ့ ထိအပ်ပြီး ချော့မော့ နှစ်သိမ့်လိုက်သည်။

ခုနစ်စဉ်ကြယ်စာပေ



"အချစ်ရယ် ကြည့်စမ်း ... ကလေးဆန်လိုက်တာ၊ ဒါ ငိုစရာလား။ ကိုယ်က ချစ်လို့ သက်သက်စတာကိုကွာ၊ တိတ်တော့နော် ကလေးမ၊ အခုချိန်ကစပြီး မင်း ဘာမှ အားငယ်စရာတွေ မတွေးရတော့ဘူး၊ နဒီကို ကိုယ် ယောင်လို့တောင် စိတ်မကူးမိပါဘူးကွာ၊ ကိုယ့်ရင်ထဲမှာ မင်းတစ်ယောက်တည်းပဲ ချစ်ခဲ့တာပါကွာ၊ အချစ်နဲ့ ရေစက်မပါလို့ ပြန်မဆုံခဲ့ရင်လည်း ကိုယ်က လူပျိုကြီးဘဝနဲ့ အရိုးထုတ်သွားမယ်ဆိုတာ ယုံလိုက်နော် အချစ်၊ အခုတော့ ကိုယ့်ဘေးမှာ နတ်သမီးကလေးရှိနေပြီဆိုတော့ လူပျိုကြီး ဝဋ်ကျွတ်ပြီပေါ့ကွာ၊ ကိုယ်တို့ သာယာပျော်ရွှင်တဲ့ မိသားစုဘဝကို ထူထောင်ကြစို့နော် အချစ်"

"ကိုကို"

"ဗျာ"

"ကျွန်မ ဟိုးငယ်ငယ်ကလေးတည်းက ကိုကိုတစ်ယောက်ကလွဲပြီး ဘယ်သူ့ကိုမှ မချစ်ခဲ့ဖူးဘူးဆိုတာ ယုံလားဟင်"

"ယုံတာပေါ့ အချစ်ရယ်၊ မင်း ကိုယ့်ကို ဘယ်လောက်ချစ်တယ်ဆိုတာ ကိုယ့်နှလုံးသားက ကြားနေရပါတယ်။ ကိုယ့်နှလုံးသားက စကားကို အချစ်ရော ကြားနေရလားဟင်"

ခုနစ်စဉ်ကြယ်စာပေ

www.burmeseclassic.com



"အဟင်း . . . ကြားနေရတယ်"

"ဘာတဲ့လဲ"

"အဟင်း . . . ငယ်ချစ်ဦးလေးရောက်လာလို့ ကြီးချစ်ကြီးဖြစ်တဲ့ နဒီကို လက်မထပ်ရတော့ဘူးတဲ့လေ"

"ဟာ တော်တော်ဆိုးတဲ့ကလေးပဲကွာ၊ ငါ့အသည်းနှလုံးကို သိပ်ကလိချင်တဲ့ မိန်းကလေး မင်း"

"အို ကိုကို . . . မေမေ မေမေ ပြန်လာတော့မယ်"

"ပြန်လာတော့ ပိုကောင်းတာပေါ့ကွ၊ ဒါမှ . . . မင်္ဂလာဦး ဖြစ်သွားမှာ သိလား"

နေသစ်ရင်ထဲက နှလုံးသားတစ်ခုလုံး နွေးထွေးရှိန်းမြတုန်ယင်သွားသလို မခနှလုံးသားလေးတွေလည်း နွေးထွေးချိုမြိန်စွာ ခံစားလိုက်ရပါသည်။

တိတ်ဆိတ်အေးမြတဲ့ အခန်းကလေးထဲမှာ ချစ်သူနှစ်ဦး ကြည်နူးပျော်ရွှင်စွာ ခပ်ကြမ်းကြမ်း ရင်ခုန်သွားရတဲ့ ခံစားမှုတွေကို ချစ်သူနှစ်ဦးနဲ့အတူ အေးမြနုသစ်တဲ့ လေပြည်ကလေးတွေကလည်း ခံစားသက်ဝင် ရင်ခုန်သွားကြလေတော့သည်။

ရှင်မီထယ်

BURMESE CLASSIC .com

www.burmeseclassic.com